


မိုးကျော်သူ
ဓားရယ်ပါမြင်းရယ်
မိန်းကလေးရယ်
ပထမပိုင်း

# မိုးကျော်သူ

## စားရယ် မြင်းရယ် မိန်းကလေးရယ်

ပထမပိုင်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၅၂၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၅၆၀၆၀၈

၂၀၀၈ - ခုနှစ်

ပထမအကြိမ် - အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀၀/- ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
9-H နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးဝင်းကျော်မိုး မံ့ရွှေပုံနှိပ်တိုက်
အမှတ် ၁၄၀၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## နွေဦး

နွေဦးရာသီဖြစ်၍ ကျန်းနန်ပြည်နယ်ရှိဟန်ကျူးမြို့သည် ပန်းမန်များဝေဝေဆာဆာဖူးပွင့်နေ၏။

ထို့ကြောင့် ....

ဟန်ကျူးမြို့အား ပန်းမြို့တော်ဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်လေသည်။

ပန်းမြို့တော်သို့ရောက်လာကြသောဧည့်သည်များသည် အနောက်ရေကန်ခေါ် စီးဝူသို့မရောက်ပါက တစ်ခေတ်နောက်ကျသည်ဟုဆိုစမှတ်ရှိလေသည်။

သို့ဖြစ်ရာ ....

တစ်နှစ်ပတ်လုံး ရေခဲများဖုံးလွှမ်းနေသောမြောက်ပိုင်းဒေသမှ ဤမျှသာယာလှပသောပန်းမြို့တော်သို့ရောက်လာသောထွန်းယို့သည် အနောက်ရေကန်ခေါ်စီးဝူသို့ရောက်ရှိလာခြင်းဖြစ်၏။

သူသည် အသက်အားဖြင့် ၁၉–နှစ်တင်းတင်းပြည့်ပြီဖြစ်သောလုလင်တစ်ဦးဖြစ်သည်။

ခန့်ညားသောမျက်နှာ ....

တောင့်တင်းကြံ့ခိုင်သောကိုယ်လုံး ....

ထွားကျိုင်းသောမြောက်ပိုင်းမြင်းညိုတစ်ကောင်စီးလျက် ...

ရေကန်နံဘေးမှမြေနီလမ်းအတိုင်း ကြည်နူးဖွယ်ရာ ရှုခင်းများအားငေးမောကြည့်ရှုရင်း ရေကန်တစ်ဖက်ရှိ တံတားလေး ပေါ်သို့ဦးတည်သွားနေလေသည်။

လေနုကလေးသည် ပန်းမန်များ၏ရနံ့များကိုသယ်ဆောင်ကာ ရေကန်သာပေါ်မှဖြတ်၍ တစ်နေရာမှတစ်နေရာသို့ ပျံ့လွင့်သွားလေသည်။

ပြာလဲ့လဲ့ရေကန်သာသည် လေနုအေး၏တိုက်ခတ်မှုကြောင့် ရေမျက်နှာပြင်တစ်ခုလုံးသည် အရစ်လိုက်အကွင်းလိုက်ဖြင့် တွန့်လူးလှုပ်ရှားသွားလေ၏။

လုလင်သည် မြင်း၏ဇက်ကြိုးအား `လျှော့ချထားလိုက်၏။

မြင်းညိုသည် ခြေလှမ်းနှေးနှေးဖြင့် တံတားပေါ်သို့ ဖြတ်တက်သွားသည်။ မျက်နှာချင်းဆိုင်မှတိုက်ခတ်လာသော လေနုအေးလေးကြောင့် သူ၏အစိမ်းရောင်ပိုးအင်္ကျီသည် အပေါ်သို့ အနည်းငယ်လန်သွားလေသည်။



ယင်းအစိမ်းရောင် ပိုးအင်္ကျီ၏အတွင်း၌ အသစ်စက်စက် ငွေလွဲလက်မှတ်တစ်ထပ်ရှိနေ၏။ ငွေအလုံအလောက်ရှိကြသော လူများသည် အများအားဖြင့်ပျော်ရွှင်မှုရှိတတ်ကြပါသည်။

ထို့ကြောင့် ထွန်းယို့သည်ပျော်မြူးနေလေသည်။

* * *

ပျော်ရွှင်မှုရှိသောလူများသည် အရာခပ်သိမ်း စိတ်ညစ်စရာမရှိဟုမဆိုလိုပါ။

အနည်းဆုံး စိတ်စနောင့်စနင်းဖြစ်စရာ တစ်ခုမဟုတ်တစ်ခုတော့ ရှိတတ်ကြစမြဲဖြစ်ပါသည်။

ထို့ကြောင့် ....

ထွန်းယို့တွင် စိတ်စနောင့်စနင်းတစ်ခုတော့ရှိနေပါသည်။

စည်းကမ်းအလွန်ကြီးသည်ဟု ကျော်ကြားသော မြို့စားကြီးထွန်းဟွီးဟင်တို့ဇနီးမောင်နှံသည် သူတို့၏တစ်ဦးတည်းသောသားဖြစ်သူထွန်းယို့အား ....

အကြောင်းမရှိလျှင် ဤမျှဝေးလံသော တောင်ပိုင်းနယ်သို့ စေလွှတ်မည်မဟုတ်ပါ။ ထို့ကြောင့် ထွန်းယို့ ယခုကဲ့သို့ ကျန်းနန်နယ်သို့ရောက်လာခြင်းမှာ အကြောင်းရှိ၏။

ယင်းအကြောင်းမှာ ....

သူသည် ဖခင်၏မိတ်ဆွေကျူးခွမ်းမွေးနေ့အမီ သွားရောက်ရန်ဖြစ်ပါသည်။

ပုလဲကျေးရွာမှ ကျော်ကြားသောသိုင်းဆရာကျူးခွမ်းသည် ထွန်းယို့၏ဖခင်နှင့် ငယ်သူငယ်ချင်းများဖြစ်ကြ၏။

ထို့ကြောင့် ... ယင်းမွေးနေ့အမီ ထွန်းယို့အား မိမိတို့ဘိုးဘွားအမွေအနှစ်တစ်ခုဖြစ်သောကျောက်စိမ်းဓားအား မွေးနေ့လက်ဆောင်အဖြစ်သွားရောက်ပို့ပေးရန်ပင်ဖြစ်ပါသည်။

ထို့ပြင် ....

ထွန်းယို့၌ တခြားတာဝန်တစ်ခုကလည်း ပူးတွဲပါရှိလာသေးသည်။ ယင်းတာဝန်ကြောင့်လည်း ထွန်းယို့အား စိတ်စနောင့်စနင်းဖြစ်စေခဲ့လေသည်။

အခြားမဟုတ်ပါ။

သူ၏ပူးတွဲတာဝန်ကား ....

သိုင်းဆရာကြီးကျူးခွမ်း၏သမီးရတနာကို တစ်ပါတည်းခေါ်ဆောင်လာရမည့်တာဝန်ပင်ဖြစ်၏။

သိုင်းဆရာကြီးကျူးခွမ်းသည် သမီးရတနာတစ်ဦးတည်းသာထွန်းကားခဲ့သည်။

သူမ၏နာမည်မှာပုလဲဖြစ်လေသည်။



အသက် ၁၇–နှစ်မျှသာရှိသေးသော်လည်း ....

သူမဖခင်၏သိုင်းပညာရပ်များအားလုံးနီးနီး သင်ကြားတတ်မြောက်ထားသောသိုင်းသမီးပျိုတစ်ဦးဖြစ်ပေသည်။

သိုင်းဆရာကြီးကျူးခွမ်းသည် ယခုကဲ့သို့ မပြုလုပ်စဖူး မွေးနေ့မင်္ဂလာပြုလုပ်ခြင်းမှာ အဓိကအားဖြင့် သမီးပုလဲအတွက် သင့်လျော်မည့်ခင်ပွန်းလောင်း ရွေးချယ်ပေးရန်ပင်ဖြစ်ပါသည်။

ထို့ကြောင့် ....

သိုင်းသမား အသိုင်းအဝိုင်းထဲမှ လုလင်တို့သည် ဤမွေးနေ့မင်္ဂလာပွဲသို့စုရုံးရောက်ရှိကြမည်ဖြစ်ပါသည်။

ထွန်းယို့သည် ဖခင်ဖြစ်သူပေးလိုက်သည့်တာဝန်အတိုင်း ပုလဲအမည်ရှိလုံ့ကေရီကို အောင်မြင်စွာဆွတ်ခူးနိုင်ပါမည်လော။

ထိုပုလဲအမည်ရှိမိန်းကလေးသည် ....

အကျည်းတန်သည့်မိန်းကလေးလော။

ချောမောလှပသည့်မိန်းကလေးလော။

အကယ်၍ ....

သူအောင်မြင်စွာဆွတ်ခူးနိုင်ခဲ့သောပုလဲသည် အကျည်းတန်အရုပ်ဆိုးဖြစ်နေလျှင် ....

စသည်စသည်များသည် ထွန်းယို့အား စိတ်စနောင့်စနင်းဖြစ်စေခဲ့လေသည်။ သို့သော် ....

ဤသာယာလှပသောရှုခင်း ....

ကြည်နူးဖွယ်ရာကောင်းလှသောပတ်ဝန်းကျင် ....

စသည်စသည်တို့သည် ၁၉–နှစ်မျှသာရှိသေးသော ထွန်းယို့အဖို့ ရှိသမျှသော စိတ်စနောင့်စနင်းအရာတွေအား ပယ်ဖျောက်နိုင်ခဲ့လေသည်။

သို့သော်လည်း သူခရီးထွက်ခါနီး၌ သူ့ဖခင်က အကြိမ်ကြိမ်သတိပေးလိုက်သော ရှောင်ကြဉ်ရန်အချက် ခုနစ်ချက်ကိုမူ ယခုတိုင်နားထဲ၌ကြားယောင်မိနေလေသည်။

"ငါ့သားအနေနဲ့ သိုင်းပညာအရည်အချင်းရော၊ အသိဉာဏ်ရော ပြည့်စုံနေပါပြီ၊ အပြင်လောကကိုဗဟုသုသရှာမှီးရန် အချိန်အခါပေးနေပါပြီ၊ ဒါကြောင့် ဖေဖေတို့က ငါ့သားကို စိတ်ချလက်ချလွှတ်လိုက်တာပဲ၊ ဒါပေမယ့် ဖေဖေရဲ့နှစ်ပေါင်းများစွာကြုံခဲ့ရတဲ့အတွေ့အကြုံအရ ငါ့သားရှောင်ကြဉ်ရမည့်အချက်ကြီးခုနစ်ချက်ကိုတော့ အမြဲမပြတ်သတိပြုရလိမ့်မယ်"

ထွန်းယို့သည် ငယ်စဉ်အချိန်ကစ၍ မိဘ၏စကားကိုမြေဝယ်မကျ နာခံလာသူတစ်ဦးဖြစ်သည့်အားလျော်စွာ ....

ဖခင်ဖြစ်သူက လေးလေးနက်နက်သတိပေးလိုက်သော အချက်ကြီးခုနစ်ချက်ကို မမိုက်မသုန်လိုက်နာခဲ့သည်။

နေ့စဉ်နံနက် သူအိပ်ရာမှနိုးလာသောအခါ ယင်းအချက်ကြီး



ခုနစ်ချက်ကို ....

အကြိမ်ကြိမ်အထပ်ထပ် ရေရွတ်ကျက်မှတ်လေ့ရှိလေသည်။

ယင်းအချက်ကြီးခုနစ်ချက်ကား ....

(၁) ကိုယ်နှင့်မဆိုင်သည့်ကိစ္စမှန်သမျှ ဝင်မစွက်ရ။

(၂) သူစိမ်းသူရန်စာအား တွေ့တိုင်းမိတ်ဆွေမဖွဲ့ရ။

(၃) မိမိမသိကျွမ်းသူနှင့်လောင်းကစားမပြုလုပ်ရ။

(၄) ဘုန်းတော်ကြီးများနှင့် ရသေ့သူတော်အစရှိသောပုဂ္ဂိုလ်များနှင့် ခိုက်ရန်ဖြစ်ပွားမှုမရှိစေရ။

(၅) ငွေကြေးများ သူတစ်ထူးအားမပြရ။

(၆) သူတစ်ပါးပြောတိုင်းမယုံရ။

(၇) ကိုယ်နှင့်မသိကျွမ်းသောမိန်းကလေးနှင့်မဆက်ဆံရ။

နောက်ဆုံးအချက်သည် ....

အရေးအကြီးဆုံးသောအချက်ပင်ဖြစ်သည်။

ထွန်းယို့သည် နုပျိုသည်။

ခန့်ညားချောကျော့ဖြိုးသည်။

ဆက်ဆံရေးပြေပြစ်သည်။

သဘောကောင်းသည်။

အမြဲတစေပြုံးနေတတ်သည်။

သူ၏အပြုံးသည် သူ့အားပိုမိုချောမောခန့်ညားစေ၏။

ရုပ်ချောဥစ္စာပေါသောလူငယ်တစ်ဦးအား မိန်းကလေးများကနှစ်သက်သည်မှာ အဆိုးမဆိုသာပေ။ ဤအချက်သည် ဖခင်ဖြစ်သူထွန်းဟွီးဟင်က ဂုဏ်ယူဝင့်ကြွားသောအချက်တစ်ချက်ဖြစ်၏။

ယခုမှာကား ....

ဤအချက်သည် သူ့သားအတွက် စိုးရိမ်စရာအကောင်းဆုံးသောအချက်ဖြစ်သည်ဟု သူထင်မိလာလေသည်။

"အပြင်လောကက မိန်းကလေးတွေ၊ အထူးသဖြင့် .... သိုင်းလောကက မိန်းကလေးတွေဟာ ဒုက္ခအပေးနိုင်ဆုံးပဲကွယ့်၊ သားသာတစ်ယောက်ယောက်နဲ့အရှုပ်အရှင်းဖြစ်ခဲ့ရင် သားဘဝဟာ တစ်သက်လုံးအဖတ်ဆယ်စရာမရှိနိုင်တော့ဘူး၊ ဒါကြောင့် ဖေဖေသတိပေးတဲ့အချက်ခုနစ်ချက်ထဲက နောက်ဆုံးအချက်ကိုတော့ သားအနေနဲ့ မဖြစ်မနေအထူးရှောင်ကြဉ်ပါ"

ဤစကားသည် ဖခင်ဖြစ်သူက သူ့အား အနည်းဆုံးအကြိမ်ပေါင်းဆယ်ကြိမ်မက မှာကြားသတိပေးခဲ့သောစကားဖြစ်သည်။

ထို့ကြောင့် ....

ထွန်းယို့အဖို့ မေ့ပစ်နိုင်ရန်ခက်ခဲလှသည်မဟုတ်ပါလော။

* * *



ကျန်းနန်ပြည်နယ်သည် လှပသာယာသည်ဟုကျော်ကြားလေသည်။ ယင်းကျော်ကြားမှုမှာ .... ပန်းမြို့တော်ဟုတင်စားခံရသောဟန်ကျူးမြို့ရှိနေ၍ဖြစ်ပါသည်။

ဟန်ကျူးမြို့ကျော်ကြားခြင်းမှာလည်း စီးဝူခေါ်အနောက်ရေကန်ရှိနေ၍ဖြစ်ပါသည်။

ဟန်ကျူးမြို့သို့ရောက်လာကြသောလူများသည် စီးဝူခေါ်အနောက်ရေကန်သို့သွားရောက်ကြစမြဲဖြစ်သည်။

စီးဝူခေါ်အနောက်ရေကန်သို့ရောက်သည့်အခါ ကောင်းသုံးကောင်းစားသောက်ဆိုင်သို့မဝင်လျှင် ရောက်ရကျိုးမနပ်ဟု ပြောစမှတ်ပြုကြသည်။

ထို့ကြောင့် ....

ထွန်းယို့သည် ကောင်းသုံးကောင်းစားသောက်ဆိုင်သို့ ဝင်ရောက်လာခြင်းဖြစ်ပါသည်။ ကောင်းသုံးကောင်း စားသောက်ဆိုင်သည် အနောက်ရေကန်အနီးတွင်တည်ရှိနေလေသည်။

ကောင်းသုံးကောင်းစားသောက်ဆိုင်တွင် ငါးချိုချဉ်သည်ဟင်းလျာများစွာတို့အနက် ကျော်ကြားထင်ရှားသောဟင်းလျာတစ်ခုဖြစ်ပါသည်။

ထွန်းယို့သည် ထမင်းစားရာ၌ ငါးချိုချဉ်ဟင်းလျာကိုသာမက အကောင်းဆုံးဝါးရွက်စိမ်းအရက်ကိုပါ မှာ၍သောက်နေသည်။

အရက်မသောက်ရဟု သူ၏ဖခင်ထွန်းဟွီးဟင်ကဟန့်တားခဲ့ခြင်းမရှိပေ။

အကြောင်းမှာ ....

မည်သူမဆို ထွန်းယို့အား အရက်မူးစေရန် ကြိုးစားခဲ့လျှင် ငါးတစ်ကောင်အားရေနစ်သတ်ရန်ကြိုးစားသကဲ့သို့ အလွန်ပင်ခက်ခဲလိမ့်မည်ဖြစ်ခြင်းကြောင့်တည်း။

ဝါးရွက်စိမ်းအရက်သည် အဝင်ချိုမြသော်လည်း တဖြည်းဖြည်းနှင့်အရှိန်တက်၍တက်၍လာတတ်ပေသည်။

ထွန်းယို့သည် ရှစ်ပန်းကန်မျှဗိုက်ထဲရောက်ရှိသွားသည်နှင့် သူ့တစ်ကိုယ်လုံး အပေါ်သို့ပျံ၍တက်သွားသည့်အလား ပေါ့ပါး၍နေလေတော့သည်။

ဟန်ကျူးမြို့တော်သူမြို့တော်သားတို့သည် အရက်ကိုနှစ်သက်ကြသည်။

သူတို့သည် ပန်းကန်ဖြင့်သောက်လေ့ရှိကြသည်။

သို့သော် ....

အရက်ကို ရှစ်ပန်းကန်အထိသောက်နေသည့်လူငယ်အားတွေ့မြင်လိုက်ရသောအခါ အံ့အားသင့်ကုန်ကြလေတော့၏။

သူ့အား ပို၍စိတ်ဝင်စားလာကြလေတော့သည်။

အထူးသဖြင့် ....



ထွန်းယို့နှင့်ကပ်လျက်ရှိနေသောစားပွဲတစ်ခုမှ ....

လုလင်တစ်ဦးက သူ့အား ဝိုင်းစက်သောမျက်လုံးဖြင့် ငေး၍ကြည့်နေမိလေသည်။

* * *

ထိုလုလင်ပျိုသည် ထွန်းယို့ထက် တစ်နှစ်,နှစ်နှစ်ခန့်ငယ်မည်ဟုထင်ရသည်။

ဝိုင်းစက်သောမျက်လုံး၊

ဖြောင့်တန်းသောနှာတံ၊

သေးသွယ်သောကိုယ်လုံးပေါ်တွင် ....

အစိမ်းနုရောင်အဝတ်အစားများဝတ်ဆင်ထား၏။

သူ၏ရုပ်ဆင်းအင်္ဂါနှင့် ဝတ်စားဆင်ယင်မှုအား ကြည့်လိုက်သည်နှင့် မင်းမျိုးမင်းနွယ်၊ သို့မဟုတ် လူချမ်းသာတို့၏သားသမီးများဖြစ်သည်ဟုသိသာနိုင်ပေသည်။

အထူးသဖြင့် ....

သူ့စားပွဲပေါ်တွင် ကြွေအိုးလွတ်နှစ်လုံးရှိနေသည်ကိုတွေ့မြင်လိုက်ရသည်နှင့် အရက်အလွန်သောက်တတ်သောလူငယ်တစ်ယောက်ဟု တစ်ထစ်ချပြောနိုင်လေသည်။

အရက်ကောင်းကောင်းကြိုက်တတ်သော လူတစ်ယောက်သည် အရက်ကောင်းကောင်း သောက်တတ်သောလူကို စိတ်ဝင်စားစမြဲဖြစ်သည်မဟုတ်ပါလော။

ထို့ကြောင့် သူသည် အရက်ရှစ်ပန်းကန်သောက်နိုင်သော ထွန်းယို့အား ပြုံး၍ပြလေသည်။

ထွန်းယို့သည် မမြင်တွေ့လိုက်ရပါ။

မမြင်ချင်ယောင်ဆောင်သည်ဟုဆိုလျှင် ပို၍မှန်ကန်မည်ဖြစ်လေသည်။ သူသည် ထိုမျက်လုံးဝိုင်းစက်သောလူငယ်အား မမြင်၍မဟုတ်ပါ။

စိတ်မဝင်စား၍လည်းမဟုတ်ပါ။

ထွန်းယို့သည် ငယ်ရွယ်နုနယ်၍ အပြင်လောကသို့ ပထမဆုံး အကြိမ်ထွက်လာခြင်းဖြစ်သော်လည်း ....

သူသည် အလွန်ပါးနပ်ပြီး မျက်စိလည်း အလွန်လျင်သူတစ်ယောက်ဖြစ်ပါသည်။

သူသည် ထိုဝိုင်းစက်သောမျက်လုံးရှိသည့်လူငယ်ကိုတွေ့မြင်လိုက်ကတည်းက ....

ထိုလူငယ်သည် ယောကျ်ားလေးတစ်ယောက် မဟုတ်ဘဲ ....

ယောကျ်ားလေးအဖြစ် ဟန်ဆောင်ထားသောမိန်းကလေးတစ်ယောက်ဖြစ်ကြောင်း သိထားလိုက်ပြီးဖြစ်ပါသည်။



"ကိုယ်နှင့်မသိကျွမ်းသောမိန်းကလေးအား မဆက်ဆံရ"

ဖခင်ပေးလိုက်သောစည်းကမ်းချက်ကို သူသတိရှိနေသောကြောင့် ယခုကဲ့သို့ သူစိမ်းမိန်းကလေးတစ်ယောက်က အသိဖွဲ့ဟန်ပြုလာသည်ကို ဥပေက္ခာပြုထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ....

သူ့မျက်လုံးသည် ရှေ့တည့်တည့်ရှိအနောက်ကန်၏ရေလယ်တွင် ရပ်တန့်လျက်ရှိနေသော ရေပေါ်တည်းခိုခန်းဖြစ်သည့်လှေတစ်စင်းပေါ်သို့စိုက်ကြည့်နေ၏။

လှေပေါ်၌ လှပချောမောသောမိန်းကလေးသည် စားပွဲ၌တင်ထားသော လှောင်ချိုင့်တွင်းမှ ကြက်တူရွေးအား ဆော့ကစားနေလေသည်။

ဤသို့ဆိုလျှင် ....

လှေပေါ်မှမိန်းကလေးအား ထွန်းယို့ ဘာကြောင့်စိုက်ကြည့်နေရပါသနည်း။

သူ့ဖခင်ပေးလိုက်သောစည်းကမ်းချက်များကို မေ့လျော့နေ၍ပင်လော။ မဟုတ်ပါ။

လှေပေါ်မှမိန်းကလေးသည် သူနှင့်လွန်စွာအလှမ်းဝေးကွာနေပါသည်။ ရေပြင်ခြားနေသောမိန်းကလေးသည် သူ့အားဒုက္ခပေးရန်မှာမလွယ်ပါ။

အနီး၌ရှိသောမိန်းကလေးကသာ သူ့အား ဒုက္ခပေးလိုလျှင် များစွာလွယ်ကူမည်မဟုတ်ပါလော။

ယခုလည်းကြည့်ပါ။

သူ့အနီး၌ရှိနေသော ယောက်ျားလေးအဖြစ် ဟန်ဆောင်ထားသောမိန်းကလေးသည် သူ့အား ဒုက္ခပေးရန် စတင်လာပြီမဟုတ်ပါလော။

"ဒီမှာမိတ်ဆွေ"

ယောက်ျားလေးအဖြစ်ဟန်ဆောင်သောမိန်းကလေးက လက် နှစ်ဖက်ဆုပ်၍အရှိအသေပြုရင်းနှုတ်ဆက်လာလေပြီ။

ထွန်းယို့သည် နောက်သို့လှည့်ကြည့်လိုက်သည်။

ထို့နောက် ဘေးသို့ထပ်မံကြည့်လိုက်သည်။

မိန်းကလေးက တစ်ချက်ပြုံးပြီး ထွန်းယို့အား လက်ညှိုးဖြင့် ထိုး၍ညွှန်ပြကာ ....

"ကျုပ် ခင်ဗျားကိုနှုတ်ဆက်နေတာဗျ"

ဟုပြောလိုက်သည်။

သူမ ပြုံးလိုက်သောအခါ နှာခေါင်းသည် အနည်းငယ်တွန့်သွား၏။ ပို၍လည်း ချစ်စရာကောင်းလာ၏။

ထို့ကြောင့်....

ထွန်းယို့သည် ဤလှပချောမောသောမိန်းကလေးအား ...



ပြန်၍နှုတ်မဆက်ဘဲ မနေနိုင်တော့ချေ။

သူသည် ပြန်လည်ပြုံးပြရင်း ....

"ကျုပ်ကိုနှုတ်ဆက်တာဟုတ်လား"

ဟု မေးလိုက်သည်။ မိန်းကလေး၏ဝိုင်းစက်သောမျက်လုံးသည် ပို၍ဝိုင်းစက်လာသည်ဟုထင်လိုက်ရသည်။

"ခင်ဗျားကိုနှုတ်မဆက်လို့ ဘယ်သူ့ကိုနှုတ်ဆက်ရမှာလဲဗျ"

ထွန်းယို့သည် ချောင်းတစ်ချက်ဟန့်လိုက်ပြီး မျက်နှာထား တည်တည်ဖြင့် ....

"ကိစ္စ"

မိန်းကလေးသည် လက်ထဲမှခေါက်ယပ်တောင်အား ဆတ် ခနဲဖွင့်လိုက်သည်။

ထို့နောက် ယပ်တောင်ကိုအသာအယာခပ်ရင်း ....

"တစ်ယောက်ထဲသောက်ရတာထက် အဖော်နဲ့စကားစမြည် ပြောရင်းသောက်တာက ပိုပြီးကောင်းမလားလို့ ကျုပ်ထင်တယ်၊ ဒါကြောင့် ဒီဘက်ကိုလာပါလားဗျာ"

ထွန်းယို့သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"အင်း .... ကျုပ်ကလဲ ခင်ဗျားဘက်ကိုလာချင်ပါတယ်၊ ဒါပေမဲ့ ယောက်ျားလေးနဲ့မိန်းကလေးဆိုတော့ အတူတူ အရက်ထိုင် သောက်လို့ မသင့်တော်ဘူးထင်တယ်"

မိန်းကလေးသည် ရုတ်တရက်ငိုင်သွား၏။

သူမ၏ဝိုင်းစက်သောမျက်လုံးများသည် ပို၍ဝိုင်းစက်လာလေ၏။ သူမသည် ထွန်းယို့ကိုမျက်လုံးအဝိုင်းသားဖြင့်ကြည့်ကာ ....

"ဗျာ .... ခင် .... ခင်ဗျားက မိန်းကလေးဟုတ်လား"

ထွန်းယို့သည် မိန်းကလေး၏စကားကြောင့် ရယ်မောလိုက်လေသည်။

"ကျုပ် မိန်းကလေးမဟုတ်ဘူးဆိုတာ ခင်ဗျားကြည့်ရင် သိမှာပေ့ါဗျာ"

မိန်းကလေးက မျက်တောင်တဖျတ်ဖျတ်ခတ်ရင်း ....

"ဒါဖြင့် ခင်ဗျားပြောတဲ့မိန်းကလေးဆိုတာ ဘယ်သူ့ကိုပြောတာလဲ"

ထွန်းယို့သည် မိမိအား သက်သက်မဲ့ အကြောင်ရိုက်နေသောမိန်းကလေး၏မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး ....

"ခင်ဗျားကိုပေ့ါ"

ဟုပြောလိုက်၏။ ထွန်းယို့၏စကားကြောင့် မိန်းကလေးသည် ဒုတိယအကြိမ်ငိုင်သွားပြန်သည်။

အတန်ကြာမှ သူမသည် ခေါင်းခါယမ်းလိုက်ပြီး ....

"အင်း ဒီလူကြည့်ရတာ မျက်လုံးမကောင်းဘူးနဲ့တူတယ်"

တစ်ယောက်တည်းညည်းရင်း စားပွဲပေါ်မှအရက်ပန်းကန်



ကိုမော့ချလိုက်လေသည်။

သူမ၏အရက်သောက်ဟန်သည် မိန်းကလေးတစ်ယောက်နှင့်လုံးဝမတူပါချေ။ ထွန်းယို့သည် မိန်းကလေးအား မသိမသာ အကဲခတ်ရင်း သက်ပြင်းတစ်ချက်ချလိုက်မိလေတော့သည်။

* * *

နေဝင်ဆည်းဆာသည် ကောင်းကင်တစ်ခုလုံးအား ဆေးနီများ ဖြင့်ခြယ်သထားသည့်အလား နီရဲ၍နေလေသည်။

လေထဲ၌ လူးလွန့်နေသောနွယ်ပင်များ။ ဖူးငုံနေသော ကြာပန်းနီများ၊ စိမ်းလန်းစိုပြေသောတောင်တန်းတို့သည် ရေကန်သာအား ပို၍လှပသာယာစေလေသည်။

ထွန်းယို့သည် တစ်ယောက်တည်းခေါင်းငုံ့ကာ အရက်များအား ဖိ၍သောက်နေ၏။ သူ့အနီးစားပွဲမှ မိန်းကလေးအား သူလုံးဝလှည့်၍မကြည့်ဝံ့ပေ။

အကြောင်းကား ....

သူ့ဖခင်ပေးလိုက်သော စည်းကမ်းချက်ကြောင့်ပင်ဖြစ်ပါသည်။ သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး အဝေးဆီသို့မျက်လုံးရောက်သွားသည်။

ရုတ်တရက် ....

လှေငယ်တစ်စင်းသည် အရှိန်ပြင်းစွာဖြင့် ရေပေါ်တည်းခိုခန်းဖြစ်သောလှေကြီးထံသို့ ဦးတည်သွားနေသည်ကိုတွေ့မြင်လိုက်ရသည်။ လှေငယ်ပေါ်၌ ထွားကျိုင်း၍ကြမ်းတမ်းသော လူလေးဦး ရပ်လျက်ရှိသည်။

လှိုင်းအနည်းငယ်ထနေသောရေကန်ပြင်ဝယ် အရှိန်ပြင်းစွာလှုပ်ရှားနေသည့်လှေငယ်ပေါ်၌ ဤသို့မတ်တတ်နေနိုင်ခြင်းသည် သိုင်းပညာတတ်မြောက်သူများဖြစ်ကြောင်း ထွန်းယို့နားလည်လိုက်သည်။

ဤမျှလှပသော ဝန်းကျင်ဝယ် ယခုကဲ့သို့ သူများအားတွေ့မြင်လိုက်ရသဖြင့် သူ၏စိတ်ထဲ၌ အနည်းငယ်ထူးဆန်းသည်ဟုထင်မိ၏။ သို့သော် .....

"ကိုယ်နှင့်မဆိုင်တဲ့ကိစ္စ ဝင်မစွက်ရ"

ဟူသောသူ့ဖခင်၏စည်းကမ်းကြောင့် သူသည် အရက်ကိုသာ ဖိ၍သောက်နေပြန်သည်။

ဝုန်း .... ဟူသောအသံသည် သူ့နားထဲသို့ ရုတ်တရက်ဝင်ရောက်လာသည်။ သူခေါင်းမော့၍ကြည့်လိုက်၏။

လှေငယ်သည် ရေပေါ်တည်းခိုခန်းဖြစ်သောလှေကြီးအား တည့်တည့်မတ်မတ် ဝင်ရောက်တိုက်မိနေသည်ကိုတွေ့လိုက်ရ၏။



လှေငယ်ပေါ်မှ လူလေးယောက်သည် လှေကြီးပေါ်သို့ခုန်တက်သွားသည်။ ထိပ်ပြောင်ပြောင်နှင့် လူကြီးတစ်ယောက်သည် လှေကြီးပေါ်၌ထိုင်နေသော မိန်းကလေးအား ကြိမ်းမောင်း၍နေလေသည်။

ထွန်းယို့သည် သူတို့နှင့်အလှမ်းကွာဝေးနေသဖြင့် သူတို့ပြောဆိုကြိမ်းမောင်းနေသည့်အသံများကို မကြားရပါချေ။

ထိုလူလေးယောက်သည် လှေကြီးပေါ်မှစားပွဲများ၊ ကုလားထိုင်များအား စတင်ရိုက်ချိုးဖျက်ဆီးနေလေသည်။

ထိပ်ပြောင်ပြောင်နှင့်လူကြီးသည် သူ၏ကြီးမားသော လက်ချောင်းများဖြင့် မိန်းကလေး၏ဆံပင်များကိုဆွဲရန်ကြိုးစားလာသည်။

မိန်းကလေးသည် ထိတ်လန့်တုန်လှုပ်ကာ နောက်သို့သာ ရှိန်း ကန်၍ဆုတ်နေလေသည်။

ချောမောလှပသောမိန်းကလေးတစ်ယောက်အား သန်မာထွားကျိုင်းသောလူကြီးလေးယောက်က စော်ကားမှုပြုနေသည်ကို လက်ပိုက်ကြည့်နေလျှင် သိုင်းသမားတစ်ယောက်အဖို့ မည်သည့်အဓိပ္ပါယ်ရှိနေပါဦးမည်နည်း။

ထို့ကြောင့် ....

ထွန်းယို့သည် ထိုင်ရာမှထလိုက်သည်။

စားပွဲပေါ်၌တင်ထားသော သူ၏ဓားကိုကောက်ယူလိုက်၏။

ခြေဖျား တစ်ချက်ထောက်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် ပေါ့ပါးစွာဖြင့် ပြတင်းပေါက်မှအပြင်သို့ ခုန်ချလိုက်လေသည်။

ပြတင်းပေါက်အပြင်၌ ပြာလွဲ့လွဲ့ရေထဲသို့ ထွန်းယို့၏ခန္ဓာသည် ထိုးကျသွားသည်။

မျက်လုံးဝိုင်းစက်သောမိန်းကလေး၏ အထိတ်တလန့်ဟစ်အော်လိုက်သောအသံကထွက်ပေါ်လာသည်။

သို့သော် .... ထွန်းယို့သည် ရေထဲသို့ကျမသွားပါချေ။

သူခြေချရမည့်နေရာကို ကြိုတင်တွေ့မြင်ထားလိုက်၏။

သူ၏ခြေဖျားသည် ကန်နံဘေးရှိ အရံအတားပြုလုပ်ထားသောဝါးလုံးပေါ်သို့ တစ်ချက်အားယူပြီး သူ၏ခန္ဓာကိုယ်သည် အပေါ်သို့ ထပ်မံခုန်တက်သွား၏။

သူသည် ထိပ်တန်းကိုယ်ဖော့ပညာထဲမှ ဗေဒါရေလွှာနှင့် ပျံလွှားရေငါးစသည့်ကိုယ်ဖော့ပညာရပ်များကို အသုံးပြုလိုက်လေသည်။

သူ၏ခန္ဓာကိုယ်သည် လေထဲတစ်ပတ်ကျွမ်းထိုးပြီး စင်ရော်တစ်ပတ်လှည့်ကိုယ်ဖော့ပညာနှင့် သဲသောင်ပေါ်ဗျိုင်းနားအကွက်ဖြင့် လှေကြီးပေါ်သို့ ပေါ့ပါးစွာကျရောက်သွားလေတော့သည်။

လှေကြီးပေါ်မှလူလေးယောက်အနက် ....



မျက်နှာပေါ်၌ အမာရွတ်ကြီးရှိသောလူတစ်ယောက်သည် ထွန်းယို့ရောက်ရှိလာသည်ကိုတွေ့သည်နှင့် ....

"ဟေ့ .... ဘယ်သူလဲ"

ဟုအော်ငေါက်လိုက်လေသည်။

ထွန်းယို့သည် မျက်နှာကို အတတ်နိုင်ဆုံးခပ်တင်းတင်းထားလိုက်ပြီး ....

"မင်းတို့ကဓားပြလား"

ဟုပြန်မေးလိုက်သည်။

ထိုလူသည် ရဲရဲတောက်နေသောမျက်လုံးများဖြင့် ထွန်းယို့အားကြည့်လိုက်ရင်း ....

"မင်းနဲ့ ဒီမိန်းမနဲ့ဘာတော်သလဲ"

ထွန်းယို့ကပခုံးတစ်ချက်တွန့်လိုက်ပြီး ....

"ကျုပ်နဲ့ဘာမှမတော်ပါဘူး"

"ဒါဖြင့် လာရှုပ်မနေနဲ့၊ မြန်မြန်ထွက်သွားပါ"

ထွန်းယို့ကရယ်မောလိုက်သည်။

"ဟား .... ဟား .... ဟား .... ဘာလဲ၊ မင်းတို့က အားနဲ့တဲ့မိန်းကလေးတစ်ယောက်ကိုစော်ကားနေတာ ကျုပ်က ဒီအတိုင်းလက်ပိုက်ကြည့်နေရမလား"

သူ့စကားကြောင့် ထိုလူသည် ဒေါသအိုးပေါက်ကွဲသွား၏။

"မင်းတော်တော်သတ္တိကောင်းတယ်ပေ့ါ"

ဟုပြောရင်း ခြေရှေ့နောက်ခွဲပြီးဒူးညွှတ်ကာ သူ၏ကြီးမား သန်မာသောလက်သီးနှစ်လုံးသည် ထွန်းယို့၏ခါးဝဲယှာသို့ ပစ်သွင်းလိုက်လေတော့သည်။

ထိုလူအသုံးပြုလိုက်သောသိုင်းကွက်သည် ရှောင်လင်သိုင်းပညာမှ ကျားနိုင်သိုင်းကွက်တစ်ကွက်နှင့်ခပ်ဆင်ဆင်တူနေသည်။

သို့သော် .... ထွန်းယို့သည် ကျားမဟုတ်ပါပေ။

ထို့ကြောင့် ကျားနိုင်သိုင်းကွက်သည် သူ့အားမနိုင်ပါချေ။

သူသည် ကိုယ်ခန္ဓာကိုဘေးသို့ယိမ်းပေးလိုက်သည်။

တစ်ချိန်တည်းမှာပင် .... သူ၏လက်ချောင်းကလေးသည် ထိုလူ၏လက်ကောက်ဝတ်အားဖမ်းချုပ်လိုက်ပြီး သူ့အရှိန်နှင့်သူ ရှေ့သို့ဆွဲပို့လိုက်ရာ ....

ထိုလူသည် မိမိအရှိန်နှင့် ထွန်းယို့၏ဆွဲအားကြောင့် ကိုယ်ရှိန်မသတ်နိုင်ဘဲ သူ၏ကြီးမားသောခန္ဓာကိုယ်သည် လေထဲသို့မြောက်တက်သွားကာ ပလုံဟူသောအသံနှင့်အတူ ရေထဲသို့ထိုးကျသွားလေတော့သည်။

ကမ်းစပ်မှလက်ခုပ်သံများပေါ်ထွက်လာသည်။

ထွန်းယို့လှည့်ကြည့်လိုက်ရာ မျက်လုံးဝိုင်းသောမိန်းကလေးဖြစ်နေသည်ကို လှမ်း၍တွေ့မြင်လိုက်ရလေသည်။



ထိုအချိန်တွင် ... အခြားလူကြီးနှစ်ယောက်သည် ထွန်းယို့ထံ လျင်မြန်စွာဝင်ရောက်လာလေသည်။ ထိုလူကြီးနှစ်ယောက်သည် ပို၍ သွက်လက်လျင်မြန်လှပေသည်။

မျက်တောင်တစ်ခတ်အချိန်အတွင်းမှာပင် ....

လက်သီးလေးလုံးသည် ထွန်းယို့၏မျက်နှာရှေ့သို့ရောက်ရှိလာလေတော့သည်။

ထိုလူကြီးနှစ်ယောက်၏သိုင်းပညာမှာ တော်ရုံတန်ရုံ သိုင်းပညာတတ်ရုံဖြင့် ခုခံကာကွယ်နိုင်စွမ်းရှိနိုင်မည်မဟုတ်ပါ။

ထွန်းယို့ကတော့ တော်ရုံတန်ရုံသိုင်းသမားတစ်ယောက် မဟုတ်ပါချေ။ သူ၏သိုင်းပညာရပ်များသည် သူ့ဖခင်ကိုမှီရုံမဟုတ်ပါ။ ပို၍ပင်သာလွန်သည်ဟု သိမီသူများက ပြောစမှတ်ပြုခဲ့ကြလေသည်။

အထူးသဖြင့် သူ၏ပေ့ါပါးဖျတ်လတ်သောကိုယ်ဖော့ပညာသည် သူ၏သိုင်းကွက်နှင့်ဟပ်၍ အံဝင်ဂွင်ကျအဖြစ် အသုံးပြုတတ်ပေသည်။

ထို့ကြောင့် ထိုလူကြီးနှစ်ယောက် ဝင်ရောက်တိုက်ခိုက်လိုက်သည့်တစ်ဒင်္ဂအချိန်တွင် သူ၏ကိုယ်ခန္ဓာသည် အပေါ်သို့ခုန်တက်ပြီး လေထဲ၌တစ်ပတ်ကျွမ်းပစ်လိုက်သည်။

မြေပေါ်သို့ပြန်ကျလာသောအခါ ....

ထိုလူနှစ်ယောက်၏နောက်ဘက်သို့ ရောက်ရှိ၍ နေပြီဖြစ်လေသည်။

ထိုလူနှစ်ယောက်သည် ထွန်းယို့ သူတို့နောက်ရောက်သွားသည်နှင့် နောက်ပြန်မလှည့်အားနိုင်ဘဲ အင်္ကျီချွတ်ကိုယ်တော်သိုင်းကွက်ကိုထုတ်ကာ တံတောင်ဆစ်ဖြင့် နောက်သို့ တအားဆောင့်တွန်းလိုက်လေသည်။

သို့သော် .... သူတို့သိသိကလေးနောက်ကျသွားချေပြီ။

ထွန်းယို့လက်ထဲမှဓားအိမ်သည် သူတို့ထဲကတစ်ယောက်၏ ဝဲဘက်ပခုံးမှကျန့်ကျင့်သွေးကြောနေရာသို့ ရိုက်မိလိုက်လေသည်။

ထိုလူသည် ကိုယ်ခန္ဓာရပ်တည်၍ မရနိုင်တော့ဘဲ ယိုင်တိုင်တိုင်ဖြင့် နောက်သို့ခြေလှမ်းခုနစ်လှမ်း ရှစ်လှမ်းခန့်ဆုတ်လိုက်ပြီး ....

'ပလုံ'ဟူသောအသံနှင့်အတူ ....

ရေထဲသို့ ပက်လက်လန်ကျသွားလေတော့၏။

ကျန်တစ်ယောက်သည် အနည်းငယ်ကြောင်ပြီး ရပ်လိုက်သည်နှင့် ထွန်းယို့၏လက်တစ်ဖက်က သူ၏လည်ဂုတ်သို့ ရိုက်ချလိုက်ပြီးဖြစ်သွားလေသည်။

ထိုလူ ရှေ့သို့ဟပ်ထိုးလဲအကျတွင် ထွန်းယို့၏ခြေထောက်သည် ရှေ့သို့ခံပေးလိုက်ရာ ထိုလူသည် မည်သို့မျှမဟန်နိုင်တော့ဘဲ ရေထဲသို့ဇောက်ထိုးကျသွားလေတော့သည်။



နောက်ဆုံးကျန်ရှိသော ထိပ်ပြောင်ပြောင်လူသည် သူ၏အဖော်သုံးယောက်စလုံး ရေထဲရောက်ကုန်ကြသည်ကိုတွေ့မြင်ရသည်နှင့်မျက်နှာကွက်ခနဲပျက်သွားလေသည်။

သူသည် ထွန်းယို့အား ကြောင်၍ကြည့်နေမိလေသည်။

သူသည် ဤမျှနုငယ်သေးသောလူငယ်မှာ ဤမျှသိုင်းပညာရပ်များတတ်ကျွမ်းလိမ့်မည်ဟု မည်သို့မျှမမျှော်လင့်ခဲ့ချေ။

ထို့ကြောင့် ဝင်ရောက်တိုက်ခိုက်ရမည်လော။

သို့မဟုတ် မတိုက်ခိုက်ဘဲနေရကောင်းမည်လော။

သူသည် စိတ်ထဲတွင် ဤသို့ချီတုံချတုံဖြစ်ကာ ဘာလုပ်ရမှန်းမသိဘဲ ထွန်းယို့အား စိုက်ကြည့်နေမိတော့၏။

ထွန်းယို့ကလည်း သူ့အားစိုက်ကြည့်နေလေသည်။

အတန်ကြာလျှင် သူတို့သည် မျက်နှာချင်းဆိုင်ရပ်ကာ ဘယ်သူကမှ စကားမပြောမိချေ။

နောက်ဆုံးမှ ထွန်းယို့ကပြုံး၍စတင်စကားပြောလိုက်၏။

"ခင်ဗျားအဖော်တွေသွားကုန်ကြပြီ၊ ခင်ဗျားကော မသွားသေးဘူးလား"

ထိုလူသည် ခေါင်းညိတ်ပြီးသက်ပြင်းတစ်ချက်ချလိုက်၏။

"မင်းနာမည်ဘယ်လိုခေါ်သလဲ"

"ထွန်းယို့ပါ"

ထိုလူသည် သက်ပြင်းတစ်ချက်ထပ်မံချလိုက်ပြန်၏။

"မင်းရဲ့သိုင်းပညာက မခေသူးနော်"

ထွန်းယို့ကပြုံး၍ ....

"ဟင်း ... ဟင်း ... ကျွန်တော်တော်လို့ မဟုတ်ပါဘူးဗျာ၊ သူတို့ကိုက အသုံးမကျလို့ပါ"

ထွန်းယို့၏စကားကြောင့် ထိုလူ၏မျက်နှာသည် မည်းခနဲဖြစ်သွားလေ၏။

ထို့နောက် ....

သူသည် မျက်နှာသုန်သုန်မှုန်မှုန်ဖြင့်ကြည့်ကာ ....

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့၊ တစ်နေ့နေ့မှာ ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းအဖို့အန္တရာယ်ရှိလာနိုင်တယ်"

ထွန်းယို့သည် ထိုလူအားသုန်သုန်မှုန်မှုန်ပြန်ကြည့်ပြီး ....

"ဟုတ်လား"

"နေပါဦး ကျုပ်တို့ ဘယ်နေရာကလာကြတယ်ဆိုတာကော သိပါသလား"

ထွန်းယို့ကပြုံး၍ ....

"ခင်ဗျားတို့နေတဲ့အိမ်ကလာကြမှာပေါ့၊ အင်း တစ်ခုတော့ရှိတယ်၊ ခင်ဗျားတို့ကအိမ်မရှိယာမရှိဖြစ်နေရင်တော့ ဘုန်းကြီးကျောင်း၊ ဒါမှမဟုတ် ဇရပ်တစ်ခုခုကလာကြတာဖြစ်မှာပေါ့"



ထိုလူသည် ထွန်းယို့အား ဝါးစားမတတ်သောမျက်လုံးဖြင့် တစ်ချက်လှမ်းကြည့်ပြီး ရေထဲသို့ခုန်ချလိုက်လေတော့သည်။

ထွန်းယို့ကရယ်မောလိုက်ပြီး ....

"ကောင်းတယ်ဗျာ၊ အေးအတူပူအမျှပေါ့၊ အဖော်တွေရေထဲဆင်းကြရတော့ ခင်ဗျားလဲ ရေထဲလိုက်သွားတာဟာအကောင်းဆုံးပါပဲဗျာ၊ ဟား .... ဟား .... ဟား ...."

သူသည် ဤသို့ပြောပြီး ထိုလှေကြီးမှထွက်ခွာရန်ဟန်ပြင်လိုက်လေသည်။ သို့သော် ....

လှေကြီးပေါ်ကမိန်းကလေးသည် မည်သို့ရှိနေသနည်း။

သူဝင်တွေ့လိုပါသေးသည်။

သူသည် ဤသို့ ချီတုံချတုံဖြစ်နေသောအချိန်မှာပင် ....

"မောင်လေးထွန်းယို့ .... မသွားပါနဲ့ဦး"

ဟူသောအသံကြားလိုက်ရလေသည်။

အသံသည် လွင်လွင်လေးဖြင့်သာယာလှပေသည်။

ထွန်းယို့သည် ချောင်းနှစ်ချက်မျှဟန့်လိုက်သည်။

သူသည် ချောင်းဆိုးချင်၍မဟုတ်ပါ။

ဤသို့ချောင်းဟန့်ခြင်းမှာ သူ၏ဖခင်သည် လေးနက်သောစကားများပြောလိုသောအခါ၌လည်းကောင်း ....

စကားလုံးရှာဖွေနေသောအခါသော်လည်းကောင်း ....

ဤသို့ချောင်းဟန့်လေ့ရှိပါသည်။

ထို့ကြောင့် ထွန်းယို့သည် သူ့ဖခင်၏အလေ့အထများရရှိထားသဖြင့် ယခုကဲ့သို့ ပြန်ပြောရန်စကားလုံးများစဉ်းစားနိုင်ရန်အတွက် ချောင်းဟန့်လိုက်ခြင်းဖြစ်ပေသည်။

ထိုအချိန်၌ မိန်းကလေးသည် လှေ့ဝမ်းဗိုက်အခန်းထဲမှထွက်လာလေသည်။

သူမ၏လှပသောမျက်လုံးအစုံသည် ကြင်နာကရုဏာပြည့်လျက် သူ့အား စိုက်ကြည့်နေလေသည်။

"မောင်လေး .... ထိခိုက်သွားသေးသလားဟင်"

ထွန်းယို့သည် ချောင်းပင်မဟန့်ရဲတော့ပါ။

"ဟုတ် ... ဟုတ် ... မဟုတ်ဘူး၊ ကျွန်တော်ဘာမှမဖြစ်ပါဘူး"

မိန်းကလေးသည် တစ်ကိုယ်လုံးလှုပ်ခါ၍ရယ်မောလိုက်ပြန်လေသည်။

"ကျွန်မကို အခုလိုကူညီတာကျေးဇူးတင်ပါတယ်ရှင်"

ထွန်းယို့ကလက်ကာပြလိုက်ပြီး ....

"ကိစ္စမရှိပါဘူးဗျာ၊ ကဲ .... ကျွန်တော့်ကိုသွားခွင့်ပြုပါဦး"

ဟုပြောရင်း ကန်စပ်ဘက်သို့ပြန်ကူးနိုင်ရန် ခြေချမည့်နေရာများကို မျက်လုံးဝေ့ကာအကဲခတ်ရှာဖွေလေသည်။

မိန်းကလေးကခေါင်းငုံ့ထားရင်း ....



"မောင်လေး .... မသွားပါနဲ့လားကွယ်"

ထွန်းယို့ မျက်လုံးပြူးသွားသည်။ မိန်းကလေး၏မျက်နှာသည် အားငယ်နေသည့်အသွင်ဖြင့် ....

"လူဆိုးတွေထပ်လာမှာစိုးရိမ်လို့ပါ"

ထွန်းယို့သည် မည်သို့မှပြန်မပြောတော့ပါချေ။ ပို့ချင်းပို့ ကူးတို့ရောက်အောင်ပို့ဟူသော စကားရှိသည်မဟုတ်ပါလော။

"ဒီမှာအစ်ကိုလေး၊ အရက်ဖိုးနဲ့ထမင်းဖိုးရှင်းခဲ့ပါဦး"

ကောင်းသုံးကောင်းစားသောက်ဆိုင်မှ စားပွဲထိုး၏အော်သံက ကျယ်လောင်လှ၏။

ဟုတ်ပါ၏။

သူသည် မိန်းကလေးအားကူညီလိုသောဇောဖြင့် ထမင်းဖိုးများပင် ရှင်းပေးရန်မေ့နေသည်ကိုသတိရလာလေသည်။

သူသည် အိတ်ထဲသို့ ငွေများနှိုက်ယူလိုက်သည်။

ရုတ်တရက် သူ၏ငွေအိတ်နှင့်တကွ ကျောက်စိမ်းဓားငယ်ပါ ထွက်၍ကျလာလေသည်။

သူသည် ငွေတုံးကလေးကိုယူပြီး ကျောက်စိမ်းဓားအားကပျာကယာပြန်၍ဝှက်ထားလိုက်သည်။

"ဟောဒီမှာ ငွေတုံး၊ ပိုရင်ပြန်မပေးနဲ့တော့"

သူသည် ဤသို့အော်၍ပြောရင်း လက်တစ်ချက်ဝေ့ယမ်း

လိုက်ရာ ငွေတုံးကလေးသည် ကောင်းသုံးကောင်းစားသောက်ဆိုင်ထဲသို့ တည့်တည့်မတ်မတ်ပျံသန်းဝင်ရောက်သွားလေတော့၏။

* * *

နှစ်ပေါင်းက ဝါးရွက်စိမ်းအရက်သည် အလွန်ကောင်းမွန်သောအရက်ဖြစ်လေသည်။

အရောင်ကလည်းလှ ....

အဝင်ကလည်း ပျော့ပျော့ပျောင်းပျောင်းဖြင့် ....

အရသာရှိလှပေသည်။

မိန်းကလေးသည် အရက်ငှဲ့ပေးရင်း သူ့အားပြုံး၍ကြည့်နေ၏။ ထွန်းယို့သည် ခေါင်းငုံ့ကာ အရက်ကိုသာတွင်တွင်သောက်နေလေသည်။ သူသည် ဖခင်၏စည်းကမ်းချက်များဖြစ်သော ပထမ၊ စတုတ္ထ၊ ပဉ္စမ၊ သတ္တမစသည့်စည်းကမ်းချက်လေးချက်စလုံးကျူးလွန်ခဲ့ပြီဖြစ်ကြောင်းသတိရလာလေတော့သည်။

ပို၍အခက်ကြုံနေရသည်မှာ ....

ဤလှေကြီးသည် မူလနေရာတွင် ရပ်တန့်မနေတော့ဘဲ ရေကန်အလယ်သို့ မည်သည့်အချိန်က ရောက်လာနေမှန်းပင် မသိလိုက်ရခြင်းပင်ဖြစ်သည်။

ထို့ကြောင့် သူသည် မသွားနိုင်တော့ဘဲ လှေထဲ၌သာ အရက်သောက်နေရလေတော့သည်။



မိန်းကလေးသည် သူ့အား မိတ်ဆွေရင်းချာသဖွယ်ဆက်ဆံသည်။ သူမ၏အမည်မှာ ညမွှေးပန်းဖြစ်ကြောင်း ပြောပြမိတ်ဆက်ခဲ့လေပြီ။

"ညမွှေးပန်း"

လှပသောနာမည်၊

လှပသောမိန်းကလေး၊

လှပသောလဝန်း စသည်စသည်ဖြင့် ဝန်းကျင်တစ်ခုလုံးပင် လှပနေသည်ဟု ထွန်းယို့ထင်မှတ်မိလေသည်။

ထွန်းယို့သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

သူ့ရှေ့တွင်ထိုင်ကာ သူ့အားပြုံး၍ကြည့်နေသော ညမွှေးပန်းအား ပြန်မကြည့်ဝံ့ပေ။ ထို့ကြောင့် သူသည် ခေါင်းငုံ့ကာ အရက်ကိုတစ်ခွက်ပြီးတစ်ခွက်သောက်နေလေတော့သည်။

မိမိသောက်နိုင်သည်ထက်ပို၍သောက်လာသောအခါ သူသည် ခေါင်းထဲမှရီတီတီဖြစ်လာလေတော့သည်။

* * *

လှပသောလဝန်း။

အနောက်ရောက်၏လသာသောည။

လရောင်အောက်မှအနောက်ရေကန်။

တည်းခိုခန်းဖြစ်သောလှေကြီးသည် ကန်စပ်တွင်ရပ်နား၍နေလေ၏။ လှေကြီးပေါ်မှလူများ မရှိတော့ပါ။

သူတို့သည် မည်သည့်နေရာသို့ရောက်နေကြပါသနည်း။

အရက်ရှိန်ကြောင့် မူးသည့်လူကမူးနေပါသည်။

အိပ်ပျော်နေသူကလည်း အိပ်ပျော်နေပါသည်။

ထွန်းယို့ကမူးနေပါသည်။

သူသည် တစ်စုံတစ်ယောက်က သူ့အား လှေကြီးပေါ်မှထမ်းချပြီး အိပ်ခန်းတစ်ခန်းသို့ရောက်ရှိနေသည်ကိုသတိရမိသည်။

ထို့နောက် သူ၏နှာခေါင်းထဲသို့ပန်းရနံ့များ တိုးဝင်လာသည်ကိုလည်း သူသတိရသည်။

ယင်းပန်းရနံ့များသည် ညမွှေးပန်းပင်ဖြစ်နေမည်လော။

သူ ခွဲခြား၍မရပါ။

သူသည် ဤသို့နိုးတစ်ချက် မနိုးတစ်ချက်ဖြစ်နေရာမှ သူ့နားနှင့်ကပ်လျက် ....

"မောင်လေး .... မောင်လေး ...."

တစ်စုံတစ်ယောက်၏ခေါ်သံယောင်ယောင် ကြားရလေ၏။



သူသည် မျက်လုံးဖွင့်မရပါ။

ဖွင့်လည်းမဖွင့်လိုပါ။

မွှေးကြိုင်သောရနံ့များသည် သူ့နှာခေါင်းထဲသို့ကပ်လျက်တိုး ဝင်လာနေလေသည်။

ထို့ကြောင့် သူပြန်လည်ထူးနိုင်ခြင်းမရှိပါပေ။

ထို့နောက် ... ချောမွေ့သောလက်ချောင်းကလေးများသည် သူ၏ခန္ဓာကိုယ်ပေါ်သို့ ရောက်ရှိလာလေသည်။

ရုတ်တရက် သူ့အင်္ကျီအိတ်ထဲမှ ငွေအိတ်လေးပါသွားသည်ကို သူသတိပြုမိသကဲ့သို့ရှိ၏။

မွှေးကြိုင်သောရနံ့များ ပျောက်ကွယ်သွားသောအခါ သူသည် မျက်လုံးကျဉ်းကျဉ်းကလေးဖွင့်၍ကြည့်မိသည်။

သူမျက်လုံးပြူးသွားသည်။

ညမွှေးပန်းသည် သူ၏ငွေအိတ်ကိုယူ၍ ပန်းအိုးတစ်ခုထဲတွင်ဝှက်နေသည်ကိုတွေ့လိုက်ရလေသည်။

သူစိတ်ပျက်သွားသည်။

ဤမျှချောမောလှသောမိန်းကလေးသည် ဤကဲ့သို့ သစ္စာမရှိ၊ လူဆိုးလက်မှကယ်တင်ခဲ့သောကျေးဇူးရှင်အား သူမ၏မာယာဖြင့်ဖြားယောင်းကာ ငွေများနှိုက်ယူထားခြင်းဖြင့် ကျေးဇူးကန်းသစ္စာမဲ့ရန် မထိုက်ပါ။

သို့သော် .... သူသည် အိပ်မြဲအိပ်နေ၏။

တစ်ခဏအကြာတွင် မိန်းကလေးသည် ကြမ်းပြင်ပေါ်တွင် ခင်းထားသောအိပ်ရာပေါ်သို့ လဲလျောင်းကာ အိပ်ပျော်သွားလေတော့သည်။

မိန်းမ .... မိန်းမ .... ယောကျ်ားတိုင်း မိန်းမကို သတိထားရမည်ဆိုသော သတိပေးစကားသည် သွေးထွက်အောင်မှန်ကန်နေပါပြီကော။

ထွန်းယို့သည် ဤသို့ကောက်ချက်ချပြီးနောက် တစ်ဖက်သို့ လှည့်ကာ မျက်လုံးမှိတ်လိုက်လေတော့သည်။

မကြာပါချေ။

ညမွှေးပန်း၏အသက်ရှူသံသည် လေးလံလာလေသည်။

သူမသည် ဝါးရွက်စိမ်းအရက် အနည်းငယ်သောက်ထားသည့်အတွက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားချေပြီ။

ထွန်းယို့သည် နောက်ထပ်အတန်ကြာစောင့်ဆိုင်းနေပြီးမှ အိပ် ရာမှထလိုက်သည်။

အဝတ်အစားများပြင်၍ ဝတ်လိုက်သည်။

ထို့နောက် ပန်းအိုးထဲမှပစ္စည်းအားလုံးသွန်ချပြီး မိမိ၏အိတ်ထဲသို့ ထည့်လိုက်သည်။

ပန်းအိုးအား နေရာတကျပြန်ထားလိုက်၏။



သူသည် အိပ်မောကျနေသောညမွှေးပန်းအား ကျေနပ်သော အပြုံးဖြင့်တစ်ချက်ကြည့်ပြီး အခန်းမှထွက်ခွာသွားလေတော့သည်။

* * *

ကောင်းကင်တစ်ခုလုံးသည် အဖြူရောင်သန်းလျက်ရှိနေပေပြီ။ အရောင်မှေးမှိန်နေပြီဖြစ်သောလဝန်းအား အတိုင်းသားမြင်နေရပေသေးသည်။

ကျောက်တုံးလေးများဖြင့်ခင်းကျင်းထားသော လမ်းလေးပေါ်၌ နှင်းဥကလေးများသည် အေးစက်စွာတင်ရှိနေလေသည်။

သူသည် ထိုလမ်းကလေးအတိုင်း ခြေလှမ်းမှန်မှန်ဖြင့် လှမ်းလျှောက်သွားသည်။

အရုဏ်ဦး၏လန်းဆန်းသော လေနုအေးလေးများသည် ပန်းရနံ့များဖြင့်သယ်ဆောင်ကာ သူ၏ခန့်ညား၍ နုနယ်သောမျက်နှာသို့ ပက်ဖျန်းလိုက်သဖြင့် သူ၏မူးနောက်နောက်ဖြစ်နေသော ဦးခေါင်းအား လန်းဆန်း၍လာစေလေသည်။

သူသည် ညမွှေးပန်းနိုးလာသည့်အခါ ပန်းအိုးထဲမှ ပစ္စည်းများပျောက်ဆုံးနေသည်ကိုတွေ့ရသဖြင့် မည်မျှဒေါသထွက်မည်ကို တွေးပြီးပြုံးမိနေ၏။

သူသည် အိတ်ထဲမှငွေအိတ်ကလေးကို နှိုက်ယူလိုက်သည်။ မိမိပစ္စည်းများ လျော့နည်းသွားခြင်း ရှိမရှိ ပြန်လည်စစ်ဆေးကြည့်လိုက်သည်။

သို့သော် ....

ပစ္စည်းများကိုကြည့်လိုက်သောအခါ သူငိုင်သွားလေသည်။

ငွေအိတ်ထဲ၌ သူ့ဖခင်ပေးလိုက်သော ငွေလွှဲလက်မှတ်များ၊ အမေပေးလိုက်သောရွှေတုံးငွေစများ၊ ထို့ပြင် သူပိုင်မဟုတ်သော ပစ္စည်းနှစ်မျိုး ပိုလာသည်ကိုတွေ့လိုက်ရလေသည်။

ဇီးသီးအရွယ်မျှရှိသောပုလဲတစ်လုံးနှင့် အရောင်အသွေးတဖိတ်ဖိတ်တောက်နေသော ကျောက်စိမ်းပြားတစ်ခု။

ထွန်းယို့သည် ကျောက်မျက်ရတနာပုံများကြားမှ ကြီးပြင်းလာသူတစ်ဦးဖြစ်သည်။

ထို့ကြောင့် ယင်းပုလဲလုံးနှင့်ကျောက်စိမ်းပြားသည် တန်ဖိုးမဖြတ်နိုင်သောပစ္စည်းများဖြစ်သည်ကိုသိရှိသည်။

ဤပစ္စည်းနှစ်မျိုးသည် ညမွှေးပန်းက မည်သူ့ထံမှရရှိလာပါသနည်း။

သူသည် အနည်းငယ်စဉ်းစားလိုက်သည်နှင့်အဖြေရလာလေသည်။ အဖြေကား ညမွှေးပန်းသည် အခြားတစ်ယောက်ထံမှခိုးယူထားခြင်းဖြစ်သည်။



မိမိက လျင်၍သာ မိမိ၏ပစ္စည်းများကို ပြန်လည်ရရှိခဲ့ရုံမက ညမွှေးပန်းခိုးဝှက်ထားသောပစ္စည်းများပါ အမှတ်မထင် သူ့လက်ထဲသို့ ပါလာခြင်းဖြစ်သည်။

သူပိုင်မဟုတ်သောပစ္စည်းနှစ်မျိုးအား ပြန်လည်ပေးရန် သင့်မသင့် သူတွေးလိုက်သည်။ နောက်ဆုံး သူသည် သူမအား ပညာပေးသည့်အနေဖြင့် ပြန်မပေးရန်ဆုံးဖြတ်လိုက်လေသည်။

သူသည် ပစ္စည်းအားလုံးကို အိတ်ထဲသို့ပြန်ထည့်လိုက်၏။

ထိုအချိန်တွင် နေဝန်းနီ ခေါင်းပြူစပြုလာနေလေပြီ။

ရုတ်တရက် ရေသံများကြားလိုက်ရသည်။

လှေကလေးတစ်စင်းသည် နွယ်ပင်များကြားမှ ဘွားခနဲပေါ်ထွက်လာလေသည်။ လှေလေးပေါ်တွင် လူရွယ်တစ်ယောက်သည် ခမောက်ဆောင်းလျက် သူ့အားလှမ်း၍ ....

"အစ်ကိုလေး .... ဟိုဘက်ကမ်းကူးမလို့လား"

ဟုမေးလိုက်လေသည်။

ထွန်းယို့သည် ပြုံးမိလေသည်။

မိမိ၏ကုသိုလ်ကံမှာ အလွန်ကောင်းသည်ဟု သူကျေနပ်မိ၏။

"ဟုတ်တယ်၊ ငါ့ကိုကျောက်တုံးတည်းခိုခန်းလိုက်ပို့ပါ"

သူသည် ပြောရင်းလှေငယ်ပေါ်သို့ခုန်တက်လိုက်လေသည်။

လေကလေးသည်လည်း တရွေ့ရွေ့ဖြင့် တစ်ဖက်ကမ်းသို့ ရွေ့လျားသွားတော့သည်။ ထွန်းယို့သည် ကနေ့အဖို့ စိတ်ကြည်နူးနေ၏။ ထို့ကြောင့် သူသည် ငွေစတစ်တုံးနှိုက်ယူပြီး လှေကလေး လှော်ခတ်သူအား ပေးလိုက်သည်။

သို့သော် ထိုလူရွယ်သည် မျက်ခုံးနှစ်ဖက်ရှုံ့လိုက်ပြီး ....

"မင်းကစားပြလား"

ဟုမေးလိုက်လေသည်။

ထွန်းယို့ ကြောင်အမ်းအမ်းဖြစ်သွားသည်။

မိမိမှာ ဝမ်းသာပျော်ရွှင်နေ၍ ယခုကဲ့သို့ ကူးတို့ခအား အဆမတန်ပေးလိုက်ခြင်းဖြစ်သည်။

သူသည်ပြုံး၍ ထိုလူရွယ်အား ....

"ကျွန်တော် ဓားပြနဲ့တူနေလို့လား"

"ဓားပြမဟုတ်ရင် ဘာဖြစ်လို့ ကူးတို့ခကို အဆမတန်ပိုပေးရတာလဲ"

"ဘာလဲ၊ ခင်ဗျားက များတယ်ထင်လို့ လက်မခံတာလား"

"ဟုတ်တယ် .... ဒါပေမဲ့ အခုတော့ မင်းပေးတဲ့ငွေ နည်းနေတယ်လို့ကျုပ်ယူဆတယ်"

ထွန်းယို့သည် ဒုတိယအကြိမ် ကြောင်အမ်းအမ်းဖြစ်သွား၍ ပြန်လေသည်။



"ဘာဖြစ်လို့လဲ"

ထိုလူရွယ်က သူ့အားစိုက်ကြည့်ရင်း ....

"မင်းမှာ ငွေစ ဒါလောက်များလွန်းနေရင် ကျုပ်လဲများများလိုချင်တယ်"

"ဒါဖြင့် ခင်ဗျားဘယ်လောက်လိုချင်သလဲ"

"မင်းမှာရှိသလောက် ကျုပ်လိုချင်တယ်"

ထွန်းယို့ အားရပါးရရယ်မောလိုက်သည်။

"ဟား .... ဟား .... ဟား .... ကျုပ်ဓားပြမဟုတ်ဘူး၊ ခင်ဗျားသာ ဓားပြဖြစ်နေပြီ"

ထိုလူရွယ်သည် မျက်နှာမဲ့လိုက်ပြီး ....

"အေး .... မင်းအခုလိုအချိန်မီသိရင်လဲ ရှိသမျှ အကုန်သာ ထုတ်ပေတော့"

ထွန်းယို့သည် မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က ထုတ်မပေးဘူးဆိုရင်ကော ...."

"မင်းကိုရေချိုးပေးလိုက်မှာပေါ့"

"ဟား .... ကျေးဇူးတင်ပါတယ်၊ နေပါစေ၊ စောစောစီးစီး ကျွန်တော် ရေချိုးလေ့မရှိလို့ပါ"

"အေး .... အရင်တုန်းကမရှိခဲ့ပေမယ့် အခုတော့ ရေချိုးဖို့သာ ပြင်ပေတော့"

ထိုလူရွယ်သည် ဤသို့ပြောပြီး ခမောက်ကိုချွတ်ကာ ရေထဲသို့ခုန်ချလိုက်လေတော့သည်။

တစ်ဆက်တည်းမှာပင် လှေကလေးသည် ချာချာလည်နေလေတော့သည်။

ထွန်းယို့သည် အနည်းငယ်မျှ ကြောင့်ကြမှုမရှိပေ။

"ချာချာလည်နေလို့တော်သေးတာပေ့ါ၊ မှောက်သွားရင်တော့ ဒုက္ခဘဲ"

ဟုညည်းညူလိုက်လေသည်။

သို့သော် သူ၏စကားမဆုံးမီမှာပင် လှေလေးသည် မှောက်သွားလေတော့၏။

လှေကလေး တဖက်စောင်း၍မှောက်မည်အပြုတွင် ထွန်းယို့၏ကိုယ်ခန္ဓာသည် အပေါ်သို့ထိုးတက်သွားသည်။

လှေကလေး မှောက်သွားသောအခါ ထွန်းယို့သည် လေထဲ၌တစ်ပတ်ကျွမ်းထိုးကာ မှောက်နေသောလှေပေါ်သို့ ပြန်လည်ကျလာလေသည်။

"အင်း .... မှောက်တာလောက်တော့ တော်ပါသေးရဲ့၊ မြုပ်သွားရင်တော့အခက်ပဲ"

ထွန်းယို့သည် မှောက်နေသောလှေပေါ်၌ မတ်တတ်ရပ်ရင်းညည်းညူလိုက်လေသည်။



ရုတ်တရက် ....

"ဒုတ်"ဟူသောအသံကြားလိုက်ရသည်။

လှေကလေး၏ဝမ်းဗိုက်တွင် အပေါက်ကလေးတစ်ပေါက်ပေါ်လာလေတော့သည်။ ကန်ရေများသည် ထိုအပေါက်မှ တပွက်ပွက်ထွက်လာသည်။

လှေကလေးသည် ရေထဲသို့ တဖြေးဖြေးမြုပ်သွားလေတော့သည်။ သို့သော် .... ထွန်းယို့သည် ရေထဲသို့ မြုပ်မသွားပါ။

လှေကလေး၏ ဦးပိုင်းမှ အဖုံးပျဉ်ပြားသည် ရေပေါ်၌ပေါ်၍နေလေသည်။

သူသည် လှေကလေးမြုပ်သွားသည်နှင့် ထိုပျဉ်ပြားပေါ်သို့လှမ်းခုန်လိုက်သည်။ ပျဉ်ပြားသည် ရှေ့သို့လျှောခနဲ ဝါးတစ်ရိုက်ခန့်ထွက်သွားလေသည်။

သူသည် ဤသို့ခြေဖျားဖြင့် ပျဉ်ပြားပေါ်သို့တစ်ချက်ထောက်နင်းလိုက်သည်နှင့် သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် ထိုထောက်နင်းလိုက်သောအားကိုယူ၍ အပေါ်သို့ခုန်တက်သွားပြန်လေသည်။

လေတစ်ချက်ရှူရှိုက်လိုက်ပြီး သူ၏ခြေဖျားသည် အရှေ့သို့လျှောထွက်နေသောပျဉ်ပြားပေါ်သို့ တစ်ဖန်ထောက်နင်းလိုက်ပြန်လေသည်။

သူသည် ဤနည်းဖြင့် ပျဉ်ပြားအား သုံးကြိမ်ထောက်နင်းပြီး

စတုတ္ထအကြိမ်တွင် သူ၏ခန္ဓာကိုယ်သည် ကုန်းပေါ်သို့ အသာအယာ ရောက်သွားတော့သည်။

"ဝှက် .... လ .... လ .... လ"

ရေသံများနှင့်အတူ လူရွှယ်သည် ရေထဲမှခေါင်းပြူထွက်လာလေတော့သည်။

သူသည် မည်းနက်၍တောက်ပသော မျက်လုံးဖြင့် ထွန်းယို့အား စိုက်ကြည့်နေလေသည်။ ထွန်းယို့သည် လက်နှစ်ဖက်နောက်သို့ ပစ်ကာ ထိုလူရွှယ်အားပြုံး၍ ....

"စောစောစီးစီးရေချိုးရင် အအေးမိတတ်တယ်ကွ၊ သတိလထားပါဦး"

ဟုပြောလိုက်လေသည်။

ထိုလူရွှယ်သည် သူ့အား အတန်ကြာငိုင်၍ကြည့်နေရာမှ သက် ပြင်းတစ်ချက်ချလိုက်ပြီး ....

"မင်း ကိုယ်ဖော့ပညာမဆိုးဘူး"

ဟုချီးကျူးလိုက်လေသည်။

ထွန်းယို့သည် ယဉ်ကျေးစွာပြုံးပြပြီး ....

"ဟဲ .... ဟဲ .... သိုင်းသမားတစ်ယောက်ဟာ ဒါလောက်တော့ တတ်ရမှာပေါ့"

ထိုလူရွှယ်သည် မျက်နှာခပ်တည်တည်ဖြင့် ....



"မင်းကြည့်ရတာ ပညာအခြေခံမဆိုးဘူး၊ ဒါပေမဲ့ .... လူကဆိုးတယ်"

ထွန်းယို့သည် ထိုလူရွှယ်၏စကားကြောင့် မနေနိုင်ဘဲ ရယ်ချလိုက်လေသည်။

"ဟား .... ဟား .... ဟား.... နေပါဦးဗျ၊ ကျုပ်ကဆိုးသလား၊ ခင်ဗျားကဆိုးသလား၊ ရှင်းရှင်းပြောစမ်းပါ"

ထိုလူရွှယ်ကသက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"မင်းမှာ ကြီးမားတဲ့အန္တရာယ်တစ်ခုနဲ့ ရင်ဆိုင်ကြုံတွေ့ရတော့မယ်၊ မင်းကိုငါ ကူညီမလို့ပါဘဲ၊ ဒါပေမဲ့ မင်းမှာသေလမ်းတစ်ခုပဲကျန်တော့တယ်"

ထွန်းယို့သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ခင်ဗျား ကျုပ်ကိုရေချိုးခိုင်းတာဟာ ကူညီတဲ့သဘောဟုတ်လား"

ဟုပြန်မေးလိုက်လေသည်။

ထိုလူရွှယ်သည် သက်ပြင်းတစ်ချက်ချပြီး ရေထဲသို့သုတ်ခနဲဝင်သွားပြန်လေသည်။

"ဟေ့ .... ကိုယ့်လူ ခဏနေပါဦးဗျ"

ထွန်းယို့သည် ကပျာကယာလှမ်းခေါ်လိုက်သည်။

ထိုလူရွှယ်သည် ရေထဲမှပြန်လည်ခေါင်းပြူလာပြီး ....

"မင်း ဘာပြောချင်သေးသလဲ"

"ခင်ဗျားကိုကျေးဇူးတင်ပါတယ်ပြောဖို့ ကျန်နေသေးလို့ပါ"

ထိုလူရွယ်သည် မျက်မှောင်ကုပ်သွားသည်။

"ငါ့ကိုကျေးဇူးတင်တယ်ဟုတ်လား"

ထွန်းယို့သည် ပြုံးလိုက်ပြီး ....

"ဘာပဲဖြစ်ဖြစ် ခင်ဗျားကိုတော့ကျေးဇူးတင်ရမှာပဲ"

သူ၏အပြုံးသည် ရိုးသားရျပွင့်လင်းသော အပြုံးဖြစ်သည်။

ထိုလူရွယ်သည် သူ့အား အတန်ကြာကြည့်ပြီးမှ သက်ပြင်း တစ်ချက်ချလိုက်ပြန်သည်။

"မင်း ငယ်ငယ်ရွယ်ရွယ်နဲ့သေရင် နှမြောစရာပဲ"

ထွန်းယို့ကရယ်မောရျ ....

"ကျုပ်လဲ မသေချင်သေးပါဘူးဗျာ"

လူရွယ်သည် အတန်ကြာချင့်ချိန်စဉ်းစားလိုက်ပြီး ....

"မင်း အခုနေ ဟုန်လင်ဘုန်းကြီးကျောင်းက မူစန်းလင်နဲ့ သွား တွေ့ရင်တော့ မင်းမှာအသက်ရှင်စရာအကြောင်းရှိသေးတယ်"

ထွန်းယို့က မဲ့ပြုံးပြုံးလိုက်ပြီး ....

"ကျုပ် ကျန်းကျန်းမာမာရှိပါတယ်ဗျာ၊ ခင်ဗျားက ဘာဖြစ်လို့ ကျုပ်သေမယ်လို့ချည်းပြောနေရတာလဲဗျ"

လူရွယ်သည် သူ့အားမျက်လုံးပြူးရျကြည့်လိုက်သည်။



"မင်း ဘာတွေလုပ်ခဲ့တယ်ဆိုတာ မင်းမေ့နေပြီလား"

ထွန်းယို့သည် မျက်မှောင်ကုပ်လိုက်သည်။

"ကျုပ် ဘာတွေလုပ်မှားကိုင်မှားရှိခဲ့လို့ပါလိမ့်"

လူရွယ်သည် မျက်နှာတင်းတင်းဖြင့် ....

"မင်းက ထိပ်တိုက်တွေ့ဖို့မသင့်တဲ့လူကိုမှ သွားပြီးထိပ်တိုက် တွေ့တာကိုး"

ထွန်းယို့သည် ထိုလူ၏စကားကြောင့် လူဆိုးလေးယောက် အား သတိရလာလေတော့သည်။

"ခင်ဗျားက အားနွဲ့တဲ့မိန်းကလေးကိုစော်ကားတဲ့ လူဆိုး လေးယောက်ကိုဆိုလိုတာလားဗျ"

ထိုလူသည် ဆက်ရျစကားမပြောတော့ဘဲ ရေထဲသို့ငုပ်သွား လေတော့သည်။

"ဟေ့ .... ဟေ့လူ .... ဟုန်လင်ဘုန်းကြီးကျောင်း ဘယ်မှာရှိ တယ်ဆိုတာပြောသွားဦးလေ"

ထွန်းယို့သည် ထိုလူအား လှမ်းရျအော်မေးလိုက်သော်လည်း ရေကန်ပေါ်၌ ထိုလူ၏အရိပ်ပင် မတွေ့ရတော့ချေ။

လှေကလေးမှာလည်း စုံးစုံးမြုပ်သွားချေပြီ။

သူသည် သက်ပြင်းတစ်ချက်ချပြီး တစ်ဖက်သို့လှည့်လိုက် လေသည်။ ရုတ်တရက် ....

ပန်းရုံကြားမှနေ၍ ဝိုင်းစက်သောမျက်လုံးတစ်စုံသည် သူ့အား စိုက်ကြည့်နေသည်ကိုမြင်လိုက်ရလေသည်။

ဟုတ်ပါ၏။

ယမန်နေ့က ကောင်းသုံးကောင်းစားသောက်ဆိုင်မှာ တွေ့ဆုံခဲ့သော ယောကျ်ားဟန်ဆောင်သောမိန်းကလေးပင်ဖြစ်ပါသည်။

မနေ့ကဝတ်ဆင်သောအစိမ်းနုရောင်အဝတ်များပင် ဝတ်ဆင်ထားလျက်ရှိ၏။ သို့သော် .... သူ၏ခါးတွင် လှပခန့်ညားသော ဓားအိမ်နှင့် ဓားတစ်ချောင်းချိတ်ထားသည်။

မိန်းကလေး၏ခါးမှာ ချိတ်ထားသောဓားကိုတွေ့လိုက်ရမှ မိမိ၏ကျောက်စိမ်းဓားသည် ညမွှေးပန်းထံတွင် မေ့ကျန်ရစ်ခဲ့သည်ကို သတိရလာလေသည်။

ထွန်းယို့သည် ကျောက်စိမ်းဓားအတွက်စိတ်မကောင်းဖြစ်လာသည်။ ထို့ကြောင့် သူသည် ယင်းကျောက်စိမ်းဓားပြန်လည်ရရှိနိုင်ရန်စဉ်းစားရင်း သက်ပြင်းတစ်ချက်ချလိုက်လေသည်။

ဝိုင်းစက်သောမျက်လုံးပိုင်ရှင်မိန်းကလေးသည် သူ့အားတွေ့လိုက်ရသည်နှင့် အေးစက်သောအသံဖြင့် ....

"ဟင် .... ဟုန်လင်ဘုန်းကြီးကျောင်း ဘယ်မှာရှိတယ်ဆိုတာတောင် မသိဘူး၊ ဒါနဲ့များ သူ့အဖေက အပြင်လောကကိုလွှတ်လိုက်ရသေးတယ်"



ဟုပြောလိုက်လေသည်။

ထွန်းယို့သည် လက်နှစ်ဖက်ဆုပ်ကာ အလေးပြုလိုက်ပြီး ....

"ဒီလိုဆို ဟုန်လင်ဘုန်းကြီးကျောင်း ဘယ်မှာရှိတယ်ဆိုတာ ပြောပြပါလား"

ဟုမေးလိုက်လေသည်။

မိန်းကလေးသည် နောက်သို့တစ်ချက်လှမ်းကြည့်လိုက်၏။

ထို့နောက် ဝဲယာသို့တစ်ချက်လှမ်းကြည့်လိုက်ပြီး ....

"ခင်ဗျား ဘယ်သူနဲ့စကားပြောနေတာလဲ"

ထွန်းယို့ကပြုံးလိုက်ပြီး ....

"ဒီနေရာမှာ ခင်ဗျားတစ်ယောက်ထဲရှိတယ်၊ ခင်ဗျားကိုမေးနေတာပေါ့ဗျ"

မိန်းကလေးသည် မျက်နှာတည်တည်တားလိုက်ပြီး ....

"ခင်ဗျားပဲ ပြောခဲ့တာမဟုတ်လား၊ ယောကျ်ားနဲ့မိန်းမဟာ သိပ်ဆက်ဆံလို့မသင့်ဘူးထင်တယ်"

ခက်ချေပြီ။

မနေ့က ထွန်းယို့၏စကားကို ပြန်လည်ချေပနေပြီကော။

ထားပါတော့လေ။ ယောကျ်ားရင့်မာကြီးတစ်ယောက်ကအားနဲ့တဲ့မိန်းကလေးတစ်ယောက်နဲ့ ဖက်ပြိုင်စကားနိုင်လုရန် မသင့်ပါပေ။

ထို့ကြောင့် ထွန်းယို့ကမျက်နှာအချိုသာဆုံးထားလိုက်ပြီး ....

"ညီမက ဟုန်လင်ဘုန်းကြီးကျောင်းကိုသိရင် ကျုပ်ကိုညွှန်ပြပါလားဗျာ"

မိန်းကလေးက သူမ၏ဝိုင်းစက်သောမျက်လုံးကိုပြူးကာ ....

"ခင်ဗျားနဲ့ကျုပ်နဲ့ သိကျွမ်းတာမှမဟုတ်ဘဲ၊ ကျုပ်က ဘာဖြစ်လို့ညွှန်ပြရမှာလဲ"

ထွန်းယို့သည် အနည်းငယ်အောင့်သွားသည်။

သို့သော် သူသည် သည်းခံလိုက်ပါ၏။

"ကျုပ်နာမည်ထွန်းယို့ပါ၊ ညီမက ...."

"အို .... ယောကျ်ားနဲ့မိန်းမ ခွဲခြားတဲ့လူကြီး၊ အရက်တောင်အတူမသောက်နိုင်ဘဲဟာ၊ နာမည်ပြောပြလို့ ဖြစ်နိုင်ပါ့မလား"

အင်း .... ခက်ချေပြီ။

ဤ ဝိုင်းစက်သောမျက်လုံးပိုင်ရှင်သည် အလွန်စိတ်ထားကျဉ်းမြောင်းပုံရသည်။

နေပါတော့။ ယောကျ်ားပဲ။

ပါးစပ်ရှိရင် ဟုန်လင်ဘုန်းကြီးကျောင်းကိုတော့ ရှာလို့တွေ့ရမှာပေါ့။ သူသည် ဤသို့တွေးမိရင်း လက်နှစ်ဖက်ဆုပ်ပြီးအလေးပြုလိုက်သည်။

"ဒီလိုဆိုရင် ကျွန်တော့်ကိုသွားခွင့်ပြုပါခင်ဗျာ"



ဟုပြောပြီး တစ်ဖက်သို့လှည့်လိုက်သည်။

"ဒီမှာ .... သွားခွင့်မပြုနိုင်သေးဘူး၊ နေဦး"

မိန်းကလေး၏စကားကြောင့် ထွန်းယို့စိတ်ပျက်သွားသည်။

သူသည် ပြန်လှည့်လိုက်ပြီး ....

"ဘာဖြစ်လို့လဲဗျ"

"ကျုပ်စကားမပြီးသေးဘူးလေ၊ မေးစရာတွေကျန်နေသေးလို့"

ထွန်းယို့ မျက်မှောင်ကုပ်သွားသည်။

"ကဲဗျာ .... မေးစရာရှိတာမြန်မြန်မေးပါ"

မိန်းကလေးက လှောင်ပြုံးပြုံးလိုက်ပြီး ....

"ခင်ဗျားကို ကျုပ်နဲ့အဖော်အဖြစ် အရက်သောက်ရအောင်ဖိတ်တော့ ခင်ဗျားက ရေးကြီးခွင်ကျယ်လုပ်ပြီး လှေကြီးပေါ်က မိန်းကလေးကျတော့၊ အတူထိုင်ပြီးအရက်သောက်တယ်၊ အေး .... မနေ့ညက သွားပြီး အခုမှပြန်လာတယ်၊ ဆိုစမ်းပါဦး၊ သူက မိန်းမ မဟုတ်လို့လား"

ယခု .... ထွန်းယို့သဘောပေါက်နားလည်လိုက်လေပြီ။

မိန်းကလေးက သူ့အား မနေ့ကကိစ္စနှင့်ပတ်သက်၍ မကျေမနပ်ဖြစ်နေချေပြီ။ ထို့ကြောင့် သူသည် စကားမပြောတော့ဘဲ ရေငုံ၍နေလေသည်။ မိန်းကလေးသည် သူ့အားမျက်လုံးပြူး၍ကြည့်ပြီး ....

"ဘာလဲ .... ခင်ဗျားက စကားမေးတောင်မရတော့ပါလား၊ ခင်ဗျားအမှားကိုသိပြီမဟုတ်လား"

ဟု ထပ်မံမေးလိုက်ပြန်သည်။

ထွန်းယို့ မည်သို့ဖြေရှင်းရမည်နည်း။

သူသည် မဲ့ပြုံးပြုံးပြသည်မှလွဲ၍ ဘာတတ်နိုင်ဦးမည်နည်း။

မိန်းကလေးသည် သူ့အားကြည့်ပြီး ခိခနဲရယ်လိုက်၏။

"ဟင်း.... ကိုယ့်အမှားကိုယ်သိတတ်တဲ့လူဆိုတော့ သိပ်မဆိုး သေးဘူး၊ ကောင်းပြီ၊ ကျုပ်လိုက်ပြမယ်၊ လိုက်ခဲ့"

မိန်းကလေးသည် ဤသို့ပြောရင်း တစ်ဖက်သို့လှည့်မည်အပြုတွင် ထွန်းယို့က ရုတ်တရက်ကြောင်အမ်းအမ်းဖြင့် လှမ်း၍ .....

"နေပါဦးဗျ၊ ခင်ဗျားက ဟုန်လင်ဘုန်းကြီးကျောင်းကိုလိုက်ပို့မလို့ဟုတ်လား"

ဟုမေးလိုက်လေသည်။

မိန်းကလေးက နီထွေးသောနှုတ်ခမ်းလေးကိုကိုက်ပြီး ....

"ဟုန်လင်ဘုန်းကြီးကျောင်းမသွားဘဲ ခင်ဗျားကိုသွားရောင်းစားမှာစိုးရိမ်လို့လား"

ဟုပြောလိုက်လေတော့သည်။

* * *



"ကိုယ်နှင့်မသိကျွမ်းသောမိန်းကလေးနှင့် မဆက်ဆံရ"

ဤစည်းကမ်းချက်ကို တစ်ကြိမ်ကျူးကျော်ဖောက်ဖျက်ခဲ့လေပြီ။ ယခု သူသည် ဒုတိယအကြိမ်ဖောက်ဖျက်လျက်ရှိနေချေပြီ။

သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

ယခု ဆက်ဆံနေရသောမိန်းကလေးသည် မနေ့ကဆက်ဆံခဲ့ရသော မိန်းကလေးထက်ကောင်းမွန်ချောမောပါစေဟုသာ ....

ဆုတောင်းနေရလေသည်။

မိန်းကလေးသည် ကမ်းစပ်မှနွယ်ပင်များကို လက်ဖြင့်ဖယ်ရှားရင်း ရှေ့သို့သွားသည်။ ထွန်းယို့သည် နောက်မှလိုက်ပါသွား၏။

လေနုလေးကြောင့် နွယ်ပင်များသည် ယိမ်းနွဲ့၍နေ၏။

မိန်းကလေး၏အချိုးအဆစ်ကျသောကိုယ်လေးသည် ယိမ်းနွဲ့ကာရှေ့သို့သွားနေ၏။ ထွန်းယို့သည် ကျိတ်၍သက်ပြင်းချလိုက်ရပြန်သည်။

မိန်းကလေးသည် လှပသောမျက်ဝန်း၊ နှာတံ၊ နှုတ်ခမ်းနှင့် မည်းနက်သောဆံကေသာများရှိသည့်ပြင် ကိုယ်လုံးကိုယ်ပေါက်လည်း နတ်ပန်းပုထုထားသည့် နတ်မိမယ်ပမာ အချိုးအဆစ်ပြေပြစ်လှသည်ကိုတွေ့ရှိရလေသည်။

ရှေ့သို့အတန်ကြာလျှောက်သွားပြီးသည့်အခါ မိန်းကလေးက သမင်လည်ပြန်လှည့်၍ပြုံးလိုက်ပြီး ....

"ကျုပ်နာမည်ဝါဝါဘုန်းလို့ခေါ်တယ်၊ မှတ်ထား"

ဟုကိုယ့်ကိုယ်ကိုမိတ်ဆက်လိုက်လေသည်။

ဝါဝါဘုန်းတဲ့။

လှလိုက်တဲ့နာမည်။

လှူနှင့်လိုက်ဖက်အောင် လှပချောမောသောမိန်းကလေး။

ထွန်းယို့သည် ကျေနပ်စွာပြုံးမိလေသည်။

သူသည် ယင်းမိန်းကလေး၏နာမည်ကို သိထားပြီးဖြစ်သည်။ ထို့ကြောင့် သူသည် မသိကျွမ်းသောမိန်းကလေးနှင့် ဆက်ဆံနေသည်မဟုတ်တော့ပြီ။ သူသည် ယင်းမိန်းကလေးအားသိကျွမ်းလာပြီဖြစ်သဖြင့် သူ့ဖခင်ပေးလိုက်သော စည်းကမ်းချက်အမှတ်(၇) အားဖောက်ဖျက်ခြင်းမဟုတ်တော့ပြီဟု ကိုယ့်ကိုယ်ကိုဆင်ခြေပေးလျက် ကျေနပ်ခဲ့လေတော့သည်။

* * *



ဟုန်လင်ဘုန်းကြီးကျောင်းသည် နာမည်ကျော် ယို့မြို့စားကြီး၏ဂူအနီးရှိ ခရေပန်းရွာ၏ဝဲဘက်တွင်တည်ရှိသည်။

အနောက်ကန်၏တောအုပ်ရှစ်ခုအနက် တစ်ခုအပါအဝင်ဖြစ်လေသည်။ ဘုန်းကြီးကျောင်း၏အဆောက်အဦးသည် ကြီးကျယ်ခမ်းနားသည်။ ဤဘုန်းကြီးကျောင်းသို့ လာရောက်တရားဘာဝနာပွားများသော ဗုဒ္ဓဘာသာဝင်များသည် အဲလွန်စည်ကားသိုက်မြိုက်စွာရှိလေသည်။

သို့သော် .... ဘုန်းကြီးကျောင်းနှင့်မူစန်းလင်ဟူသည် မည်သို့မျှ ဆက်စပ်မရပါချေ။

"ဟေ့ .... ခင်ဗျားနားကြားများလွဲသလားဗျ"

ဝါဝါဘုန်းသည် ထွန်းယို့အား မျက်ဆံပြူး၍ မေးလိုက်ခြင်းဖြစ်လေသည်။

"ဘာဖြစ်လို့လဲ"

"ဘုန်းကြီးကျောင်းမှာ မူစန်းလင်ကိုလာရှာရတယ်လို့ဖြစ်နိုင်ပါ့မလား"

ထွန်းယို့ငိုင်သွားသည်။ ဟုတ်ပါသည်။

ဘုန်းကြီးကျောင်းတွင် မူစန်းလင်အား မည်သို့ရှာ၍ရမည်နည်း။

သူသည် မျက်မှောင်ကုပ်၍အတန်ကြာစဉ်းစားပြီး ....

"ဒါဖြင့် ဟိုလူက ဘာဖြစ်လို့ ဒီကိုညွှန်လိုက်ရတာလဲ"

"အဲဒီလူကို ခင်ဗျားသိလား"

ထွန်းယို့သည် ခေါင်းခါယမ်းပြလိုက်သည်။

ဝါဝါဘုန်းသည် ရယ်မော၍ ....

"ခင်ဗျားက သူ့ကိုမသိဘဲနဲ့ သူက ဘုန်းကြီးကျောင်းလာခိုင်းတာနဲ့ ခင်ဗျားလာတယ်၊ အဲ .... သူက မယ်သီလရှင်ကျောင်းသွားပါဆိုရင် ခင်ဗျားသွားမှာပဲလား"

ထွန်းယို့သည် သူမ၏စကားကြောင့် ငိုင်သွားလေသည်။

သူ့ဖခင်၏ အမှတ်(၆)စည်းကမ်းချက်တွင်

"သူတစ်ပါးပြောတိုင်း မယုံရ"

ဟုပါရှိသည်ကို သူသတိရလာလေသည်။

ဝါဝါဘုန်းသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျားက ဒီလိုသာ သူများပြောတိုင်း လိုက်ယုံစားနေရင် တစ်နေ့နေ့ သူများရောင်းစားလိုက်တောင် ခင်ဗျားသိမှာမဟုတ်ဘူး"

ထွန်းယို့သည် ခေါင်းခါယမ်းလိုက်ပြီး ....

"ဒီလူ ကျုပ်ကို မူစန်းလင်ဆီလာတွေ့ခိုင်းတာ အကြောင်းတစ်ခုခုတော့ရှိရမယ်လို့ကျုပ်ယုံတယ်"

ဝါဝါဘုန်းသည် မျက်တောင်ခတ်၍စဉ်းစားရင်း ....

"အဲဒါလဲဟုတ်တယ်"



ထွန်းယို့သည် ဘေးသို့တစ်ချက်လှည့်ကြည့်လိုက်ပြီး ....

"သူက ကျုပ်ကိုအကြံနဲ့ ဒီနေရာလွှတ်လိုက်တယ်ဆိုတော့ ဒီအနီးအနားမှာ သူ့အကြံပါတွေလဲရှိနိုင်မယ်"

ဝါဝါဘုန်းက ခေါင်းညိတ်လိုက်သည်။

ထွန်းယို့သည် ဝါဝါဘုန်း၏မျက်နှာအား စေ့စေ့ကြည့်ပြီး ....

"ခင်ဗျားလဲ သူတို့လူတွေထဲကဖြစ်နိုင်တယ်"

ဝါဝါဘုန်းက မျက်နှာခပ်တည်တည်ဖြင့် ....

"အင်း .... သိပ်ဖြစ်နိုင်တာပေါ့၊ အခု ကျုပ်ကခင်ဗျားကို အဆိပ်ခတ်ပြီးသတ်ချင်တယ်၊ ခင်ဗျား ကျုပ်နောက်လိုက်ဝံ့ပါ့မလား"

ထွန်းယို့က သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ဘယ်ကိုလိုက်ရမှာလဲဗျ"

ဝါဝါဘုန်းသည် ဝဲဘက်ကိုလက်ညှိုးညွှန်ပြလိုက်ပြီး ....

"ဟိုမှာ ထမင်းဆိုင်တစ်ဆိုင်ရှိတယ်"

သူမ၏စကားသည် ရုတ်တရက်ရပ်တန့်သွားသည်။

အကြောင်းမှာ သူမညွှန်ပြသည့်နေရာတည့်တည့်တွင် ထမင်း ဆိုင်တစ်ဆိုင်ရှိကာ ထမင်းဆိုင်ပေါ်မှဆိုင်းဘုတ်တွင် ....

"မူစန်းလင်ထမင်းဆိုင်"ဟု ရေးထားသောကြောင့်ဖြစ်သည်။

* * *

မှူစန်းလင်ထမင်းဆိုင်သည် အခန်းနှစ်ခန်းမျှကျယ်ဝန်းသော ဆိုင်ကလေးတစ်ဆိုင်မျှဖြစ်သည်။ သို့သော် ထမင်းစားသောက်နေကြသောလူများသည် စည်ကားလှပေသည်။

ထို့ကြောင့် သူတို့သည် စားပွဲလွတ်တစ်ခုတွင် အတန်ကြာထိုင် နေပြီဖြစ်သော်လည်း စားပွဲထိုးလုလင်တစ်ယောက်တလေမျှလာ ရောက်ခြင်းမရှိသေးပေ။

ထွန်းယို့သည် မျက်လုံးဝေ့ကာ စားပွဲထိုးများအား ရှာဖွေကြည့်လိုက်သည်။

ရုတ်တရက် .... သူ၏မျက်လုံးသည် တစ်စုံတစ်ယောက်နှင့် မျက်လုံးချင်းဆုံမိလေသည်။

အမျိုးသမီးတစ်ယောက်။

ဖြူဖွေး၍နူးညံ့သော ဘဲဥပုံမျက်နှာပေါ်တွင် ပေါင်ဒါစသည် အလှပစ္စည်းများဖြင့် မွမ်းမံခြယ်သထားခြင်းမရှိ။

အစိမ်းနုရောင်အပေါ်အင်္ကျီ၊ ခေါက်ရိုးဂါဝန်ရှည်အနက်ရောင်နှင့် အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိနေပြီဖြစ်သော်လည်း ရင် ခါး၊ တင်စသည်များ သူ့နေရာနှင့်သူ အချိုးအဆစ်ပြေပြစ်လှပေ၏။

သူမသည် ပြုံးရွှင်စွာဖြင့် သူ့အား စိုက်ကြည့်နေ၏။

ထွန်းယို့သည် ဤအမျိုးသမီးအား မြင်ဖူးသလိုလိုရှိသည်ဟု ထင်မိသည်။



သို့သော် .... တိတိကျကျမမှတ်မိပါချေ။

ဝါဝါဘုန်းသည် ထွန်းယို့ကြည့်နေပုံမှာထူးခြားနေသည်ဟု ထင် မိသဖြင့် နောက်သို့လှည့်ကြည့်မိသည်။ သူမသည် ထိုအမျိုးသမီးအားတွေ့လိုက်သည်နှင့် မျက်နှာခပ်တင်းတင်းဖြစ်သွားသည်။

သူမသည် အသံခပ်အုပ်အုပ်ဖြင့် ....

"ဒီမိန်းမကဘယ်သူလဲ"

"မသိဘူး"

"ဒါဖြင့် ခင်ဗျားကို ဘာဖြစ်လို့ ပြုံးပြနေတာလဲ"

"ပြုံးပြတာပဲ .... အနှောင့်အယှက်ပေးတာထက်စာရင်တော့ ကောင်းပါသေးတယ်"

"သူက အနှောင့်အယှက်မပေးဘူးလို့ ခင်ဗျားကပြောနိုင်သလား"

ထွန်းယို့သည် မဖြေသာတော့ပါ။

အကြောင်းမှာ ထိုအမျိုးသမီးသည် သူတို့ထံသို့လျှောက်လာနေသည်ကိုတွေ့လိုက်ရခြင်းကြောင့်ဖြစ်ပါသည်။

"ရှင်တို့ ဒီအရပ်ကမဟုတ်ပါဘူးနော်"

အမျိုးသမီး၏အသံသည် သံလိုက်ဓာတ်ပါသည့်အလားကြားရသူအဖို့ ရင်ထဲကြည်နူးမိလာလေသည်။

ထွန်းယို့အဖြေမပေးမီမှာပင် ....

ဝါဝါဘုန်းက မျက်လုံးပြူး၍ကြည့်လိုက်ပြီး ....

"ဒီအရပ်ကဟုတ်ဟုတ် မဟုတ်ဟုတ် ခင်ဗျားဘာလုပ်မလို့လဲ"

ဟု ဘုဆတ်ဆတ်မေးလိုက်လေသည်။

အမျိုးသမီးက အပြုံးမပျက်ချေ။

"ဘာမှတော့မလုပ်ပါဘူး၊ ရှင်တို့ကို တစ်ခါမှမမြင်ဖူးလို့ပါ"

"ခင်ဗျားက ဘယ်သူလဲ"

"ဒီဆိုင် ကျွန်မဆိုင်ပါ"

"ဩော် .... လက်စသတ်တော့ ခင်ဗျားက ဒီထမင်းဆိုင်ရဲ့ပိုင်ရှင်ကိုး"

အမျိုးသမီးကထပ်မံပြုံးလိုက်သည်။

"ရှင်တို့ ဒီဆိုင်လာတာ ထမင်းစားဖို့သက်သက်ပဲလား"

ထွန်းယို့ကလည်း ပြုံး၍ပြန်ပြောလိုက်သည်။

"မဟုတ်ပါဘူး၊ ကျွန်တော်က မူစန်းလင်ကိုတွေ့ဖို့လာတာပါ"

အမျိုးသမီးက မျက်လုံးအနည်းငယ်ကျယ်သွားသည်။

"ရှင် သူ့ကိုသိလို့လား"

ထွန်းယို့ကခေါင်းခါယမ်းလိုက်သည်။

"မသိပါဘူး"



အမျိုးသမီးကပြုံးလိုက်ပြန်သည်။

"မူစန်းလင်က ကျွန်မရဲ့ခင်ပွန်းပါ၊ ရှင်က သူ့ကို မသိဘူးဆိုတော့ ဘယ်သူကလွှတ်လိုက်လို့လဲ"

"အနောက်ကန်က ကူးတို့ကူးတဲ့လူတစ်ဦးပါ"

အမျိုးသမီး အနည်းငယ်စဉ်းစားလိုက်ပြီး ....

"ဟုတ်ပြီ၊ ဒီလူ ရှာချောင်ဖြစ်ရမယ်၊ သူက ရှင့်ကို ဘာကိစ္စနဲ့လွှတ်လိုက်တာလဲ"

"ကျွန်တော်က လူဆိုးလေးယောက်ကိုရေထဲတွန်းချမိလို့ပါ"

"ဟုတ်ပြီ၊ ရှင်က သံမဏိဘုန်းကြီးရဲ့လူကိုမှ သွားပြီးပြဿနာရှာမိတာကိုး"

"သံမဏိဘုန်းကြီးဟုတ်လား၊ သူက ရှောင်လင်ကျောင်းကလူတွေလား"

"အစကတော့ဟုတ်ပါတယ်၊ ဒါပေမဲ့ နောက် သူရှောင်လင်ကို ပုန်ကန်ပြီးထွက်လာပါတယ်၊ လူဝတ်လဲပြီး ဒီနယ်ရောက်နေတယ်၊ ဒီနယ်တစ်ဝိုက်မှာ သူ့ကိုအာခံဝံ့တဲ့လူ တစ်ယောက်မှမရှိသေးဘူး"

သူမသည် ဤသို့ပြောပြီး ထွန်းယို့အား တစ်ဖန် စေ့စေ့ကြည့်လိုက်ပြန်သည်။

"ရှင်က ဘာကိစ္စ သူတို့နဲ့ရန်ဖြစ်ရတာလဲ"

တစ်ချိန်လုံး တိတ်ဆိတ်စွာနားထောင်နေသော ဝါဝါဘုန်းက

ပြုံးလိုက်သည်။

"မိန်းကလေးတစ်ယောက်ကို လူစွမ်းကောင်းလုပ်ပြီး ဝင်ကူခဲ့လို့ပေါ့"

အမျိုးသမီးသည် ထွန်းယို့အား စိုက်ကြည့်လိုက်ပြီး ....

"ဟုတ်လား .... ဘယ်လိုမိန်းကလေးကို ဝင်ပြီးကယ်တင်ရှင်လုပ်ခဲ့တာလဲရှင့်"

ထွန်းယို့သည် မျက်နှာတစ်ခုလုံးနီမြန်းလာသည်။

"သူ .... သူ့နာမည်က ညမွှေးပန်းလို့ပြောပါတယ်"

အမျိုးသမီးသည် ထွန်းယို့၏စကားကြောင့် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ရှင့်နယ် .... ညမွှေးပန်းဆိုတာ တစ်ကိုယ်တော်မိန်းမစားပြဆိုတာ မကြားဖူးဘူးနဲ့တူတယ်၊ အခု ရှင်ဘာလုပ်ချင်သလဲ"

ထွန်းယို့သည် အတန်ကြာတွေဝေပြီး ....

"ကျွန်တော့်အနေနဲ့ ဘယ်သူကိုမှမကြောက်ပါဘူး၊ ဒါပေမဲ့ ကျွန်တော်သွားရမယ့်ခရီးကလဲရှိသေးတယ်၊ ဒါကြောင့် ဒီမှာ လုပ်မှားကိုင်မှားမိခဲ့တဲ့ကိစ္စကို အမြန်ဆုံး ရှင်းရှင်းလင်းလင်း ဖြစ်သွားချင်ပါတယ်"

အမျိုးသမီးသည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး အတွင်းခန်းဘက်သို့လက်ညှိုးထိုးပြလိုက်သည်။



"ဒါဖြင့် .... မူစန်းလင် အခန်းထဲမှာရှိတယ်၊ ရှင်သွားတွေ့လိုက်ပါ"

ထွန်းယို့သည် ထိုင်ရာမှထလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော်သွားတွေ့လိုက်ပါမယ်"

ဝါဝါဘုန်းသည် မျက်နှာခပ်တည်တည်ဖြင့် ....

"ဘာလဲ .... ခင်ဗျား တကယ်သွားမှာလား"

ထွန်းယို့သည် ဝါဝါဘုန်းအား အံ့သြစွာဖြင့် တစ်ချက်ကြည့်လိုက်ပြီးနောက် ....

"မူစန်းလင်တွေ့ဖို့လာတဲ့ဥစ္စာ၊ ဝင်မတွေ့လို့ဖြစ်ပါ့မလား"

"ကောင်းပြီလေ၊ ခင်ဗျားသွားပါ"

"ခင်ဗျားကော မလိုက်ဘူးလား"

ဝါဝါဘုန်းသည် ရုတ်တရက်ထိုင်ရာမှထလိုက်သည်။

"ဝမ်းနည်းပါတယ်၊ ကျုပ် သူများရောင်းစားတာ မခံနိုင်ပါဘူး၊ သွားလိုက်ပါဦးမယ်"

ဟုပြောပြီး ခေါင်းပင်မလှည့်ဘဲ ထမင်းဆိုင်မှထွက်သွားလေတော့သည်။

* * *

ထမင်းဆိုင်၏နောက်ဘက်ရှိအခန်းတွင် အရက်အိုးများဖြင့် ပြည့်ကြပ်၍နေ၏။ အလယ် လစ်လပ်သောနေရာတွင် လူလေးဦး ဖဲရိုက်နေကြ၏။

ဒိုင်လုပ်သူသည် လက်တစ်ဖက်ပြတ်သော လူတစ်ယောက်ဖြစ်သည်။ သူသည် လက်တစ်ဖက်တည်းဖြင့် ဖဲများကိုကိုင်တွယ်သော်လည်း လက်နှစ်ဖက်ရှိသူထက်ပင် လျင်မြန်သွက်လက်လှသည်ဟု ထွန်းယို့ထင်မိသည်။

လက်တစ်ဖက်ပြတ်သောလူ၏ဝဲဘက်တွင် အရပ်ပုပု ပိန်ပိန်ပါးပါး အဘိုးအိုတစ်ယောက်။

၎င်း၏ဘေး၌ မျက်နှာတစ်ခုလုံး သွေးပင်မရှိတော့ဟုထင်ရလောက်အောင်ဖြူဖွေးနေသော လူတစ်ယောက်။

သူသည် ပုဝါဖြူတစ်ထည်ဖြင့် ပါးစပ်ပိတ်ကာချောင်းဆိုးနေ၏။ သူနှင့်ကပ်လျက်ထိုင်နေသူမှာ ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းပြီး မုတ်ဆိတ်ဗရပွနှင့်လူတစ်ယောက်ဖြစ်သည်။

သူတို့၏ဝတ်စားဆင်ယင်မှုမှာ အထက်တန်းကျလှပေသည်။

သို့သော် ....

သူတို့ရှေ့တွင် လောင်းကစားနေသော လောင်းကြေးများမှာ စက္ကူကပ်ပြားဖြင့် ညှပ်ထားသော ဝိုင်းစက်သောစက္ကူပြားများမျှသာ ဖြစ်လေသည်။



ထိုလူလေးယောက်သည် ဖဲများကို အာရုံစူးစိုက်စွာကစားနေကြသည်။ ထွန်းယို့ဝင်လာသည်ကိုပင် မည်သူမျှလှည့်၍မကြည့်ချေ။

ထိုပုပုပိန်ပိန်ပါးပါး အဘိုးအိုသည် သူ့ရှေ့တွင်ရှိသောလောင်းကြေးစက္ကူကပ်ပြားများကိုရေတွက်ပြီး သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"တော်ပါသေးရဲ့ .... ကနေ့ ကျုပ်အရှုံးအနိုင်မရှိဘူး"

ဟုပြောလိုက်လေသည်။

မုတ်ဆိတ်ဗရပွနှင့်လူကြီးက မျက်ခုံးထူကြီးကိုကုတ်ပြီး ....

"ဝိုင်းမှမပြီးသေးဘဲ၊ ခင်ဗျားဘာလုပ်တာလဲ"

အဘိုးအိုသည် ထိုင်ရာမှနေ့းကွေးစွာထလိုက်သည်။

"ကျုပ်ကိစ္စတွေရှိသေးလို့ မကစားတော့ဘူး၊ ခင်ဗျားတို့ သုံးယောက်ပဲ ဆက်ကစားနေကြပေါ့"

မုတ်ဆိတ်ဗရပွနှင့်လူကြီး မျက်နှာကွက်ခနဲပျက်သွား၏။

"သုံးယောက်ထဲ ဘယ်လိုလုပ်ကစားရမှာလဲ၊ ခဏလောက်နေပါဦးလား"

ထိုအဘိုးအိုသည် လှည့်ပင်စကားမပြောတော့ဘဲ အခန်းထဲမှထွက်ခွာသွားလေတော့သည်။ မုတ်ဆိတ်ဗရပွနှင့်လူကြီးသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး ....

"ဒီအဘိုးကြီးက အနိုင်နဲ့ပိုင်းသွားတယ်၊ တစ်နေ့တော့ ကျုပ်

အလှည့်ကြုံဦးမှာပေါ့။ ကဲ .... တို့သုံးယောက်ပဲ ဆက်ကစားသွားကြတာပေါ့"

မျက်နှာဖြူဖျော့သောလူသည် သူ့ရှေ့တွင်ရှိနေသောလောင်းကြေးကပ်ပြားများကိုရေတွက်ရင်း ....

"သုံးယောက်ထဲနဲ့ ဘယ်လိုကစားလို့ရမှာလဲ၊ ကနေ့တော့တော်လောက်ပြီ၊ နောက်နေ့မှဆက်ကစားကြတာပေါ့"

မုတ်ဆိတ်ဗရပွနှင့်လူကြီး မျက်နှာရှုံ့မဲ့သွားသည်။

"ကျုပ်ကပ်ပြား ၁၄-၅ ခုတောင်ရှုံးသွားပြီ၊ ဝိုင်းသိမ်းလို့ဘယ်ဖြစ်မလဲ"

ဖဲဝိုင်းနံဘေးတွင် တိတ်ဆိတ်စွာရပ်ကြည့်နေသော ထွန်းယို့သည် ရယ်ချင်လာသည်။

"ဒီလူကြီးနှယ် .... ကပ်ပြားလေး ဆယ့်လေးငါးခုရှုံးသွားတာနဲ့ ဒါလောက်ဖြစ်ရသလား"

ဟုလည်း စိတ်ထဲမှရေရွတ်မိလေသည်။

လက်တစ်ဖက်ပြတ်နေသောလူသည် ဖဲဝိုင်းကိုဆက်လက်ကစားရန် ဆန္ဒပြင်းပြနေသဖြင့် သူ့အနီး၌ရပ်လျက်နေသော ထွန်းယို့အားတွေ့မြင်လိုက်သည်နှင့် ....

"ဟာ .... အတော်ပဲ၊ မိတ်ဆွေ ဒီမှာ တစ်အိမ်လိုနေတယ်၊ ဝင်ကစားပါလား"



ဟုဖိတ်ခေါ်လိုက်လေသည်။ ထွန်းယို့သည် မိမိလာရောက်ခြင်းမှာ လောင်းကစားရန် မဟုတ်ဟုငြင်းပယ်ရန် ဟန်ပြင်လိုက်လေသည်။ သို့သော် ....

မုတ်ဆိတ်ဗရပွနှင့်လူကြီးကလည်း ....

"ဟုတ်သားပဲ ... လာပါမိတ်ဆွေ၊ နည်းနည်းပါးပါးပေါ့၊ ဖဲဝိုင်းပြီးရင် ကျုပ်ထမင်းစားဖို့ ဒကာခံမယ်ဗျ"

ဟုဝင်ရောက်တိုက်တွန်းလိုက်လေသည်။

ထွန်းယို့ အနည်းငယ်စဉ်းစားဆင်ခြင်လိုက်သည်။

သူတို့လောင်းကြေးမှာ အင်မတန်နည်းသည်။

အကယ်၍ .... ရှုံးသွားလျှင်လည်း တစ်ရာမျိုး ကိုးဆယ်မျိုးတော့ ကိုယ်ကမဖြုံပေ။

နောက်ပြီး သူတို့ကိုအကူအညီလာတောင်းခြင်းဖြစ်သည်။

အခုလို ဖဲဝိုင်းတစ်အိမ်လိုနေသည့်အခါ ဝင်ပြီးကစားပေးလျှင် မိမိအတွက်အထောက်အကူရရှိမည်။ သူသည် ဤသို့သုံးသပ်ဆင်ခြင်ကာ တစ်ချက်ပြုံးလိုက်ပြီး ....

"ကောင်းပါပြီ၊ ကျွန်တော်ကစားပါ့မယ်၊ ဒါပေမဲ့ ကျွန်တော်သိပ်မကစားတတ်ဘူးနော်"

မုတ်ဆိတ်ဗရပွနှင့်လူကြီး၏မျက်နှာ ရွှင်လန်းသွားသည်။

"ဒီမိတ်ဆွေက ပိုပြီးတော်သေးတယ်"

ဟု ချီးကျူးလိုက်လေသည်။

လက်တစ်ဖက်ပြတ်သောလူကလည်း ထွန်းယို့အား ခြေဆုံးခေါင်းဆုံးအကဲခတ်လိုက်ရင်း ....

"မိတ်ဆွေလေသံက ဒီနယ်သားမဟုတ်ဘူးနဲ့တူတယ်"

ဟုမေးလိုက်လေသည်။

ထွန်းယို့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ .... ကျွန်တော်မြောက်ပိုင်းဒေသကပါ"

"နာမည်ကော ...."

"ထွန်းယို့ခေါ်ပါတယ်"

လက်တစ်ဖက်ပြတ်သောလူ၏ မျက်လုံးအစုံမှာပို၍တောက်ပလာလေသည်။

"ကဲ .... မိတ်ဆွေကဒိုင်လုပ်ပေ့ါ"

"ဖြစ်ပါတယ်"

ထွန်းယို့သည် လစ်လပ်နေသောနေရာတွင် ထိုင်ချလိုက်၏။ သူ့ရှေ့သို့လက်တစ်ဖက်ပြတ်သောလူက စက္ကူကပ်ပြားဝိုင်းလေး ငါးဆယ်ချပေးလိုက်ပြီး ....

"တို့ ဒီမှာ ကစားတာကတော့ ဝိုင်းပြီးမှပဲ ငွေချေကြတယ်လေ၊ မိတ်ဆွေ ငွေလက်ငင်းမပါလဲ နောက်မှရှင်းပေးနိုင်ပါတယ်"

ထွန်းယို့က ပြုံးနောက်သည်။



"ကျွန်တော် ဒါလောက်တော့ပါလာပါတယ်ဗျ"

မျက်နှာဖြူဖျော့သောလူက သူ့အား အတန်ကြာစိုက်ကြည့်လိုက်ပြီး ....

"မိတ်ဆွေက လောင်းကြေးဘယ်လောက်ကစားမှာလဲ"

ထွန်းယို့သည် စက္ကူကပ်ပြားဝိုင်းလေးများကိုရေတွက်ပြီး ....

"လောလောဆယ်တော့ ဒီလောက်ဘဲကစားပါမယ်၊ ကုန်ရင်ထပ်ပြီးပြောကြတာပေ့ါ"

မုတ်ဆိတ်ဗရပွနှင့်လူကြီးက ရယ်မောလိုက်သည်။

"ကျုပ်ကျေနပ်သွားပြီဗျို့ ခင်ဗျားကို ကျုပ်ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်အဖြစ် အသိအမှတ်ပြုလိုက်ပြီ၊ ကျုပ်နာမည်က ဝမ်ဟွီးဗျ၊ မှတ်ထား"

ထွန်းယို့က ခေါင်းညိတ်၍ပြုံးပြလိုက်သည်။

"ဟုတ်ကဲ့၊ အခုလိုမိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်"

ထိုမျက်နှာဖြူဖျော့သောလူကလည်း ပြုံးလိုက်ပြီး ....

"ကျုပ်နာမည် လူကောက်လို့ခေါ်တယ်၊ ကျုပ်ကိုလဲ မိတ်ဆွေ တစ်ယောက်အဖြစ် အသိအမှတ်ပြုပါ"

လက်တစ်ဖက်ပြတ်သောလူကလည်း ခေါင်းညိတ်လိုက်၏။

"ကျုပ်နာမည်က မူစန်းလင်ပါ"

ဟု မိတ်ဆက်လိုက်သည်။

ထွန်းယို့ကလည်း ယဉ်ကျေးစွာခေါင်းညိတ်လိုက်ပြီး ....

"ဟုတ်ကဲ့ ... ကျွန်တော့်ကိုလဲ မိတ်ဆွေရင်းချာလို သဘောထားကြပါ"

ဟု ပြန်လည်မိတ်ဆက်လိုက်လေသည်။

* * *

ဖဲဝိုင်းစတင်ကစားကြလေပြီ။

မူစန်းလင်၊ လူကောက်၊ ဝမ်ဟွီးတို့သည် ဖဲများကို အာရုံစူးစိုက်စွာကစားနေကြသည်။ ထွန်းယို့မှာမူ အပျော်တမ်းကစားနေသည့် သဘောထားဖြင့်သာ ကစားနေသဖြင့် ဣန္ဒြေရလှ၏။

ပထမအလှည့်တွင် ထွန်းယို့ရှုံးသွားသည်။ ဒုတိယအကြိမ်မှာလည်းထွန်းယို့ရှုံးသွားပြန်သည်။ မကြာပါချေ။ ထွန်းယို့သည် စက္ကူကပ်ပြားဝိုင်းကလေး သုံးဆယ်ခန့်ရှုံးသွားလေတော့သည်။

သူစိတ်တွက်တွက်ကြည့်လိုက်သည်။

စက္ကူကပ်ပြားဝိုင်းလေးတစ်ခုကို အလွန်ဆုံး တစ်ဆယ်ထားတွက်ကြည့်လျှင် မိမိငွေသုံးရာရှုံးသွားခြင်းမျှသာဖြစ်သည်။

ထို့ကြောင့် သူအပြုံးမပျက်ချေ။ သို့သော် .... လူကောက်နှင့်ဝမ်ဟွီးက သူ့အားကြည့်နေလေသည်။



သူတို့၏အမူအရာမှာ အံ့ဩခြင်း၊ ချီးကျူးခြင်းစသည့်အရိပ်အယောင်များ သန်းနေကြလေသည်။

ဝမ်ဟွီးမှာမူ နဂိုရှုံးထားသည်ကို အတော်အတန်ပြန်၍နိုင်လာသဖြင့် ထွန်းယို့အပေါ် အလိုအလျောက် ခင်မင်မှုဖြစ်ပေါ်လာလေတော့သည်။

သူသည် ထွန်းယို့ ဆက်တိုက်ရှုံးနေသည်ကိုတွေ့ရသဖြင့် ....

"မိတ်ဆွေ၊ ခင်ဗျားဖဲသေနေတယ်၊ လျှော့ထိုးဗျ"

ဟုသတိပေးလိုက်လေသည်။

ထွန်းယို့ကတစ်ချက်ပြုံးလိုက်ပြီး ....

"ကိစ္စမရှိပါဘူး"

ဟုပြောပြီး ကျန်နေသောကပ်ပြားဝိုင်းလေး ဆယ်ခုစလုံးကို အလယ်သို့တွန်းပို့လိုက်သည်။

"ကဲ .... ဖြတ်ကြရအောင်"

သူ၏စိတ်ထဲတွင် မြန်မြန်ကုန်လျှင်ဖဲဝိုင်းပြီးမည်။ ဖဲဝိုင်းပြီးမှ မိမိလာရင်းကိစ္စပြောနိုင်မည်ဟု စိတ်ကူးထားလေသည်။

ဤမျှငွေများ ရှုံးသွားခြင်းမှာ သူ့အတွက်အရေးမဟုတ်ပါ။ သိမဏိဘုန်းကြီးကိုလည်း သူကြောက်လှသည်မဟုတ်ပါ။

သို့သော် .... အရှုပ်အရှင်းဖြစ်နေလျှင် သူသွားရမည့်ခရီးမှာ ကြန့်ကြာသွားမည်။

နောက်ပြီး ဖခင်ထံသို့ သတင်းရောက်သွားလျှင် ဖခင်၏ဆူပူကြိမ်းမောင်းခြင်းခံရမည်ဖြစ်သည်ကို စိုးရိမ်နေရသောကြောင့် ငွေကြေးဆုံးရှုံးသွားခြင်းကို သူ့အနေဖြင့် အရေးမထားနိုင်ပါ။

မှုစန်းလင်ထံမှကူညီမှုရခဲ့နိုင်မည်ဆိုလျှင် ယခုထက်မက ရှုံးသွားပါစေ။ သူနှမြောမည်မဟုတ်ပါ။

သို့သော် ဖဲဟူသည် အင်မတန်ထူးဆန်းသော အရာတစ်မျိုးဖြစ်သည်။ အလွန်နိုင်ချင်သောသူသည် အရှုံးကြီးရှုံးတတ်ကြသည်။

ရှုံးချင်ရှုံးပါစေဟုသဘောထားသောလူအဖို့ မမျှော်လင့်ဘဲ အနိုင်ရတတ်သည်မဟုတ်ပါလော။

ထို့ကြောင့် ဤတစ်ကြိမ်တွင် ထွန်းယို့အနိုင်ရရှိလေသည်။ သူ၏စက္ကူကပ်ပြားဝိုင်းလေးများသည် နှစ်ဆယ်မျှပြန်ဖြစ်လာပြန်၏။

သူသည် မရှုံးဘဲအနိုင်ရလာသဖြင့် စိတ်ပျက်သွားသည်။

စက္ကူကပ်ပြားဝိုင်းကလေး နှစ်ဆယ်အားလုံးကို အလယ်သို့ တွန်းပို့လိုက်ပြန်သည်။ ဤတစ်ကြိမ် သူ၏ကပ်ပြားဝိုင်းလေးများမှာ လေးဆယ်ဖြစ်လာပြန်သည်။

ခက်ချေပြီ။

မြန်မြန်ရှုံး၊

မြန်မြန်ပွဲသိမ်းချင်ခါမှ အနိုင်ရလိုက်ပြန်သည်။

"ကဲ .... နိုင်ချေဦး"



သူသည် စိတ်ထဲမှကျိတ်၍ကြိမ်းမောင်းရင်း ကပ်ပြားဝိုင်းလေးဆယ်လုံးကို အလယ်သို့တွန်းပို့လိုက်ပြန်သည်။ အနိုင်အရှုံး လုံးဝဟန်မူရာမပျက်တတ်သော မှုစန်းလင်ကပင် နဖူးပေါ်၌ ချွေးများစို့လာလေတော့သည်။

လူကောက်နှင့်ဝမ်ဟွီးတို့မှာမူ .... ထိတ်လန့်အံ့သြခြင်းဖြင့် မျက်လုံးပြူးကာနေလေသည်။ ဝမ်ဟွီးက မနေနိုင်တော့ဘဲ ထွန်းယို့အား လက်တစ်ချက်ကုတ်လိုက်ပြီး ....

"မိတ်ဆွေ .... ဖြည်းဖြည်းပေါ့၊ သိပ်မလောနဲ့ဦးလေ"

ဟု သတိပေးလေသည်။

ထွန်းယို့က အနည်းငယ်ပြုံးလိုက်ပြီး ....

"ကိစ္စမရှိပါဘူး"

ဝမ်ဟွီးက လက်မထောင်လိုက်သည်။

"မိတ်ဆွေ၊ ခင်ဗျား ကျုပ်တို့ထက်သတ္တိပိုရှိတယ်"

လူကောက်မှာမူ သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"လူငယ်တွေဟာ တို့အဘိုးအိုတွေထက်စွံလာပြီကွ"

ဟု ကောက်ချက်ချလိုက်ပြန်သည်။

ထွန်းယို့သည် စိတ်ထဲမှကြိတ်၍ရယ်ချင်လာသည်။

ကပ်ပြားဝိုင်းကလေး ၃၀–၄၀မျှကို ဤလူတွေ ဘာကြောင့် ရေးကြီးခွင်ကျယ်လုပ်နေရပါလိမ့်။

သူသည် လုံးဝအရေးမထားပါချေ။

ဖဲကို အေးအေးဆေးဆေးဝေလိုက်ပြန်သည်။ သူ့ရှေ့တွင် ကပ်ပြားဝိုင်းကလေး ရှစ်ဆယ်မျှဖြစ်လာပြန်လေသည်။ သူသည် ဆက်၍နှစ်ကြိမ်နိုင်လိုက်ပြန်သည်။

သူ၏ကပ်ပြားဝိုင်းကလေးများမှာ သုံးရာ့နှစ်ဆယ်အထိ တိုးပွားလာလေသည်။ ဝမ်ဟွီး အရင်းပြန်ရသည့်ပြင် အနည်းငယ်ပင် နိုင်လိုက်သေးသဖြင့် အတော်တည်ငြိမ်သွားသည်။,

လူကောက်မှာလည်း အရှုံးမရှိသဖြင့် ခံသာပုံရသည်။

အရှုံးကြီးရှုံးနေသူမှာ မူစန်းလင်ပင်ဖြစ်ပါသည်။

သူသည် တစ်ကိုယ်လုံးချွေး ပြန်၍နေသည်။

ဖဲများကိုင်သောလက်ချောင်းကလေးများပင် တုန်တုန်ယင်ယင်ဖြစ်လာလေသည်။ ထွန်းယို့သည် သူ့ရှေ့တွင်ရှိသမျှ ကပ်ပြားဝိုင်း ၃၂၀ စလုံးကို အလယ်သို့တွန်းပို့လိုက်ပြန်သည်။

မူစန်းလင်သည် မကောင်းဆိုးဝါးအား တွေ့မြင်လိုက်ရသည့်ပမာ ထွန်းယို့အား မျက်လုံးပြူးကားကြည့်နေလေသည်။

"မင်း .... မင်း .... ဒါအကုန်ထည့်ဖြတ်မယ်ဟုတ်လား"

သူ၏အသံမှာလည်း တုန်ယင်လာသည်ဟုထင်ရသည်။

ထွန်းယို့က မနေနိုင်တော့ဘဲရယ်ချလိုက်လေသည်။

"ဟုတ်ပါတယ်၊ ဒါမှ ရှုံးရင်ပြီးပြတ်သွားမယ်မဟုတ်လား"



မူစန်းလင်သည် ထွန်းယို့အား အတန်ကြာကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်ရှုံးသွားပါပြီဗျာ နောက်ထပ် မကစားပါရစေနဲ့တော့"

ဟုပြောပြီး ဖဲများကိုရှေ့သို့တွန်းထုတ်ပြီး ထိုင်ရာမှထလိုက်လေတော့သည်။ ထွန်းယို့သည် ပြုံးလိုက်ပြီး ....

"သဘောပါဗျာ၊ ကဲ ခင်ဗျားတို့ကို ကျွန်တော်ဒကာခံပါ့မယ်"

သူသည် ဤသို့ပြောပြီး ကပ်ပြားဝိုင်းလေးနှစ်ခုယူပြီး ဖဲများလာရောက်သိမ်းဆည်းသောလူငယ်အား ပေးလိုက်လေသည်။

"ရော့ .... မင်းအတွက်ဆုချတယ်"

ဟု ပြောလိုက်လေသည်။

ထိုလူငယ်သည် မျက်လုံးပြူးသွား၏။ သူသည် မယုံကြည်နိုင်သောမျက်လုံးဖြင့် ထွန်းယို့အားကြည့်ကာ ....

"တ .... တ .... ကယ် .... လား .... ဆရာ"

ဟု တုန်တုန်ယင်ယင်ဖြင့်မေးလေသည်။

ထွန်းယို့ မျက်မှောင်ကုပ်သွားသည်။

"ဟုတ်ပါတယ်၊ မင်းကိုဆုချလိုက်တာပါ"

ဟု ထပ်မံပြောလိုက်လေသည်။ ထိုလူငယ်သည် စက္ကူကပ်ပြားဝိုင်းလေးနှစ်ခုအား ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ....

"ကျေး .... ကျေး .... ဇူးတင်ပါတယ်ဆရာ ...."

ပြောပြောဆိုဆိုပင် ထိုနေရာမှ ကပျာကယာပြေးထွက်သွားလေတော့သည်။ လူကောက်က ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

"ဒီသူငယ်တော့ ပွသွားပြီဟေ့"

ဝမ်ဟွီးက ထွန်းယို့၏ပခုံးအား တင်းကြပ်စွာဖက်ပြီး ....

"ခင်ဗျားလို ရက်ရက်ရောရောပေးကမ်းတဲ့တတ်တဲ့လူမျိုးကို ကျုပ်ဒီတစ်ခါပဲတွေ့ဖူးတယ်ဗျာ"

ဟုပြောလိုက်လေသည်။ ထွန်းယို့သည် အနည်းငယ် ရိပ်စားမိလာလေသည်။ စက္ကူကပ်ပြားဝိုင်းလေးတစ်ခုသည် လောင်းကြေးမည်မျှရှိသနည်း။

သူထင်သည့် တစ်ဆယ်ထက်မကဖြစ်မည်မှာ သေချာနေသည်။ သို့သော် .... မည်မျှအထိများပြားနေသည်ကိုမူ မသိချေ။

မူစန်းလင်သည် ပြန်လည်တည်ငြိမ်စပြုလာလေသည်။

"ကဲ .... မိတ်ဆွေ၊ ခင်ဗျား ဘယ်လောက်နိုင်တယ်ဆိုတာ တွက်ကြည့်လိုက်ပါဦး"

ထွန်းယို့ ပြုံးလိုက်လေသည်။

"တွက်စရာ မလိုပါဘူးဗျာ"

သူသည် ဤသို့ပြောရင်း စက္ကူကပ်ပြားများအားလုံးကို ရှေ့သို့တွန်းပို့လိုက်ပြီး ....

"ဒါတွေ ကျုပ်ဒကာခံရမယ့်ငွေအဖြစ်လက်ခံလိုက်ပါ"



ထွန်းယို့၏စကားကြောင့် လူကောက်နှင့်ဝမ်ဟွီးတို့ မျက်လုံးပြူးသွားကြသည်။ အထူးသဖြင့် မူစန်းလင်၏မျက်လုံးသည် ဇီးကွက်မျက်လုံးကဲ့သို့ ပြူးကျယ်သွား၏။

သူသည် အတန်ကြာ မင်တက်နေမိပြီးမှ ....

"ကျုပ်လက်မခံနိုင်ဘူး"

ဟုပြန်ပြောလိုက်လေသည်။

"ဘာဖြစ်လို့လဲဗျ"

"များလွန်းအားကြီးလို့ပါ"

ထွန်းယို့သည် ရယ်မောလိုက်ပြီး ကပ်ပြားလေးဆယ်ခု ပြန်ယူထားလိုက်သည်။

"ကဲ .... ကျွန်တော် ဆယ်ခုပြန်ယူထားလိုက်ပြီ၊ ကျန်တာ ခင်ဗျားလက်မခံဘူးဆိုရင် ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်လို အသိအမှတ်မပြုလိုဘူးလို့ ကျွန်တော်ယူဆမှာပဲ"

မူစန်းလင်သည် သူ့အား အတန်ကြာ စိုက်ကြည့်ပြီးနောက် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျား မိတ်ဆွေအများကြီးရလိမ့်မယ်လို့ ကျုပ်ပြောရဲတယ်၊ ခင်ဗျား ကျန်တဲ့စက္ကူကပ်ပြားဆယ်ခုကို ဘာနဲ့လဲမလဲ၊ ရွှေလား၊ ငွေလား၊ ငွေလွှဲလက်မှတ်လားပြောပါ"

ထွန်းယို့သည် အရေးမထားသည့်လေသံဖြင့် ....

"ရပါတယ်၊ ဖြစ်သလိုပေါ့"

ဟုပြန်ပြောလိုက်လေသည်။

မူစန်းလင်သည် အခန်းတွင်း၌စုပုံထားသော အရက်အိုးတစ်လုံးကိုဖောက်လိုက်သည်။ ယင်းအရက်အိုးထဲ၌ အရက်မဟုတ်ဘဲ ရွှေတုံးကလေးများသာရှိနေသည်ကို တွေ့ရလေသည်။

သူသည် ထိုရွှေတုံးကလေးများထည့်ထားသော အရက်အိုးကို ထွန်းယို့အားကမ်းပေးလိုက်ပြီး ....

"ရော .... ဒီရွှေတုံးကလေးတွေဟာ ငွေတစ်သောင်းတိတိတန်ဖိုးရှိတယ်"

"ဟိုက် ...."

ထွန်းယို့သည် မူစန်းလင်၏စကားကြောင့် အာမေဋိတ်သံထွက်မလာအောင် ထိန်းလိုက်ရလေ၏။ စက္ကူကပ်ပြားပိုင်းလေးတစ်ခုမှာ ငွေတစ်ထောင်တိတိဖြစ်ကြောင်း သူ ယခုမှရိပ်စားမိလိုက်လေတော့သည်။

ထွန်းယို့သည် အတန်ကြာ မင်တက်နေပြီးမှ ....

"ကျွန်တော်လက်မခံနိုင်ဘူး"

ဟုပြောလိုက်လေသည်။ မူစန်းလင် မျက်မှောင်ကုပ်သွားသည်။ သူသည် ထွန်းယို့အားစေ့စေ့ကြည့်ပြီး ....

"ဘာဖြစ်လို့လဲ"



ဟုမေးလိုက်သည်။ ထွန်းယို့သည် မဲ့ပြုံးပြုံးလိုက်ပြီး ....

"ကျွန်တော်က ဒီစက္ကူပိုင်းကလေးတစ်ခုဟာ တစ်ထောင်လောင်းကြေးရှိတယ်လို့ အစကမှမသိဘဲ"

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီးမှ ဆက်၍ ....

"ဒါကြောင့် .... ကျွန်တော်က အရမ်းလောင်းကစားရဲတာဗျ၊ တကယ်လို့များ ကျွန်တော် ရှုံးခဲ့ရင် ကျွန်တော် ဒါလောက်အများကြီးကိုပေးနိုင်မယ်မဟုတ်ဘူး"

ဟုရှင်းပြလိုက်လေသည်။

မူစန်းလင် မျက်မှောင်ကုပ်သွားပြန်သည်။

"အခု ခင်ဗျားရှုံးနေတာမှမဟုတ်ဘဲ"

ထွန်းယို့ကခေါင်းခါလိုက်သည်။

"မဟုတ်သေးဘူးဗျ၊ ကျွန်တော်က ဒါလောက်ရှုံးစရာမရှိရင်လဲ ဘယ်ယူလို့တရားမလဲဗျ"

"အို ဒါကတော့ ခင်ဗျားမပြောရင် ဘယ်သူကသိမှာမို့လဲ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ လူများကိုလိမ်လို့ရပေမယ့် ကိုယ့်ကိုယ်ကို ဘယ်လိမ်လို့ရမလဲ၊ ကျွန်တော် ဒီငွေတွေကိုမယူသင့်ဘဲယူလိုက်ရင် ကျွန်တော် ဒီညအိပ်လို့ရမှာမဟုတ်တော့ဘူးဗျ"

မူစန်းလင်သည် ထွန်းယို့၏စကားကြောင့် အားရပါးရရယ်မောလိုက်လေသည်။

သူသည် ဝမ်ဟွီးနှင့်လူကောက်တို့အားလှည့်ကြည့်ပြီး ....

"ဟေ့ သူငယ်ချင်း .... မင်းတို့ဒါလောက်အတဲ့လူငယ် တွေ့ဖူးကြသလား"

ဟုမေးလိုက်လေသည်။

လူကောက်က ခေါင်းခါယမ်းလိုက်ပြီး ....

"မတွေ့ဖူးဘူးဗျ"

ဝမ်ဟွီးကလည်းခေါင်းခါယမ်းလိုက်သည်။

"ကျုပ်လဲ မတွေ့ဖူးဘူးဗျ"

ထွန်းယို့၏မျက်နှာတစ်ခုလုံး နီမြန်းလာလေတော့သည်။

"ကျွန်တော် အတယ်လို့တော့မဟုတ်ဘူးဗျ၊ ဒါပေမဲ့ ယူသင့်ယူထိုက်တဲ့အရာနဲ့ မယူသင့်မယူထိုက်တဲ့အရာတွေကိုတော့ ခွဲခြားနိုင်စွမ်းရှိပါတယ်ဗျာ"

ထွန်းယို့စကားကြောင့် မူစန်းလင်တို့အားလုံး ဝါးခနဲပွဲကျသွားလေတော့သည်။

လူကောက်သည် ရယ်မောနေရာမှ ရုတ်တရက် ထွန်းယို့အားကြည့်လိုက်ပြီး ....

"နေပါဦး၊ မင်း ဒီကိုလာတာ ဖဲရိုက်ဖို့လာတာတော့မဟုတ်ဘူးမဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော် ဖဲရိုက်ဖို့လာတာမဟုတ်ပါဘူး"



"ဒါဖြင့် .... မင်းမှာ ဘယ်လိုအခက်အခဲ အနှောင့်အယှက်နဲ့ ရင်ဆိုင်နေရလို့လဲ"

ထွန်းယို့သည် လူကောက်အားငေး၍ကြည့်မိသည်။

"ခင်ဗျား ဘယ်လိုလုပ်သိတာလဲဗျ"

လူကောက်က ရယ်မောလိုက်ပြီး ....

"အခက်အခဲမရှိရင် ဒီမူစန်းလင်စုတ်ဆီကို ဘယ်သူကလာမှာတဲ့လဲ"

ထွန်းယို့ကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်က သံမဏိဘုန်းကြီးနဲ့ နည်းနည်းထိပ်တိုက်တွေ့နေလို့ပါ"

ဝမ်ဟွီးကမျက်မှောင်ကုပ်လိုက်ပြီး ....

"ခင်ဗျားက ဘယ်လိုလုပ်ပြီး သံမဏိဘုန်းကြီးနဲ့မှလာပြီး ထိပ်တိုက်တွေ့နေရတာလဲဗျာ"

"ညမွှေးပန်းဆိုတဲ့မိန်းကလေးအတွက်နဲ့ဖြစ်ခဲ့တာပါ"

ထွန်းယို့သည် သူဖြစ်ပျက်ခဲ့သမျှကိုအသေးစိတ်ရှင်းပြလိုက်လေသည်။ မူစန်းလင်က ခေါင်းခါယမ်းလိုက်ရင်း ....

"အင်း .... ခင်ဗျားနှယ်ဗျာ .... တခြားဘယ်လိုကိစ္စမျိုးမဆိုလွယ်သေးတယ်၊ အခုတော့ ဒီသံမဏိဘုန်းကြီးနဲ့လာပြီး ရန်ဘက်ဖြစ်ရသလားဗျာ"

လူကောက်သည် တစ်ချိန်လုံး တိတ်ဆိတ်စွာ နားထောင်နေရာမှ ....

"သံမဏိဘုန်းကြီးက ဘာကြောင့် ညမွှေးပန်းကို သွားပြီးရန်ရှာသလဲဆိုတာသိသလား"

ဟု ထွန်းယို့အား မေးလိုက်လေသည်။ ထွန်းယို့ ခေါင်းခါပြလိုက်လေသည်။ လူကောက်သည် ပုဝါဖြင့်ပါးစပ်ပိတ်ကာ ချောင်းတစ်ချက်ဟန့်လိုက်ပြီး ....

"ကျုပ်အတွက်ပေါ့"

ထွန်းယို့ အံ့အားသင့်သွားပြန်သည်။

လူကောက်သည် သူ၏စကားကိုဆက်လိုက်သည်။

"ကျုပ်မှာ သားတစ်ယောက်ရှိတယ်၊ နာမည်က လူရှောက်ယင်းလို့ခေါ်တယ်"

ထွန်းယို့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော် သူ့နာမည်ကြားဖူးတယ်"

လူကောက်က အံ့အားသင့်သွားသည်။

"ခင်ဗျား ဒီနာမည်ကြားဘူးတယ်ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော့်အဖေက ပုလဲကျေးရွာရောက်ရင် ခင်ဗျားနဲ့ခင်ဗျားရဲ့သားလူရှောက်ယင်းနဲ့ တွေ့ဆုံရလိမ့်မယ်လို့ပြောပါတယ်"



လူကောက်က ပြုံးလိုက်သည်။

"ဪ .... မင်းကလဲ ပုလဲကျေးရွာသွားမယ်ဟုတ်လား"

ထွန်းယို့ကခေါင်းညိတ်လိုက်သည်။

လူကောက်သည် ထွန်းယို့အားသေချာအကဲခတ်လိုက်ပြီး ....

"အင်း .... မင်းတော့အောင်မြင်ဖို့များလိမ့်မယ်"

ထွန်းယို့က လူကောက်အားပြန်ကြည့်လိုက်ပြီး ....

"ခုနက ခင်ဗျားစကားမဆုံးသေးပါဘူး"

လူကောက်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်သားကလဲ ပုလဲကျေးရွာကိုသွားဖို့ထွက်လာတယ်၊ ဒါပေမဲ့ ဟန်ကျူးရောက်ပြီး လေးရက်အကြာမှာပျောက်ဆုံးသွားတယ်"

လူကောက်သည် ပြောရင်း ချောင်းတစ်ချက်ဟန့်ပြန်သည်။

"ကျုပ်သူ့ကိုလိုက်ရှာနေတုန်း သူနဲ့ညမွှေးပန်းအတူ လှေကြီးတစ်စင်းပေါ်မှာတွေ့လိုက်တယ်လို့ သတင်းရတယ်၊ ဒါကြောင့် ကျုပ်က သံမဏိဘုန်းကြီးဆီသွားပြီးအကူအညီတောင်းတာပါ"

ထွန်းယို့က သဘောပေါက်နားလည်လာပေပြီ။

သူသည် အားတုံ့အားနာဖြင့် ....

"ဒါဖြင့် သံမဏိဘုန်းကြီးက လူလွှတ်ပြီး ညမွှေးပန်းဆီသွားတာ ခင်ဗျားရဲ့သားအကြောင်းစုံစမ်းဖို့ပေါ့ဟုတ်လား"

လူကောက်က ခေါင်းညိတ်လိုက်သည်။

သူသည် ထွန်းယို့အားတစ်ချက်ဝေ့ကြည့်လိုက်ပြီး ....

"ကျုပ် မူစန်းလင်ဆီကိုလာရတဲ့အကြောင်းရင်းကိုကော ခင်ဗျားသိသလား"

ထွန်းယို့က ခေါင်းခါပြလိုက်သည်။

"ဟင့်အင်း .... ဖဲရိုက်ဖို့လာတာမဟုတ်လား"

"မဟုတ်ဘူး၊ ဖဲရိုက်ဖို့လာတာမဟုတ်ဘူး၊ ခင်ဗျားကိုရှာဖို့ အကူအညီလာတောင်းတာ"

ထွန်းယို့အံ့အားသင့်သွားသည်။

"ကျွန်တော့်ကိုရှာဖို့၊ ဘာကိစ္စများပါလိမ့်"

လူကောက်ကမျက်နှာတည်တည်ဖြင့် ....

"မနေ့ကကျုပ်သတင်းတစ်ခုကြားခဲ့တယ်၊ လူငယ်တစ်ဦးက သံမဏိဘုန်းကြီးရဲ့လူလေးယောက်ကို ရေထဲရိုက်ချပြီး ညမွှေးပန်းနဲ့ လိုက်သွားတယ်တဲ့"

မူစန်းလင်က ရယ်မောလိုက်ပြီး ....

"ဪ .... ခင်ဗျားကလဲ ဖဲရိုက်ဖို့လာတာမှမဟုတ်ဘဲ၊ ဒီလူငယ်ရှာဖို့ကျုပ်ဆီလာတာကိုး"

လူကောက်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ဒီနယ်တစ်ဝိုက်မှာ ခင်ဗျားထက်သိတဲ့လူ



ဘယ်သူများရှိလို့လဲဗျာ"

"ဒါပေမဲ့ ခင်ဗျားဘာတစ်ခွန်းမှမပြောပါလားဗျ"

"ဘယ်သူမဆို ခင်ဗျားဆီကအကူအညီတောင်းချင်တယ်ဆိုရင် ပထမဆုံး ခင်ဗျားနဲ့ဖဲရိုက်ရမယ်လို့ကျုပ်သိထားလို့ပါ"

"အလို့ .... ကျုပ်ရဲ့ဖဲရိုက်တဲ့အကျင့်ဟာ အတော့်ကိုနာမည်ကြီးနေပါလားဟေ့ ...."

လူကောက်က ထွန်းယို့၏ပခုံးအား အသာပုတ်လိုက်ပြီး ....

"တကယ်လို့များ ခင်ဗျားသာ ကျုပ်တို့နဲ့မရိုက်ဖြစ်ဘူးဆိုရင် ကျုပ်ကတော့ ခင်ဗျားကိုတိုက်ခိုက်မှာအမှန်ဘဲ၊ ဘာဖြစ်လို့လဲဆိုရင် ဖဲရိုက်တဲ့အခါမှာလူတစ်ယောက်ရဲ့ပင်ကိုယ်အကျင့်စရိုက်ဟာ ဖုံးကွယ်ထားလို့မရဘူး၊ ဒါကြောင့် ခင်ဗျားဟာ လိမ်မပြောတတ်ဘူးဆိုတာ ယုံကြည်ခဲ့တာပဲ"

ထွန်းယို့ကမဲ့ပြုံးပြုံးလိုက်ပြီး ....

"အင်း ... ဖဲရိုက်တာလဲ တစ်ခါတလေကောင်းကျိုးပေးတတ်သားပဲဗျ"

သူသည် အနည်းငယ်စဉ်းစားပြီး ....

"နေပါဦး .... ခင်ဗျားသား ပျောက်ဆုံးနေတာ လေးရက်ရှိပြီဟုတ်လား"

လူကောက်ကခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်"

"ဒါဖြင့် ဒီလေးရက်အတွင်းမှာ ညမွှေးပန်းကိုလဲ ရှာမတွေ့ဘူးဆိုပါတော့"

"ဟုတ်တယ် .... သူလဲပျောက်နေတာလေးရက်ရှိပြီ"

"ဒါပေမယ့် .... မနေ့ကတော့ အနောက်ကန်မှာ ကျွန်တော်နဲ့တွေ့တယ်"

"ဒါကြောင့် ကျုပ်ကခင်ဗျားကိုလိုက်ရှာနေတာပေါ့"

"ဟုတ်ပါတယ်၊ မနေ့ညတုန်းက ကျွန်တော်နဲ့သူနဲ့အတူရှိနေပါတယ်"

"ဘယ်နေရာမှာလဲ"

"အနောက်ကန်အနီးမှာရှိတဲ့အိမ်တစ်အိမ်မှာပါ"

"အဲဒီနေရာကို ခင်ဗျားမှတ်မိလား"

"သေသေချာချာတော့မပြောတတ်ဘူး၊ ရှာရင်တော့ မှတ်မိမယ်လို့ထင်ပါတယ်"

ဝမ်ဟွီးသည်ထိုင်ရာမှထလိုက်ပြီး ....

"ဒါဖြင့် သွားကြစို့"

ထွန်းယို့သည် အင်္ကျီအိတ်ထဲမှပုလဲတစ်လုံးနှင့် ကျောက်စိမ်းပြားတစ်ခုကိုနှိုက်ယူလိုက်ပြီး ....

"ဒီပစ္စည်းဟာ လူရှောက်ယင်းရဲ့ပစ္စည်းများဖြစ်နေမလား"



ဟုပြောကာ လူကောက်အားပြလိုက်လေသည်။

လူကောက်သည် ထိုပစ္စည်းများအား တွေ့လိုက်ရသည်နှင့် မျက်နှာကွက်ခနဲပျက်သွားသည်။

"ခင်ဗျား ဒီပစ္စည်းတွေဘယ်ကရလာတာလဲ"

"ပန်းအိုးတစ်ခုထဲကရလာတာပါ"

လူကောက်သည် မျက်မှောင်ကုပ်သွားသည်။

"ပန်းအိုးထဲကဟုတ်လား"

ထွန်းယို့၏မျက်နှာတစ်ခုလုံးသည် နီမြန်းသွားလေသည်။

သူသည် ရှက်ရှက်ဖြင့် ညမွှေးပန်း၏ပန်းအိုးထဲမှယူဆောင်လာခဲ့ရသည့်အကြောင်းများကို အသေးစိတ်ရှင်းပြလိုက်လေတော့သည်။ လူကောက်သည် ထွန်းယို့၏စကားများကို သေချာစေ့စပ်စွာနားထောင်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျားဟာ အလားအလာအများကြီးရှိတဲ့ယောကျ်ားတစ်ယောက်ပါပဲ၊ စကားကိုမှန်မှန်ပြောရဲတယ်၊ အမှားကိုရဲရဲဝံ့ဝံ့ဝန်ခံရဲတယ်၊ ကျုပ်ကတော့ကျုပ်သားကိုရှာတွေ့ရင် ပုလဲကျေးဇူးကိုမလွှတ်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ"

ထွန်းယို့သည် မျက်လုံးပြူးကာမေးလိုက်သည်။

"ဘာဖြစ်လို့လဲဗျ"

လူကောက်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"သူက ခင်ဗျားကိုမမှီနိုင်ဘူး .... ကျုပ်သာ သမီးရှင်ဖြစ်ရင် ခင်ဗျားကိုပဲရွေးမှာမဟုတ်လား"

* * *

ဤနေရာတစ်ဝိုက်သည် အလွန်တိတ်ဆိတ်၍လူသွားလူလာ ကင်းရှင်းနေ၏။ အနောက်ရေကန်နှင့်ကပ်လျက်ရှိသော လှပသည့် အဆောက်အဦးကလေးများသည် အစီအရီတည်ရှိနေလေသည်။

အဆောက်အဦးတိုင်းတွင် ပန်းဥယျာဉ်ငယ်တစ်ခုစီရှိကြသည်။ ရေကန်စပ်မှနွယ်ပင်များသည် လေထဲ၌ယိမ်းယိုင်၍ ကခုန်နေကြသည်။

နွယ်ပင်များတွေ့လိုက်သောအခါ ထွန်းယို့သည် မျက်လုံးဝိုင်းစက်ပြီး ယောကျ်ားဟန်ဆောင်နေသော မိန်းကလေးအား သတိရလာလေသည်။

သူမ ယခုဘယ်ရောက်နေပါသနည်း။

အတူတကွသွားလာနေစဉ်က သူ့စိတ်ထဲတွင် မိန်းကလေး၏ မိမိအပေါ် အမျိုးမျိုးရန်တွေ့အပြစ်ရှာပုံများကို စိတ်အနှောင့်အယှက်ဖြစ်ခဲ့သည်ဟု ထင်မိခဲ့သည်။

ယခု သူသည် ထိုမိန်းကလေးနှင့်ဝေးကွာလာရသောအခါ



သူမကို တောင့်တနေသကဲ့သို့ရှိနေလေသည်။

ကောင်းသုံးကောင်းထမင်းဆိုင်တွင်းမှလည်းကောင်း ....

ဤနွယ်ပင်များကြားမှ သူမအားတွေ့ခဲ့စဉ်က အကြောင်းများကိုလည်းကောင်း တွေးမိလိုက်သည်နှင့် သူသည် မသိမသာပြုံးယောင်လာလေတော့သည်။

မကြာပါချေ။

သူသည် နံနက်က လျှောက်ခဲ့သော ကျောက်တုံးကလေးများခင်းထားသောလမ်းကလေးသို့ရောက်ခဲ့လေသည်။

သူသည် လူကောက်တို့အား လက်ယပ်ပြလိုက်ပြီး ထိုလမ်းကလေးအတိုင်း ချိုးဝင်လိုက်သည်။ လမ်းကလေး၏အဆုံးတွင် အနီရောင်ဆေးများဖြင့် သုတ်ထားသောတံခါးတစ်ခုကိုတွေ့လိုက်ရလေသည်။

ဤတံခါးသည် အိမ်၏နောက်ဖက်တံခါးဖြစ်မည်ဟု သူတွေးမိလိုက်သည်။

သူတို့လူစုသည် ထိုတံခါးဝ၌ရပ်တန့်သွားကြလေသည်။

လူကောက်သည် ထွန်းယို့အားစေ့စေ့ကြည့်လိုက်ပြီး ....

"ဒီအိမ်ဟုတ်လား"

ထွန်းယို့သည် အတန်ကြာတွေဝေစဉ်းစားပြီးမှ ....

"ဟုတ်လိမ့်မယ်လို့တော့ ကျွန်တော်ထင်တယ်"

လူကောက်သည် ထွန်းယို့အား ထပ်မံကြည့်လိုက်သည်။

သူ၏မျက်နှာပေါ်တွင် ဖော်မပြနိုင်သောအံ့သြခြင်းက လွှမ်းမိုးနေသည်။ သူသည် တံခါးကိုခေါက်လိုက်သည်။

မကြာပါချေ။ တံခါးပွင့်သွား၏။ တံခါးလာဖွင့်သူမှာ လွန်စွာချောမောသောဒိန်းကလေးတစ်ယောက်ဖြစ်သည်။ မိန်းကလေးသည် တစ်ချက်ပြုံးပြီး ဧည့်သည်များဝင်ရန် လမ်းဖယ်ပေးလိုက်သည်။

ထွန်းယို့က အံ့သြမိလေသည်။

သူသည် ဤနေရာရောက်စဉ်တုန်းက မည်သူမှမရှိဟုထင်မိသည်။ သူသည် လူကောက်ဘက်သို့တစ်ချက်လှည့်ကြည့်လိုက်ပြီး ရှေ့ဆုံးမှဝင်သွားလေသည်။

သူ့နောက်တွင် လူကောက်၊ ဝမ်ဟွီး၊ မူစန်းလင်တို့ပါ ဆက်လက်လိုက်ပါသွားကြသည်။

သို့သော် .... သူတို့သည် ဧည့်ခန်းတံခါးဝ သို့ရောက်လာသောအခါ ခြေလှမ်းများ တုံ့ခနဲရပ်တန့်သွားကြလေသည်။

ဧည့်ခန်းရှိ ကြီးမားသောကုလားထိုင်တစ်လုံးပေါ်တွင် တစ်ကိုယ်လုံးအဝါရောင်များဝတ်ဆင်ထားသောလူတစ်ယောက် ထိုင်လျက်ရှိသည်။

သူ့နံဘေးတွင် မိန်းကလေးတစ်ယောက် သူ့အားလက်သဲညှပ်ပေးနေသည်။



ထိုလူ၏ခေါင်းတစ်ခုလုံးမှာ ခေါင်းတုံးဖြစ်နေသည်။

ထိုလူသည် သူတို့အားတွေ့လိုက်သည်နှင့် အားပါးတရရယ်ချလိုက်လေသည်။

"ဟေ့ .... လူကောက်၊ လာလေကွ၊ ငါ့မှာအကောင်းဆုံးအရက်တစ်အိုးဖောက်ထားတယ်"

ဟုဖိတ်ခေါ်လိုက်လေသည်။

လူကောက်သည် ပြုံး၍ဝင်သွားလေသည်။

ထွန်းယို့၊ ဝမ်ဟွီးနှင့်မူစန်းလင်တို့သည် မိမိတို့အား ဖိတ်ခေါ်ခြင်းမရှိသဖြင့် ထိုတံခါးဝတွင်သာ ကြောင်၍ရပ်နေရလေသည်။

မူစန်းလင်သည် သက်ပြင်းတစ်ချက်ချပြီး ထွန်းယို့အား ....

"ဒီနေရာဟာ ညမွှေးပန်းနေရာဆို"

ဟုမေးလိုက်လေသည်။ ထွန်းယို့က မဲ့၍ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်လေသည်။ မူစန်းလင်က ခေါင်းခါယမ်းပြလိုက်သည်။

"ဒီနေရာဟာ သံမဏိဘုန်းကြီးနေရာဗျ"

မူစန်းလင်၏စကားကြောင့် ထွန်းယို့တွေဝေသွားသည်။

သူသည် ရှုးစမ်းလိုသောစိတ်ဖြင့် အခန်းထဲသို့လှမ်း၍ဝင်လိုက်သည်။ လက်ဝဲဘက်တွင် ပြတင်းပေါက်တစ်ခုရှိသည်။

ပြတင်းပေါက်၏အောင်ပေါ်တွင် ပန်းအိုးတစ်လုံးရှိသည်ကို တွေ့မြင်ရသည်။

သူ သေချာချာမှတ်မိသည်။

ဤအိမ်၊ ဤအခန်း၊ ဤပန်းအိုးအတွင်းမှ သူ့ပစ္စည်းနှင့် လူ ရောက်ယင်း၏ပုလဲနှင့်ကျောက်စိမ်းပြားရရှိခဲ့ခြင်းဖြစ်သည်။

ယခုမှာကား မိမိနှင့်ထိပ်တိုက်ဖြစ်နေသော သံမဏိဘုန်းကြီး၏နေရာဖြစ်နေချေပြီ။ သူသည် တွေးရင်းတွေးရင်း ခေါင်းရှုပ်လာလေသည်။

ထိုအချိန်၌ မူစန်းလင်မှာလည်း ဧည့်ခန်းထဲ ဝင်ရောက်လာပြီဖြစ်ရာ သံမဏိဘုန်းကြီးသည် သူ့အားတစ်ချက်လှည့်ကြည့်လိုက်ပြီးနောက် ....

"မင်းဘယ်သူလဲ"

ဟုမေးလိုက်လေသည်။ သူ၏အသံကား အိမ်တစ်ခုလုံးဟိန်းသွားသည်ဟုထင်လိုက်ရသည်။ သိုင်းပညာအတွင်းအား အခြေခံအလွန်ကောင်းသူတစ်ယောက်ဖြစ်သည်ဟုလည်း ခန့်မှန်း၍ရ၏။

မူစန်းလင်သည် အသံမာမာဖြင့် ....

"ကျုပ်မူစန်းလင်ပါ"

သံမဏိဘုန်းကြီးသည်းယို့အား စိုက်ကြည့်လိုက်ပြီး ....

"မင်းကဖဲသမားမူစန်းလင်ဟုတ်လား"

မူစန်းလင်ကခေါင်းညိတ်ပြလိုက်သည်။ သံမဏိဘုန်းကြီးသည် သူ့ရှေ့မှအရက်အိုးကလေးအား မယူလိုက်သည်။



ထို့နောက် မူစန်းလင်ထံသို့ပစ်လွှင့်လိုက်ပြီး ....

"ဒီလိုဆို အရက်သောက်လိုက်ပါဦး"

အရက်အိုးသည် အနည်းဆုံးအချိန် တစ်ဆယ်မျှရှိသည်။

သံမဏိဘုန်းကြီးပစ်လွှင့်လိုက်သည့်အရှိန်သည် အင်မတန်ပြင်းထန်သဖြင့် လေထဲ၌ဝှီးခနဲမြည်ဟိန်းကာ မူစန်းလင်၏မျက်နှာတည့်တည့်သို့တစ်ဟုန်ထိုးဝင်လာလေတော့သည်။

မူစန်းလင်သည် တစ်ချက်မဲ့ပြုံးပြုံးလိုက်ပြီး သူ၏တစ်ဖက်တည်းရှိသောလက်ချောင်းများဖြင့် အရက်အိုးအား အသာအယာဟန့်တားထားလိုက်ပြီး အရက်ကိုငှဲ့ကာသောက်ချလိုက်သည်။

"ဟား .... ဟား .... ဟား ကောင်းလိုက်တဲ့အရက်"

ဟုပြောပြီး အရက်အိုးအား သံမဏိဘုန်းကြီး၏ထိပ်ပေါ်တည့်တည့်ရွယ်ကာ ပစ်ပေါက်လိုက်လေသည်။

သံမဏိဘုန်းကြီးသည် လှည့်ပင်မကြည့်ဘဲ လူကောက်နှင့်အမြည်းစားရင်း အရက်မော့၍သောက်နေသည်။

လူကောက်လည်း မူစန်းလင်ပစ်လွှင့်သောအရက်အိုးအား မမြင်သကဲ့သို့ စားသောက်မြဲစားသောက်နေသည်။

"ခွပ်" ဟူသော အသံထွက်ပေါ်လာသည်။

အရက်အိုးသည် သံမဏိဘုန်းကြီး၏နောက်စေ့တည့်တည့်ကိုမှန်ပြီး အစိတ်စိတ်အမြွှာမြွှာကွဲသွားလေတော့သည်။

သို့သော် ....

သံမဏိဘုန်းကြီးသည် သူ့ခေါင်းထိခြင်းမဟုတ်သည့်ပမာ လှုပ်ပင်မလှုပ်ဘဲ အရက်သောက်မြဲသောက်နေသည်။

ဝမ်းဟွီးသည် ခြေလှမ်းကျဲကျဲဖြင့် လူကောက်နှင့် သံမဏိဘုန်းကြီးထံလျှောက်သွားပြီးထိုင်ချလိုက်သည်။

သူသည် မည်သူ၏ဖိတ်ခေါ်မှုကိုမှစောင့်မနေဘဲ ရှေ့တွင်ရှိသောအရက်ခွက်အားမော့ချလိုက်သည်။ သံမဏိဘုန်းကြီးသည် သူ့အားမျက်လုံးပြူး၍ကြည့်လိုက်ပြီး ....

"မင်းဘယ်သူလဲ"

ဝမ်းဟွီးသည် မည်သို့မျှ အဖြေမပေးဘဲ အရက်ကိုသာ တွင်တွင်သောက်နေသည်။ လူကောက်ကရယ်မောလိုက်ပြီး ....

"သူက ကျုပ်ရဲ့မိတ်ဆွေပါ၊ မိုးကြိုးလို့နာမည်ကျော်နေတဲ့ ဝမ်ဟွီးပေါ့"

သံမဏိဘုန်းကြီးကခေါင်းညိတ်လိုက်သည်။

"ဒါဆို ကျုပ်မိတ်ဆွေပဲ"

သူသည် မူစန်းလင်ဘက်သို့လှည့်ပြီး ....

"လာဗျာ တော်ကြာ ကျုပ်ကိုအရက်အိုးနဲ့ပေါက်မိဦးမယ်" ဟုဖိတ်ခေါ်လိုက်သည်။ ထွန်းယို့တစ်ယောက်တည်းသာ ထီးထီးမတ်မတ်ရပ်နေသည်။



လူကောက်သည် သံမဏိဘုန်းကြီးအားပြုံး၍ ....

"ဒီလူငယ်လဲ ဖိတ်လိုက်ပါဦး"

သံမဏိဘုန်းကြီးက ထွန်းယို့အားတစ်ချက်ကြည့်ပြီး ....

"ဘာဖြစ်လို့လဲ"

"သူကထွန်းယို့တဲ့၊ မနေ့က မင်းတပည့်လေးယောက်ကို ရေထဲဆင်းလိုက်တဲ့လူငယ်လေး"

သံမဏိဘုန်းကြီးသည် ထိုစကားကြားရသည့်အခါ ကွက်ခနဲ မျက်နှာပျက်သွားသည်။

သူသည် လူကောက်အား လေသံမာမာဖြင့် ....

"မင်းဘာဖြစ်လို့ သူ့ကိုခေါ်လာတာလဲ"

လူကောက်သည် ပခုံးတစ်ချက်တွန့်လိုက်ပြီး ....

"ကျုပ်က သူ့ကိုခေါ်လာတာမဟုတ်ဘူးဗျ၊ သူက ကျုပ်တို့ကို ဒီခေါ်လာတာ"

သံမဏိဘုန်းကြီးမျက်မှောင်ကုပ်သွားသည်။

"သူက ဘာဖြစ်လို့ မင်းတို့ကိုခေါ်လာတာလဲ"

"ညမွှေးပန်း ဒီမှာရှိတယ်ဆိုလို့"

သံမဏိဘုန်းကြီး ဒေါသထွက်လာလေသည်။

"ဒီသူခိုးမက ငါ့ဆီလာဝံ့ပါ့မလား၊ ဘာတွေလျှောက်ပြောနေတာလဲ"

"ဒါဖြင့် ညမွှေးပန်း ဒီမှာမရှိဘူးပေါ့"

"မရှိဘူး"

လူကောက်သည် သက်ပြင်းတစ်ချက်ချပြီး ပဝါဖြင့်ပါးစပ်အုပ်ကာချောင်းဆိုးလိုက်သည်။

ထို့နောက် ထွန်းယို့ဘက်လှည့်ပြီး ....

"ခင်ဗျားကြားတဲ့အတိုင်း ညမွှေးပန်း ဒီမှာမရှိဘူးဆိုပါလား"

ထွန်းယို့ကမဲ့ပြုံးပြုံးလိုက်ပြီး ....

"ကျွန်တော်လဲ ခေါင်းရှုပ်သွားပြီဗျာ"

လူကောက်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကဲ .... ခင်ဗျားသွားနိုင်ပြီ"

ဟုပြောလိုက်လေသည်။

သံမဏိဘုန်းကြီးသည် ထိုင်ရာမှ ရုတ်တရက်ထပြီး ထွန်းယို့အားစေ့စေ့ကြည့်ကာ ....

"မင်းမသွားရဘူး"

ဟုဟန့်တားလိုက်သည်။

"သူသွားချင်လို့မဟုတ်ပါဘူး၊ ကျုပ်ကသွားခိုင်းလို့ပါ"

"မင်းက ဘာဖြစ်လို့ သူ့ကိုသွားခိုင်းတာလဲ"

"သူက ကျုပ်မိတ်ဆွေဖြစ်နေလို့ပါ"

"မိတ်ဆွေ သူ မင်းကိုလိမ်နေတယ်၊ ဒါ မိတ်ဆွေလား"



"မဟုတ်သေးပါဘူး၊ သူ့ကိုငါယုံတယ်၊ ဒါကြောင့် သူသွားလိုရာသွားပါစေ"

သံမဏိဘုန်းကြီးသည် ထွန်းယို့ထံ တစ်လှမ်းချင်းလျှောက်သွားရင်း ....

"သူသွားဖို့လမ်းတစ်ခုထဲရှိတယ်၊ သေလမ်း"

ထွန်းယို့သည် မည်သည့်အခါမျှ ရန်သူ့ရှေ့တွင် ဒူးထောက်ခဲ့သူမဟုတ်ချေ။ သံမဏိဘုန်းကြီးက သူ့ထံချဉ်းကပ်လာသည်ကိုတွေ့ရသော်လည်း နောက်ဆုတ်မသွားချေ။

သူသည် သံမဏိဘုန်းကြီးအား စူးစိုက်ကြည့်ရင်း ခုခံရမည့်နည်းလမ်းများကို စဉ်းစားနေလေ၏။

သံမဏိဘုန်းကြီး၏ခြေလှမ်းသည် ထွန်းယို့ထံသို့ တဖြည်းဖြည်းချဉ်းကပ်သွားသည်။ နောက်ဆုံး သူသည် ထွန်းယို့နှင့်မျက်နှာချင်းဆိုင် လက်တစ်ကမ်းမျှအကွာအဝေးတွင်ရပ်တန့်လိုက်သည်။

သူ၏မျက်လုံးသည် ထက်မြက်သောဓားသွားပမာ ထွန်းယို့မျက်နှာပေါ်သို့ ကျရောက်သွားသည်။

လူကောက်၊ ဝမ်ဟွီးနှင့် မူစန်းလင်ဟို့သည် မည်သို့လုပ်ရမည်မသိဘဲကြောင်၍နေကြသည်။

ရုတ်တရက် လူတစ်ယောက်သည် သုတ်သီးသုတ်ပျာဖြင့်ပြေးဝင်လာသည်။

"ဆရာ .... ဆရာ .... ညမွှေးပန်းလှေကြီးတွေ့ပြီဆရာ"

ထိုလူသည် ထိပ်ပြောင်သောလူဖြစ်သည်။

ညမွှေးပန်းလှေကြီးမှာ တွေ့ခဲ့ရသောလူလေးယောက် အနက် တစ်ယောက်အပါအဝင်ဖြစ်သည်ဟု ထွန်းယို့မှတ်မိလိုက်သည်။

သံမဏိဘုန်းကြီးသည် ညမွှေးပန်းသတင်းကို ကြားလိုက်ရသဖြင့် ထိုလူအား ....

"ဘယ်မှာလဲကွ၊ မင်းဘယ်မှာတွေ့ခဲ့တာလဲ"

ဟု ကမန်းကတန်းမေးလိုက်သည်။

ထိုလူသည် ပြတင်းပေါက်ဘက်လက်ညှိုးညွှန်လိုက်ပြီး ....

"ရေကန်အလယ်မှာဆရာ"

ဟုပြောလိုက်လေသည်။

* * *



အနောက်ကန်၏ရေကန်အလယ်တွင် တည်းခိုခန်းအဖြစ် တည်ဆောက်ထားသောလှေကြီးတစ်စင်းသည် ဦးတည်ချက်မရှိဘဲ ရေထဲဖြည်းညင်းစွာရွေ့လျားနေလေသည်။

ရေကန်တွင် အပန်းဖြေလှေကလေး လှေကြီးတို့များစွာရှိနေသော်လည်း ထိုလှေကြီးအနီးသို့ မည်သူမျှချဉ်းကပ်သွားခြင်းမရှိပေ။ အားလုံးသော လူတို့သည် ထိုလှေကြီးအား မျက်လုံးပြူးကာ ငေးမောကြည့်နေကြလေသည်။

ရုတ်တရက် လှေငယ်တစ်စင်းသည် အရှိန်ပြင်းစွာဖြင့် ထွက်ပေါ်လာပြီး လှေကြီးဆီသို့ ဦးတည်မောင်းနှင်သွားနေသည်။

လှေငယ်ပေါ်တွင် သံမဏိဘုန်းကြီးသည် ဦးပိုင်းတွင် ခါးထောက်ကာမတ်တတ်ရပ်နေ၏။ ထွန်းယို့၊ လူကောက်နှင့်ဝမ်ဟွီးတို့မှာလည်း လှေငယ်ဝမ်းဗိုက်တွင် ထိုင်၍လိုက်ပါလာကြသည်။

လှေငယ်သည် လှေကြီးနှင့်ဝါးတစ်ရိုက်အကွာသို့ရောက်ရှိလာသောအခါ သံမဏိဘုန်းကြီးသည် လှေငယ်ပေါ်မှခုန်တက်ပြီး လေထဲ တစ်ပတ်ကျွမ်းထိုးကာ လှေကြီးပေါ်သို့ လွှားခနဲခုန်ဆင်းလိုက်လေသည်။

အနီးအနားရှိ လှေပေါ်ကလူများသည် ဟာခနဲဟစ်အော်မိလေသည်။ ထို့နောက် ထွန်းယို့၊ လူကောက်နှင့်ဝမ်ဟွီးတို့သည် ဆက်၍လှေကြီးပေါ်သို့ ခုန်တက်သွားကြလေသည်။

သို့သော် သူတို့ လှေကြီးပေါ်သို့ရောက်ရှိလာကြသောအခါ ခြေလှမ်းတို့ခနဲရပ်တန့်သွားကြလေသည်။ မြင်ကွင်းတစ်ခုလုံးမှာ ကြောက်မက်ဖွယ်ရာ ကောင်းနေလေသည်။

လှေကြီး၏အခန်းဖွဲ့ထားသောဧည့်ခန်း၏နံရံပေါ်၌ စက္ကူများဖြင့်မွမ်းမံကပ်လျက်ထားသည်။ ထိုဖြူဖွေးသောနံရံစက္ကူပေါ်၌ သွေးများသည် ပေကျံလျက်ရှိနေလေသည်။

ထိုသွေးကွက်များပေါ်၌ လူတစ်ယောက်သည် ရပ်လျက်အနေအထားဖြင့် သူ၏ဦးခေါင်းသည် ရပ်သေးကြိုးပြတ်သကဲ့သို့ ငိုက်စိုက်ကျနေသည်။

မျက်နှာတစ်ခုလုံးမှာ လူရုပ်ပင်မှတ်မိရန် မလွယ်လောက်အောင် ဒဏ်ရာများပြည့်လျက် ရင်ဝတွင် ဓားတစ်ချောင်းက စိုက်ဝင်ထားသည်။ ယင်းဓားသည် ထိုလူ၏ကိုယ်ခန္ဓာကိုထိုးဖောက်ပြီး နံရံသို့စိုက်ဝင်လျက်ရှိသည်။

ဓားရိုးတွင် ပိုးပဝါအနီတစ်ထည် ချည်နှောင်ထားသည်။

လေနုကလေးသည် ပြတင်းပေါက်မှ တိုက်ခတ်ဝင်ရောက်လာသည်။ ဓားရိုးမှပဝါနီသည် လေထဲ၌ တလူးလူးတလွန့်လွန့်ဖြင့် လှုပ်ရှား၍နေလေသည်။

သံမဏိဘုန်းကြီးက ထိုလူ၏ရင်ဝမှစိုက်ထားသောဓားကို ဆွဲထုတ်လိုက်သည်နှင့် ထိုလူသည် နံရံမှီလျက်လျှောကျသွားသည်။



သံမဏိဘုန်းကြီးသည် ဓားကိုသေသေချာချာကြည့်လိုက်ပြီးနောက် ....

"ကောင်းလိုက်တဲ့ဓားဟေ့"

ဟုချီးကျူးလိုက်လေသည်။

ဝမ်ဟွီးကလည်း ခေါင်းညိတ်လိုက်ပြီး ....

"ဟုတ်တယ်ဟေ့၊ တော်တော့်ကိုကောင်းတဲ့ဓားပဲ"

သံမဏိဘုန်းကြီးက ဓားကိုဝမ်ဟွီးရှေ့ တိုးလိုက်ပြီး ....

"ဒီဓား ဘယ်သူ့ဟာလဲဆိုတာသိသလား"

ဟုမေးလိုက်လေသည်။ ဝမ်ဟွီးက ခေါင်းခါပြလိုက်သည်။

"ဟင့်အင်း ကျုပ်မသိဘူး"

သံမဏိဘုန်းကြီးသည် ရုတ်တရက် နောက်ပြန်လှည့်လိုက်ပြီး ထွန်းယို့အား ပြတ်သားသောအသံဖြင့် ....

"မင်းကော .... ဒီဓားပိုင်ရှင်ကိုသိသလား"

ဟုမေးလိုက်လေသည်။ ထွန်းယို့၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။ ဟုတ်ပါ၏။ ယင်းဓားသည် မိမိ၏ပျောက်ဆုံးနေသောကျောက်စိမ်းဓားပင်မဟုတ်လား။

ဓားရိုးတွင်လည်း ထွန်းဟူသော အမှတ်အသားပင်ပါရှိနေလေသည်။ သံမဏိဘုန်းကြီးသည် သူ့အားစူးရှသောမျက်လုံးများဖြင့် ကြည့်ပြီး သေသူအားလက်ညှိုးညွှန်ပြလိုက်ပြီး ....

"မင်း သူ့ကိုသိသလား"

ဟုမေးလိုက်လေသည်။

ထွန်းယို့ခေါင်းခါပြလိုက်သည်။

ဟုတ်ပါ၏။ ထိုလူမှာ ငယ်ရွယ်သူတစ်ဦးဖြစ်ကာ အဝတ်အစားများမှာ အထက်တန်းကျကျဝတ်ဆင်ထားသဖြင့် အထက်တန်းကျသောလူငယ်တစ်ယောက်ဟုသာ ခန့်မှန်းနိုင်၏။

သို့သော် သူသည် လူကောက်အား အမှတ်မထင်ကြည့်မိလိုက်သောအခါ ရုတ်ခြည်းသဘောပေါက်လာချေပြီ။

သေသူ မည်သူဖြစ်ကြောင်း သူခန့်မှန်း၍ရလိုက်သည်။

ထိုတဒင်္ဂသောအချိန်အတွင်း လူကောက်သည် ရုတ်တရက်ဆယ်နှစ်ခန့်မျှ အိုစာသွားသည့်အလား နံရံပေါ်မှီ၍ အလောင်းအားငေး၍ကြည့်နေသည်ကိုတွေ့လိုက်ရလေသည်။

ထွန်းယို့၏နှလုံးသည် တဆတ်ဆတ်ခုန်လာလေတော့၏။ သံမဏိဘုန်းကြီးသည် သူ့အား အတန်ကြာစိုက်ကြည့်လိုက်ပြီး ....

"မင်း ဟန်ကျူးကိုလာတာဟာ ပုလဲကျေးရွာသွားဖို့မဟုတ်လား"

ထွန်းယို့ ခေါင်းညိတ်လိုက်သည်။ သံမဏိဘုန်းကြီးသည် စူး၍သောမျက်လုံးဖြင့် ထွန်းယို့၏မျက်နှာအား စိုက်ကြည့်ရင်း ....

"ပုလဲကျေးရွာသွားတယ်ဆိုတာ မင်္ဂလာကိစ္စမဟုတ်လား"



ထွန်းယို့က ခေါင်းညိတ်လိုက်ပြန်သည်။

သံမဏိဘုန်းကြီးက စကားတစ်လုံးချင်းပြောလိုက်သည်။

"လူရောက်ယင်းဟာ အခု မင်္ဂလာပွဲအတွက်မင်းနဲ့ပြိုင်ဘက်ဖြစ်လာလိမ့်မယ်လို့ မင်းယူဆထားတယ်မဟုတ်လား"

ထွန်းယို့ မငြင်းလိုတော့ပါ။ သူထွက်မလာမီ သူ၏ဖခင်က သူ့အား သတိပေးလိုက်သည်ကို သူသတိပြန်ရလာမိသည်။

သံမဏိဘုန်းကြီးကဆက်၍ .....

"ဒါကြောင့် မင်းနဲ့ပြိုင်ဘက်မဖြစ်ရအောင် သူ့ကိုသတ်လိုက်တာမဟုတ်လား"

ဤတစ်ကြိမ် ထွန်းယို့ ငြင်းပယ်လိုက်ရတော့သည်။

"ကျွန် .... ကျွန်တော် .... သူ့ကို မြင်တောင်မမြင်ဖူးဘူးဗျ"

သံမဏိကမဲ့လိုက်သည်။

"လူသတ်တယ်ဆိုတာ မျက်လုံးနဲ့သတ်တာမှမဟုတ်ဘဲကွ၊ ဓားနဲ့သတ်တာ"

သူသည် လက်ထဲမှကျောက်စိမ်းဓားအားမြှောက်ပြကာ...

"ဒီဓားဟာ မင်းဓားမဟုတ်ဘူးလား"

ထွန်းယို့ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် ကျွန်တော်သတ်တာမဟုတ်ဘူးဗျ"

"မင်းသတ်တာမဟုတ်ရင် မင်းဓားက ဘာဖြစ်လို့ လူသေ

အလောင်းမှာ လာတွေ့ရမှာလဲ"

ထွန်းယို့သည် အဖြေရခက်သွားသည်။

"ဒီဓားဟာ မနေ့ညက ...."

သံမဏိဘုန်းကြီးသည် အသံအေးစက်စက်ဖြင့် ....

"မနေ့ညက မင်းနဲ့ညမွှေးပန်းဟာ အတူတကွရှိတယ်လို့ ငါ ကြားတယ်၊ ဟုတ်သလား"

ထွန်းယို့သည် နှုတ်ပိတ်ထားလိုက်ရပြန်သည်။ သံမဏိဘုန်း ကြီးသည် ကျောက်စိမ်းဓားအားသေချာစွာကြည့်လိုက်ပြီး ....

"ကျုပ်တော့ ဒီဓားနဲ့လူသတ်သမားကို ပြန်ပြီးကလဲ့စားချေ ရမှာပဲ"

ထွန်းယို့က ခေါင်းထောင်ကြည့်လိုက်သည်။

"ခင်ဗျား .... လူသတ်သမားကိုသိလို့လား"

သံမဏိဘုန်းကြီးက အားပါးတရရယ်မောလိုက်သည်။

"ဟား .... ဟား .... ဟား .... သိတာပေါ့၊ ကဲ ...."

ပြောပြီး သူ့လက်ထဲမှဓားဖြင့် ထွန်းယို့၏ပခုံးဆီသို့ခုတ်ချ လိုက်သည်။ ကျောက်စိမ်းဓားသည် အင်မတန်ထက်မြက်သော ဓား တစ်လက်ဖြစ်သည်။

ဓားကိုအသုံးပြုသူမှာလည်း သိုင်းပညာအရာတွင် ထိပ်တန်း ရောက်နေသောသိုင်းပါရဂူတစ်ယောက် ....



ထို့ကြောင့် ဓားဝှေ့ယမ်းခုတ်ချလိုက်သည်နှင့် ငွေရောင်များ လက်ခနဲဝင်းသွားသည်။

ထွန်းယို့ အံ့အားသင့်သွားကာ ....

"ဒီမှာ .... ခင်ဗျားလူမှားနေပြီ"

ဟုလှမ်း၍အော်လိုက်၏။

ခုတ်လာသောဓားက အလွန်လျင်မြန်သည်။

သို့သော် .... သူ၏ရှောင်တိမ်းသောပညာက ပို၍လျင်မြန် သဖြင့် ယင်းသို့စကားပြန်ပြောရင်း ခုတ်ဝင်လာသောဓားခုနစ်ချက်ကို ရှောင်တိမ်းလိုက်ပြီးဖြစ်လေသည်။

သို့သော်လည်း ... လှေကြီးပေါ်၌ နေရာကကျဉ်းမြောင်းနေ သဖြင့် .... အကယ်၍ လူကောက်ကသာ ဝင်ရောက်တိုက်ခိုက်ပါလျှင် ထွန်းယို့အဖို့ တွေးဝံ့စရာမရှိတော့ပေ။

သို့သော် .... လူကောက်သည် သူ့အားတိုက်ခိုက်ခြင်းမရှိပါ။ သူသည် နံရံကိုမှီ၍ငေးကာ မလှုပ်မယှက်ရပ်၍နေလေသည်။

သံမဏိဘုန်းကြီး၏သိုင်းကွက်သည် တစ်ကွက်ထက်တစ် ကွက်ပို၍လျင်မြန်လာသည်။ သူ၏ဓားသိုင်းပညာသည် ရှောင်လင် ကျောင်းတွင် လူမထွက်မီက သင်ကြားထားသောရှောင်လင်ဓားသိုင်း ကွက်များဖြစ်ရာ တော်ရုံတန်ရုံသိုင်းသမားတစ်ယောက်သည် ယင်း ဓားသိုင်းကွက်မှလွတ်မြောက်နိုင်ရန် လမ်းမမြင်ချေ။

ယခု သံမဏိဘုန်းကြီး အသုံးပြုလိုက်သောသိုင်းကွက်သည် ရှောင်လင်ဓားသိုင်းတွင် အပြင်းထန်ဆုံးသောသိုင်းကွက်တစ်ခုဖြစ်သော လေဓားသိုင်းဖြစ်သဖြင့် လှေကြီးဝန်းကျင်တစ်ခုလုံးတွင် ဓားရောင်တဝင့်ဝင့်ဖြင့်လွှမ်းမိုးထားသည်ကိုတွေ့ရလေသည်။

မူစန်းလင်နှင့်ဝမ်ဟွီးမှာလည်း ဓားသိုင်း၏ဖိအားကြောင့် အပြင်သို့ဆုတ်လာရလေသည်။

ထွန်းယို့၏အခြေအနေမှာ အလွန်ဆိုးရွားနေ၏။

သူသည် ကိုယ်ဖော့ပညာအလွန်ကောင်းသူဖြစ်သည်။

သို့သော် ဤသို့ကျဉ်းမြောင်းသော လှေကြီးပေါ်မှအခန်းတွင် သူ၏ကိုယ်ဖော့ပညာသည် အသုံးချ၍မရပါ။

သူသည် ရှိသမျှ ကုလားထိုင်ခုံစသည့်ပစ္စည်းများဖြင့် လက်လှမ်းမီရာယူ၍ ခုခံကာကွယ်နေရလေသည်။ ဝမ်ဟွီးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ဘာပဲဖြစ်ဖြစ် ဒီရိုးသားတဲ့လူငယ်ဟာ လူသတ်သမားဟုတ်မယ်လို့ ကျုပ်မယုံဘူး"

မူစန်းလင်ကအေးစက်စက်ဖြင့် ....

"ဒါပေမဲ့ သက်သေခံပစ္စည်းပါမိနေတော့ခက်တယ်ဗျ"

"ဘာသက်သေခံပစ္စည်းလဲ၊ မင်းက သူ့ကျောက်စိမ်းဓားကို ဆိုလိုတာလား"



"ဟုတ်တယ်လေ၊ သူ့ဓားက ဘာဖြစ်လို့ လူသေရဲ့ရင်ဘတ်မှာစိုက်နေရတာလဲ"

"ဒါလား .... မင်းစဉ်းစားကြည့်လေ၊ မင်းက လူသတ်ပြီးရင် ဓားကို ဒီလိုပဲ လူများသိအောင်စိုက်ထားမှာလား"

မူစန်းလင် တွေဝေသွားလေ၏။

"အင်း .... မင်းပြောတာဖြစ်နိုင်တယ်၊ ဒါပေမဲ့ ...."

* * *

ထွန်းယို့ ရှောင်တိမ်းရန် တဖြည်းဖြည်းနယ်ကျဉ်းလာလေသည်။ အခန်းထဲမှပစ္စည်းများလည်း ရစရာမရှိအောင် သံမဏိဘုန်းကြီး၏ဓားချက်ဖြင့် ပျက်စီးကုန်ကြလေသည်။

နောက်ဆုံး ထွန်းယို့ချောင်ပိတ်မိသွားလေသည်။

သံမဏိဘုန်းကြီးသည် ရရှိလာသောအခွင့်အရေးအား အမြန်ဆုံးအသုံးချလိုက်သည်။

သူသည် ဓားကိုလျင်မြန်စွာ သုံးချက်တိတိခုတ်လိုက်သည်။

ရှေ့သို့လည်း ခြေတစ်လှမ်းတိုးဝင်လိုက်သည်။

"ဟား .... ဟား .... ဟား .... မင်းဘယ်ပြေးမလဲ"

သူသည် လက်သည်းအောက်မှ ကြွက်မိထားသည့်ကြောင်

တစ်ကောင်ပမာ ဝင့်ကြွားစွာရယ်မောပြီး လက်ထဲမှဓားဖြင့် ထွန်းယို့၏ပခုံးသို့တအားခုတ်ချလိုက်လေတော့၏။

ဝုန်းဟူသောအသံတစ်သံထွက်ပေါ်လာပြီး လှေကြီးတစ်ခုလုံး တုန်ခါသွား၏။ သံမဏိဘုန်းကြီး နောက်သို့ယိုင်သွားသည်။

သူကပျာကယာလှည့်ကြည့်လိုက်ရာ အစိမ်းနုရောင်ဝတ်ဆင်ထားသောလုလင်တစ်ယောက်သည် လှေငယ်တစ်စင်းဖြင့် ၄င်းတို့လှေကြီး၏ဝမ်းဗိုက်နေရာသို့ အရှိန်ပြင်းစွာဝင်ရောက်တိုက်လိုက်သည်ကို တွေ့မြင်ရလေသည်။

သူ ဤသို့လှည့်ကြည့်လိုက်သည့် တဒင်္ဂအချိန်တွင် ထွန်းယို့၏တစ်ကိုယ်လုံးသည် ပြတင်းပေါက်မှထိုးဖောက်ထွက်သွားပြီး လေထဲ၌တစ်ပတ်လှည့်ကာ ရေထဲသို့ထိုးကျသွားလေတော့သည်။

သံမဏိဘုန်းကြီးသည် ထွန်းယို့လွတ်မြောက်သွားသည်ကို တွေ့လိုက်ရသဖြင့် ဒေါသချောင်းချောင်းထွက်လာသည်။

သူသည် လှေကြီး၏ဝမ်းဗိုက်ပိုင်းသို့ခုန်သွားသည်။

"ဟေ့ .... ဘယ်သူလဲကွ"

ဟု လှေငယ်ပေါ်မှ အစိမ်းရောင်ဝတ်ဆင်ထားသောလုလင်အားဖောက်လိုက်လေသည်။

ထိုလုလင်သည် သူ့အားသွားဖြဲ၍တစ် ချက်ပြုံးပြလိုက်၏။

ထို့နောက် ....



ရုတ်တရက် သူ၏လက်ကို တစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် အစိမ်းရောင်တန်းတစ်ခု သံမဏိဘုန်းကြီးထံသို့ပစ်လွှင့်ဝင်ရောက်လာလေတော့သည်။

သံမဏိဘုန်းကြီးသည် ကပျာကယာ ဓားဖြင့်ဝှေ့ယမ်းဖယ်ရှားလိုက်ရသည်။ သူသည် ပို၍ဒေါသထွက်လာသည်။

ထိုလုလင်အားတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် .... သူနောက်ကျသွားချေပြီ။

လုလင်သည် လှေငယ်ပေါ်မှ သူ့ထံသို့ခုန်ဝင်လာသည်။ သူကပျာကယာရှောင်တိမ်းလိုက်သည်။ လုလင်သည် သူ့လက်ထဲမှဓားအားလုယူကာ ရေထဲသို့ခုန်ဆင်းလိုက်လေတော့သည်။

ရေပေါ်တွင် ဝဲဂယက်များ တဖြည်းဖြည်းပျောက်ကွယ်သွားသည်။ ထိုအစိမ်းရောင်ဝတ်ဆင်ထားသောလုလင်သည် ရေပေါ်သို့ပြန်လည်ပေါ်ထွက်မလာတော့ဘဲ ပျောက်ကွယ်သွားလေတော့၏။ သံမဏိဘုန်းကြီးသည် မူစန်းလင်၏ရင်ဘတ်အင်္ကျီစကိုဆွဲပြီး ....

"ဒီကောင်က ဘယ်ကလဲ"

ဟု ဒေါသကြီးစွာဖြင့်မေးလိုက်လေသည်။

မူစန်းလင်ကအေးစက်စက်ဖြင့် ....

"တစ်နေ့တော့သိရမှာပေါ့"

သံမဏိဘုန်းကြီးသည် အံကြိတ်၍ ....

"မင်းသိတဲ့အထိစောင့်ရင် ထွန်းယို့လွတ်မြောက်သွားပြီ"

"ဒီအတွက်တော့စိတ်ချပါ၊ သူ မလွတ်နိုင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ထွန်းယို့ကမြောက်ပိုင်းသား၊ အဲဒီတော့ သူရေကူးတတ်မှာမဟုတ်ဘူးဗျ"

သံမဏိဘုန်းကြီး၏မျက်နှာ ရွှင်လန်းသွားသည်။

"အေး .... ဟုတ်တယ်၊ ဒီကောင်တော့ ရေနစ်သေမှာပဲ"

ဟုကောက်ချက်ချလိုက်လေသည်။

ဝမ်ဟွီးသည် မူစန်းလင်အား တစ်ချက်ကြည့်လိုက်သည်။ မူစန်းလင်က ထွန်းယို့အတွက် ကာကွယ်ပေးလိုက်ခြင်းဖြစ်သည်ကို သူ နားလည်လိုက်သည်။

ထို့ကြောင့် .... သူပြုံးလိုက်လေသည်။

* * *



အစိမ်းရောင်ဝတ်ဆင်ထားသောလုလင်သည် မည်သူဖြစ်သနည်း။ သူ့ဘာကြောင့် ထွန်းယို့အား အချိန်မှီလာရောက်ကူညီရသနည်း။ ထိုလုလင်သည် ယောကျ်ားဟန်ဆောင်နေသော ဝါဝါဘုန်းပင်ဖြစ်ပါသည်။

သူမသည် ရေထဲသို့ပြန်လည်ရောက်ရှိလာသောအခါ သူ အံ့သြမိသည်။ မြောက်ပိုင်းသားထွန်းယို့သည် ရေမကူးတတ်ဟု သူမ အစက ထင်မိလိုက်သည်။

သို့သော် .... ထွန်းယို့သည် ရေထဲ၌ကျင်လည်စွာ ကူးခတ်ပြီး ဝါဝါဘုန်းအား လက်ယပ်ခေါ်နေသည်ကိုတွေ့လိုက်ရလေသည်။

သူတို့သည် ရေထဲ၌အတန်ကြာကူးခတ်သွားပြီး ရေပေါ်သို့ လေတစ်ကြိမ်ရှူရှိုက်ပြီး ထပ်မံငုပ်သွားသည်။ သူတို့သည် ဤသို့ ကူးခတ်သွားရင်း မကြာမီ လှေများကင်းရှင်းသောနေရာသို့ရောက်ရှိလာကြ၏။

ထိုအခါမှ ရေပေါ်သို့ခေါင်းပြူထွက်လာကြလေတော့သည်။

ဝါဝါဘုန်းသည် ရေပေါ်ခေါင်းပြူလိုက်သည်နှင့် ထွန်းယို့ ပြုံးနေသည်ကိုတွေ့လိုက်ရလေသည်။

ဝါဝါဘုန်းသည် နှုတ်ခမ်းကိုက်ကာ သူ့အား လူထူးလူဆန်းသဖွယ်ကြည့်လိုက်ပြီး ....

"ခင်ဗျား ပြုံးနိုင်သေးတယ်ဟုတ်လား"

ထွန်းယို့က ဝို၍ပြုံးလိုက်သည်။

"လူဆိုတာ ရှင်သန်ချင်ကြတယ်မဟုတ်လား၊ အဲဒီတော့ ပြုံးနိုင်သရွေ့ ရယ်နိုင်သရွေ့တော့ ရယ်ရယ်ပြုံးပြုံးရှိသင့်တာပေါ့ဗျ"

ဝါဝါဘုန်းကနှာခေါင်းရှုံ့လိုက်ပြီး ....

"ခင်ဗျား ဘာဖြစ်လို့ ရေနစ်မသေလဲဆိုတာ ကျုပ်အံ့ဩမိတယ်"

ထွန်းယို့သည် စကားမပြောတော့ဘဲ သူမ၏မျက်နှာကိုသာ ပြုံး၍စိုက်ကြည့်နေလေသည်။

ဝါဝါဘုန်းက အသံကျယ်ကျယ်ဖြင့် ....

"ကျုပ်ကိုဒါလောက်စိုက်ကြည့်ရအောင် ကျုပ်မျက်နှာမှာ ပန်းတွေပွင့်နေလို့လား"

ထွန်းယို့ကပြုံးမြဲပြုံးနေပြီး ....

"ပန်းတွေတော့မရှိပါဘူး၊ ဒါပေမဲ့ ခင်ဗျားပါးမှာ ပျားရည်များရှိနေသလားလို့"

ဝါဝါဘုန်း၏မျက်လုံးသည် ဝိုင်းစက်၍လာပြန်လေသည်။

"ပျားရည် .... ကြံကြံဖန်ဖန်"

သူမသည် လက်ကလေးဖြင့် ပါးကလေးအား အမှတ်မထင်ပွတ်မိလေသည်။ ထွန်းယို့က မျက်နှာခပ်တည်တည်ဖြင့် ....

"အင်း .... ကျုပ်အခု ပျားရည်စားချင်လိုက်တာ"



ဟုပြောပြီး ရေထဲသို့ငုပ်သွားပြန်လေသည်။ ဝါဝါဘုန်းသည် အတန်ကြာမှ ထွန်းယို့ဆိုလိုသည့်အဓိပ္ပါယ်ကိုနားလည်လာလေ၏။

သို့သော် .... ထွန်းယို့ ရေထဲရောက်သွားပြန်သဖြင့် သူမမှာ ရေပြင်ကိုကြည့်ပြီး ဒေါသထွက်၍ကျန်ရစ်ခဲ့လေသည်။

မကြာပါချေ။ ထွန်းယို့သည် ကန်စပ်တစ်နေရာတွင် ပေါ်လာလေသည်။ ဝါဝါဘုန်းသည် ရန်တွေ့မည်ပြုစဉ် ထွန်းယို့ကသူ့အား လက်ယပ်ခေါ်နေသည်ကိုတွေ့ရသဖြင့် ရန်တွေ့မည့်စကားများကို ခေတ္တမျိုသိပ်ကာ ထွန်းယို့ထံသို့ကူးခတ်သွားလေသည်။

ထွန်းယို့ရောက်ရှိနေသောနေရာသည် ရေတိမ်သောနေရာဖြစ်သည်။ ကန်စပ်ပေါ်မှ သစ်ပင်၏အရွက်အကိုင်းများသည် ရေပြင်ပေါ်သို့ ထိလုမတတ်ကျလျက်ရှိ၏။

ထွန်းယို့သည် ကြီးမားသောသေတ္တာတစ်လုံးအား ဆွဲတင်နေသည်။ ထိုသေတ္တာသည် ကြေးဝါဖြင့်အပြင်ခွံဖုံးအုပ်ထားသည်။

ကန်ရေများသည် သေတ္တာ၏တစ်ဝက်ခန့်မြုပ်နေ၏။

သေတ္တာ၏အပေါ်ပိုင်းတွင် အပေါက်ကလေးများရှိသည်။

သေတ္တာက ကြီးမားပြီးလေးလံနေ၏။

ဝါဝါဘုန်းသည် ထိုသေတ္တာကြီးအား မြင်တွေ့လိုက်ရသည်နှင့် ထွန်းယို့အား ရန်တွေ့ရန်ပင်မေ့လျော့သွားလေသည်။

"ဘယ်ကသေတ္တာကြီးလဲ"

သူမက အံ့ဩစွာဖြင့်မေးလိုက်သည်။

ထွန်းယို့ကခေါင်းခါလိုက်သည်။

"မသိဘူးဗျ။ လာ .... ကန်ပေါ်တင်လိုက်ရအောင်"

သူတို့သည် ထိုသေတ္တာကြီးအား ကန်ဘောင်ရိုးပေါ်သို့ဆွဲတင်လိုက်သည်။ ဝါဝါဘုန်းသည် သေတ္တာဆွဲတင်လိုက်ပြီးနောက် လေတစ်ချက်မှုတ်ထုတ်လိုက်ပြီး ....

"အင်း .... အတော်လေးတဲ့သေတ္တာ၊ အထဲမှာ ဘာတွေရှိမှန်းလဲမသိဘူး"

ထွန်းယို့ကပခုံးတစ်ချက်တွန့်လိုက်ပြီး ....

"ဒါတော့ ဖွင့်ကြည့်မှပဲသိနိုင်မယ်"

"ဒါဖြင့် ဖွင့်ကြည့်လိုက်လေ၊ ဘာဝေးနေတောလဲ"

ထွန်းယို့က ပြုံးလိုက်ပြီး ....

"ဖြည်းဖြည်းပေါ့၊ သေတ္တာက ထွက်မပြေးနိုင်ပါဘူးဗျာ၊ အကောင်းဆုံးက တို့ရေစိုနေတဲ့အဝတ်အစားလဲဖို့ နေရာတစ်ခုခု အရင်ရှာရလိမ့်မယ်"

ထွန်းယို့၏စကားကြောင့် ဝါဝါဘုန်းသတိရလာသည်။

ကိုယ့်ကိုယ်ကိုလည်း ပြန်၍ကြည့်မိသည်။ ဟုတ်ပါ၏။

တစ်ကိုယ်လုံး ရေတွေစိုရွှဲနေသောမိန်းကလေးတစ်ယောက်၏ပုံပန်းမှာ မည်သို့ရှိမည်နည်း။



ဝါဝါဘုန်း၏မျက်နှာတစ်ခုလုံး နီမြန်းလာလေတော့သည်။

သူမသည် သေတ္တာနောက်သို့ပြေးသွားကာ အကာအကွယ်ယူလိုက်ရလေသည်။

သူမသည် နှုတ်ခမ်းကလေးစူကာ ....

"ဟင်း .... ခင်ဗျားတို့ ယောကျာ်းတွေရဲ့မျက်လုံး အတော်ကိုဆိုးတယ်"

ဟုပြစ်တင်ပြောဆိုလေတော့သည်။

ထွန်းယို့မှာမူ သူ၏ဆောင်ပုဒ်အတိုင်း ပြုံးမြဲပြုံးနေ၏။

* * *

အင်မတန်လူသူကင်းရှင်း၍ ချောင်ကျသောနေရာတစ်ခုဖြစ်သည်။ ဤသို့ချောင်ကျသောနေရာမျိုးတွင် ဤကဲ့သို့ခန့်ညားလှပကောင်းမွန်သောအဆောက်အအုံရှိလိမ့်မည်ဟု ထွန်းယို့ မမျှော်လင့်ခဲ့ပေ။

အဆောက်အအုံသည် ကြီးကျယ်ခြင်းမရှိသော်လည်း ကျဉ်းမြောင်းမှု မရှိပေ။

ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ စာကြည့်ခန်း၊ ဘုရားခန်း၊ အဝတ်လဲခန်းစသည်များ စုံစုံလင်လင်ရှိလှပေသည်။

ဤနေရာသည် ဝါဝါဘုန်းနေထိုင်သည့်နေရာပင်ဖြစ်ပါ၏။ အဝတ်လဲခန်းအတွင်း၌ ဝါဝါဘုန်းအဝတ်အစားများလဲနေ၏။

ယခု သူမ၏ကိုယ်ပေါ်၌ အစိမ်းရောင်ရင့်အင်္ကျီနှင့် ဂါဝန်ရှည်တဆက်တည်းချုပ်လုပ်ထားသော ထိုအချိန်က ခေတ်အစားဆုံးပုံစံဖြစ်သည်။

သူမ၏အသက်သည် ၁၇–နှစ်ရှိသည်။

ဤအဝတ်အစားမျိုးသည် နုပျိုစိုပြေသော ၁၇ နှစ်အရွယ်ရှိသောမိန်းကလေး၏ကိုယ်လုံးကိုယ်ထည်အား သူ့နေရာနှင့်သူ ဖုံးသင့်သောနေရာများ ဖုံးပြီး၊ ချိုင့်သင့်သောနေရာချိုင့်စေရန် ပေါ်လွင်စွာဖော်ထုတ်နိုင်သောအဝတ်အစားများဖြစ်ပါသည်။

မျက်နှာပေါ်တွင် ပေါင်ဒါအနည်းငယ်တို့လိုက်သည်။



နဂိုက ဖြူဖွေးနုနယ်သောမျက်နှာသွယ်ကလေးသည် ပို၍လှပလာသည်။

ထိုသို့ဝတ်စားပြင်ဆင်လိုက်သောအခါ သူမမှာ ယောကျ်ားအင်္ကျီများ တဖားဖားဝတ်ထားသည်ထက် အဆပေါင်းများစွာ ချောမောလှပ၍နေလေတော့သည်။

မိန်းကလေးများသည် ဤသို့အလှအပ ပြုပြင်ဆင်ယင်ခြင်းမှာ မိမိနှစ်သက်သောသူအား ပြသရန်ဖြစ်သည်ဟုအဆိုရှိခဲ့သည်။

သို့သော် ....

သူမသည် အဝတ်လဲခန်းမှထွက်လာသောအခါ ထွန်းယို့သည် သူမအား လှည့်မကြည့်တော့ပေ။

အခန်းအလယ်တွင်ချထားသောသေတ္တာကြီးကိုသာ ငေး၍ကြည့်နေ၏။ သေတ္တာကြီးသည် အလွန်ခိုင်ခံ့သည်။ သော့ခလောက်ကလည်း အလွန်ကြီးမားသောကြေးသော့ခလောက်ဖြစ်နေ၍ ဖွင့်ရန်မလွယ်ကူပါချေ။

ထွန်းယို့သည် ဝါဝါဘုန်းအားတစ်ချက်ကြည့်လိုက်ပြီး ....

"ဒီသေတ္တာမျိုး ခင်ဗျားမြင်ဘူးလား"

ဝါဝါဘုန်းကခေါင်းခါပြလိုက်သည်။

"ဟင့်အင်း .... မမြင်ဖူးဘူး"

ထွန်းယို့ကခေါင်းညိတ်လိုက်ပြီး ....

"ကျူပ်မြင်ဖူးတယ်၊ ဒီသေတ္တာမျိုးဟာ အဖိုးတန်ပစ္စည်းတွေထည့်တဲ့သေတ္တာမျိုးဗျ"

ဝါဝါဘုန်းက ဘာမျှပြန်မပြောချေ။

ထွန်းယို့ကဆက်၍ ....

"ဒီလိုသေတ္တာမျိုးဆိုတာ များသောအားဖြင့် လုံလုံခြုံခြုံ သိမ်းဆည်းထားကြတယ်၊ ဒီသေတ္တာက ဘာဖြစ်လို့ ရေကန်စပ်မှာ ရောက်နေရသလဲဆိုတာစဉ်းစားရခက်တယ်ဗျ"

ဝါဝါဘုန်းကမဲ့ပြုံးပြုံးလိုက်ပြီး ....

"ဘာလဲ .... ခင်ဗျားက ဒီသေတ္တာထဲမှာ ရွှေငွေကျောက်သံပတ္တမြားတွေရှိတယ်လို့ထင်နေသလား၊ ပွပြီလို့တော့ အထင်မစောလိုက်ပါနဲ့ကိုယ့်လူ၊ သေတ္တာထဲမှာ ရွှေငွေမရှိဘဲ လူသေအလောင်းရှိနေရင် ခက်မယ်နော်"

ဝါဝါဘုန်းသည် ဤသို့ပြောရင်း ထွန်းယို့ရှေ့၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက်သည်။ သို့သော် အလိုက်ကန်းဆိုးမသိတတ်သောထွန်းယို့သည် သေ ဘ္တာကိုသာ သဲသဲမဲမဲစိုက်ကြည့်နေ၏။

သူမ အနည်းငယ်ဒေါသထွက်လာပေပြီ။

ထွန်းယို့သည် အတန်ကြာစဉ်းစားပြီးမှပြုံးလိုက်သည်။

"အင်း .... ခင်ဗျားပြောတာအတော်နီးစပ်တယ်၊ သေတ္တာထဲမှာလူသေလောင်းမဟုတ်ဘဲ အသက်ရှင်နေတဲ့လူတစ်ယောက် ဖြစ်



ကောင်းဖြစ်မယ်ဗျ"

"ခင်ဗျား ဘာတွေ ကယောင်ကတန်းပြောနေတာလဲဗျ"

ထွန်းယို့ကပြုံးလိုက်ပြန်သည်။

"ဒီသေတ္တာကြီးတွေ့တော့ ကျူပ်ပုံပြင်တစ်ခုကြားဖူးတယ်"

သူသည် ဤသို့ပြောပြီး ပါးစပ်ပိတ်ထားလိုက်သည်။

သူဆက်၍ပြောလျှင် သူမက နားထောင်မည်မဟုတ်ဟု သိထားသဖြင့် ဆက်မပြောဘဲ ရပ်တန့်ထားလိုက်ခြင်းဖြစ်သည်။ သူထင်သည့်အတိုင်း ဝါဝါဘုန်းကမနေနိုင်တော့ဘဲ ....

"ဆိုစမ်းပါဦး၊ ခင်ဗျားပုံပြင်က ...."

ထိုအခါမှ ထွန်းယို့သည် သူပြောလိုသောပုံပြင်ကို ဆက်၍ပြောပြလေတော့၏။

* * *

ဟိုးရှေးရှေးတုန်းက ....

အသက်အရွယ် နုနယ်သောမုဆိုးတစ်ယောက်ရှိတယ်။

ဒီမုဆိုးဟာ ရဲရင့်တည်ကြည်ပြီး ပါးနပ်လိမ်မာတယ်၊ ရုပ်က လဲချောတယ်။ တစ်နေ့ .... သူနဲ့အဖော်များ တောထဲမှာ တိရစ္ဆာန်ဖမ်းဖို့အသွား အင်မတန်ချောင်ကျတဲ့နေရာတစ်ခုရောက်လာတဲ့အခါ အလွန်ကြီးမားတဲ့သေတ္တာတစ်လုံးတွေ့ရတယ်တဲ့။

သေတ္တာကလဲ အလွန်တန်ဖိုးရှိတယ်ဆိုပဲ။ အဲဒါနဲ့ပဲ သူက သေတ္တာကိုဖွင့်ကြည့်လိုက်တယ်တဲ့။ သေတ္တာထဲမှာ အလွန်ချောမောတဲ့မိန်းကလေးတစ်ယောက်တွေ့လိုက်ရတယ်။

ဝါဝါဘုန်းက မဲ့ပြုံးပြုံးလိုက်ပြီး ....

"ဟင် .... ကြုံကြုံဖန်ဖန် သေတ္တာထဲမှာ မိန်းကလေးဘယ်လိုရောက်နေတာလဲ"

ထွန်းယို့က သူ့ပုံပြင်ကိုဆက်လိုက်သည်။

"ဟုတ်တယ် .... မုဆိုးကလဲ အံ့သြမိတာပေါ့။ မိန်းကလေးသတိရလာအောင်ပြုစုပြီး အကျိုးအကြောင်းမေးကြည့်ကြတယ်၊ မိန်းကလေးက သူဟာ သူဌေးသမီးတစ်ယောက်ပါတဲ့၊ ဓားပြနှစ်ယောက်က သူတို့အိမ်ကိုဓားပြတိုက်ပြီး သူ့ကိုသေတ္တာထဲထည့်ပြီး ယူလာပါတယ်လို့ပြောပြတယ်"

ဝါဝါဘုန်းကနှာခေါင်းရှုံ့လိုက်ပြီး ....



"နောက်ကော .... သူဌေးသမီးနဲ့မုဆိုးနဲ့ညားကြတယ်လို့ပြောမလို့ဟုတ်လား"

ထွန်းယို့ကရယ်မောကာ လက်ကာပြလိုက်ပြီး ....

"မဆိုးသေးဘူးလေ၊ နားထောင်၊ အေး .... ဘယ်ရောက်နေပါလိမ့်၊ ဟုတ်ပြီ၊ မုဆိုးက မိန်းကလေးကိုကယ်တင်ပြီး ဝက်ဝံတစ်ကောင်ကိုသေတ္တာထဲပြန်ထည့်ထားလိုက်တယ်၊ နောက်တော့ သူဌေးသမီးက မုဆိုးကိုချစ်ကြိုက်ပြီး မုဆိုးကိုလက်ထက်လိုက်တယ်လေ"

ဝါဝါဘုန်းက မဲ့ပြုံးပြုံးလိုက်ပြန်သည်။

"ကဲ .... ထားပါတော့လေ၊ ဓားပြကကော သူ့သေတ္တာကိုလာမယူတော့ဘူးလား"

"လာယူတာပေါ့။ ဒါပေမဲ့ မမျှော်လင့်ဘဲဝက်ဝံထွက်လာလို့ ခွေးပြေးဝက်ပြေး ပြေးသွားကြရောပေါ့ဟာ၊ ကဲ ပုံပြင်ကဒါပါပဲ"

ဝါဝါဘုန်းသည် သူ့အားခပ်တည်တည်ကြည့်လိုက်ပြီး

"ခင်ဗျားလဲ ပုံပြင်ထဲကသေတ္တာမျိုး တစ်လုံးရထားလိုက်ပြီ၊ မုဆိုးလို သေတ္တာထဲကချောချောလှလှမိန်းကလေးတစ်ယောက် ထွက်လာပါစေလို့ ဆုမတောင်းဘူးလား"

ထွန်းယို့က သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ကျုပ်တင်မဟုတ်ဘူး၊ ဘယ်သူမဆို ဒီလိုဆုတောင်းမှာပဲ"

ဝါဝါဘုန်းက သူ့အားစေ့စေ့ကြည့်လိုက်သည်။

"တကယ်လို့များ သေတ္တာထဲက မိန်းကလေးထွက်မလာဘဲ ဝက်ဝံထွက်လာရင်ကော ...."

ထွန်းယို့က အားပါးတရရယ်မောလိုက်သည်။

"မဖြစ်နိုင်ဘူးဗျ၊ အကုသိုလ်လုပ်တဲ့လူသာ ဝက်ဝံနဲ့တွေ့မှာ၊ ကျုပ်က ကုသိုလ်သမားဆိုတော့ ဝက်ဝံမဖြစ်နိုင်ဘူး"

ဝါဝါဘုန်းကလည်း အားပါးတရရယ်မောလိုက်ရင်း ....

"သူဌေးသမီးလဲမဖြစ်နိုင်ဘူးဆိုတာ သေချာတယ်"

ထွန်းယို့ ရယ်မောလိုက်ပြီး ....

"ကုသိုလ်ကောင်းမှုပြုတဲ့လူဟာ ကံကောင်းတတ်တယ်ဗျ"

ဝါဝါဘုန်းသည် ဝိုင်းစက်သောမျက်လုံးဖြင့် ထွန်းယို့အားစိုက်ကြည့်လိုက်ပြီး ....

"ဘာလဲ .... ခင်ဗျားက သေတ္တာထဲမှာ သူဌေးသမီးရှိတယ်ဆိုတာ ...."

သူမ၏စကားသည် ရုတ်တရက် ရပ်တန့်သွားသည်။

သူမ၏ဝိုင်းစက်သောမျက်လုံးသည် သေတ္တာအား ပြူး၍ငေးကြည့်နေလေတော့သည်။ အကြောင်းမှာ .... ထိုသေတ္တာထဲမှ တစ်စုံတစ်ယောက်၏ညည်းညူသံများကြားလိုက်ရသောကြောင့်ပင် ဖြစ်ပါသည်။

* * *



သေတ္တာထဲ၌ လူတစ်စုံတစ်ယောက်ရှိနေသည်။ ထိုလူသည် အသက်ရှင်လျက်ရှိသည်။ ဝါဝါဘုန်းသည် ထိုသေတ္တာအား မျက်လုံးပြူး၍ငေးကြည့်နေ၏။

ထွန်းယို့လည်း ထိတ်လန့်သွားသည်။

သူတို့ရယ်စရာမောစရာပြောနေသည့်ကြားမှ တကယ်ပင် သေတ္တာထဲမှာလူရှိနေ၍ အံ့သြခြင်းဖြစ်မိသည်။

သေတ္တာထဲမှညည်းညူသံများသည် အဆက်မပြတ်ထွက်ပေါ်လာသည်။

ဝါဝါဘုန်းသည် ထွန်းယို့အားလှည့်ကြည့်ပြီး ....

"ဒီသေတ္တာ ခင်ဗျားတွေ့လာတယ်၊ ဟုတ်လား"

ဟုမေးလိုက်သည်။ ထွန်းယို့ကခေါင်းညိတ်ပြသည်။

"ဒါဖြင့် ခင်ဗျား ဒီသေတ္တာဖွင့်ဖို့တာဝန်ရှိတာပေါ့"

"ဟုတ်ပါတယ်"

"ဒါဆို သေတ္တာဖွင့်လိုက်လေ"

"သော့ခလောက်ကကြီးလွန်းတယ်၊ ဖွင့်လို့လွယ်ပါ့မလားလို့ စဉ်းစားနေတယ်"

"ရပါတယ်၊ ခင်ဗျားရဲ့သိုင်းပညာကမခေပါဘူး"

"ခင်ဗျားလဲဖွင့်နိုင်ပါတယ်"

သူမသည် ယခုမှပင် မိမိမှာမိန်းကလေးဖြစ်နေကြောင်း သတိရလာသည့်ပမာ ငြင်းပယ်လိုက်သည်။ အမျိုးသမီးများသည် မိမိ မလုပ်လိုသောကိစ္စနှင့်ကြုံတွေ့သောအခါ မိမိမှာ မိန်းမသား ဖြစ်ပါသည်ဟုအကြောင်းပြတတ်စမြဲမဟုတ်ပါလော။

ဤအချက်ကလည်း ယောကျ်ားသားများ မငြင်းနိုင်သော အချက်ပင်ဖြစ်ပါသည်။

ထို့ကြောင့် .... ထွန်းယို့ကပင် သေတ္တာသွား၍ဖွင့်လိုက်ရသည်။ သော့ခလောက်ပွင့်သွားသောအခါ ထွန်းယို့သည် သေတ္တာအဖုံးအား အပေါ်သို့မတင်လိုက်သည်။

အဝေး၌ရပ်နေသော ဝါဝါဘုန်းသည် ....

ထွန်းယို့က သေတ္တာသို့စိုက်ကြည့်နေသဖြင့် ....

"သေတ္တာထဲမှာလူရှိတယ်ဟုတ်လား"

ဟုမေးလိုက်လေသည်။



"ဟုတ်တယ်"

"အသက်ရှိသေးလား"

"ရှိတယ်"

"အသက်ကြီးတဲ့လူလား၊ ငယ်ရွယ်တဲ့လူလား"

"ငယ်ငယ်ရွယ်ရွယ်ပဲရှိသေးတယ်"

"မိန်းကလေးလား၊ ယောကျ်ားလေးလား"

ဝါဝါဘုန်းသည် သေတ္တာထဲမှအရာသည် ဝက်ဝံဖြစ်ချင်ဖြစ်ပါစေ။ မိန်းကလေးမဖြစ်ပါစေနှင့်ဟု ကျိတ်၍ဆုတောင်းမိလေသည်။

"ယောကျ်ားပါ"

ထိုအခါမှ ....

ဝါဝါဘုန်း ဟင်းခနဲသက်ပြင်းချနိုင်လေတော့သည်။

* * *

မိန်းမများ အရှုံမှုန်းဆုံးသောသတ္တဝါသည်မြွေဖြစ်သည်ဟု အချို့ကဆိုသည်။ အချို့ကမူ မိန်းမများသည် ကြွက်ကိုအရှုံမုန်းဆုံး ဖြစ်သည်ဟုဆိုကြပြန်သည်။

အမှန်မှာ မိန်းမများ အရှုံမုန်းဆုံးသောအရာမှာ မိန်းမပင် ဖြစ်ပါသည်။ ထို့ကြောင့် မိန်းမများက အရှုံမုန်းဆုံးသောသတ္တဝါမှာ မိန်းမဟုဆိုနိုင်ပါသည်။ ထိုမိန်းမသည် သူမ၏ရည်းစားလုဘက်။ အထူးသဖြင့် ထိုရည်းစားလုဘက်ဖြစ်နေသောမိန်းကလေးသည် သူ့ထက်ချောမောလှပသောမိန်းမပင်ဖြစ်ပေသည်။

* * *



သေတ္တာထဲ၌ အသက် ၁၉–၂၀ခန့်ရှိသော လုလင်တစ်ဦး။ ခန့်ညားချောမောသောမျက်နှာပိုင်ရှင်ဖြစ်သည်။

သို့သော် မျက်နှာတစ်ခုလုံးတွင် သွေးရောင်ပင်မရှိဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ သူ့ကိုယ်ပေါ်၌ အတွင်းခံ အဝတ်အစားမျှသာ ဝတ်ဆင်ထားသည်။

သူသည် သေတ္တာထဲ၌ကွေး၍ ညည်းညူနေသည်။ မျက်လုံးကား မဖွင့်ပေ။ ဝါဝါဘုန်း သေတ္တာအနီးသို့ရောက်သောအခါ အရက်နံ့များသည် သူမ၏နှာခေါင်းထဲသို့တိုးဝင်လာလေသည်။

သူမသည် နှာခေါင်းရှုံ့လိုက်ပြီး ....

"အို .... ဒီလူကအရက်သမားပဲ"

ဟု ကောက်ချက်ချလိုက်လေသည်။

ထွန်းယို့ကခေါင်းခါလိုက်သည်။

"သူအရက်ကြောင့်မူးနေတာမဟုတ်ဘူး၊ ကြည့်စမ်း .... သူ့ အဝတ်အစားတွေပေါ်မှာ အရက်စွန်းနေတဲ့အကွက်တွေ တွေ့တယ် မဟုတ်လား"

ဝါဝါဘုန်းသည် သေချာစွာကြည့်လိုက်တော့မှ ထွန်းယို့ပြော သည့်အတိုင်း ကိုယ်ပေါ်ရှိအဝတ်အစား၌ အရက်စွန်းသောအကွက် များကိုတွေ့လိုက်ရလေသည်။

သူမသည် မျက်မှောင်ကုပ်လိုက်ပြီး ....

"ဒါဖြင့် သူဘာဖြစ်လို့ သတိမရသေးတာလဲ"

"သူက အိပ်ဆေးတစ်မျိုးမိထားတာနဲ့တူတယ်"

"တစ်ယောက်ယောက်က သူ့ကိုအိပ်ဆေးကျွေးပြီး သေတ္တာထဲထည့်လိုက်တယ်လို့ ခင်ဗျားဆိုလိုတာလား"

"ဟုတ်တယ်လေ .... လူတစ်ယောက်ဟာ သတိရှိနေမှတော့ သူများက သူ့ကိုသေတ္တာထဲထည့်တာခံနေမယ်တဲ့လား"

ဝါဝါဘုန်း မျက်တောင်တဖျတ်ဖျတ်ခတ်လိုက်ပြီး ....

"သူ့ကို ဘာဖြစ်လို့ သူများကသေတ္တာထဲထည့်လိုက်ရတယ်ဆိုတာ ခင်ဗျားသိလား"

ထွန်းယို့ခေါင်းခါလိုက်သည်။

ဝါဝါဘုန်းကပြုံးလိုက်၏။

"သူက ခင်ဗျားနဲ့တူလိမ့်မယ်ထင်တယ်"

"ဘာဖြစ်လို့လဲ"

"သူများ ဘာပြောပြော ယုံလိုက်တာဘဲ"

ထွန်းယို့သည် မဲ့၍သာပြုံးလိုက်သည်။

ဝါဝါဘုန်းသည် အတန်ကြာစဉ်းစားလိုက်ပြီး ....

"ပစ္စည်းလုပြီး လူပါလုပ်ကြံတာဖြစ်လိမ့်မယ်"

ထွန်းယို့ ခေါင်းညိတ်လိုက်ပြီး ....

"ဒါလဲဖြစ်နိုင်တယ်၊ ဒီလူသတိရလာမှ မေးကြည့်ရဦးမယ်"



ထို့နောက် သူတို့သည် တိတ်ဆိတ်စွာဖြင့် ထိုလူသတိရလာမည့်အချိန်ကိုသာ စောင့်ဆိုင်းနေလေတော့သည်။

သူတို့သည် သိပ်ကြာကြာမစောင့်လိုက်ရပါချေ။ သေတ္တာထဲမှလုလင်သည် သတိရလာလေတော့သည်။

သူသည် ဝန်းကျင်သို့တစ်ချက်ဝေ့ကြည့်ပြီး ဖြူဖွေးသောမျက်နှာတစ်ခုလုံးသည် ထိတ်လန့်သွားပုံရလေသည်။

သို့သော် .... သူသည် လျင်မြန်စွာကိုယ့်ကိုယ်ကိုထိန်းချုပ်နိုင်ခဲ့လေသည်။

အကယ်၍ မည်သူမဆို ဤသို့သောအခြေအနေနှင့်ကြုံတွေ့ရလျှင် မေးစရာတွေ များစွာမေးမည်မှာအမှန်ပင်။

သို့သော် .... ထိုလုလင်သည် စကားတစ်ခွန်းမျှမမေးပါချေ။

အနည်းဆုံး ပြောသင့်ပြောထိုက်သော ကျေးဇူးတင်စကားပင် မပြောချေ။ ဝါဝါဘုန်း မနေနိုင်တော့ပါ။

"ဒီမှာကိုယ့်လူ .... ခင်ဗျား ဘယ်လိုလုပ် ဒီရောက်လာတယ်ဆိုတာသိသလား"

ဟုမေးလိုက်လေသည်။ ထိုလုလင်သည် ခေါင်းခါယမ်းပြလိုက်သည်။ ဝါဝါဘုန်းကဆက်၍ ....

"ခင်ဗျားကို တစ်ယောက်ယောက်က ဒီသေတ္တာထဲထည့်ပြီး ရေကန်မှာပစ်ချထားတယ်ဗျ"

သူမက ဤသို့ပြောပြလိုက်လျှင် ထိုလုလင် ထိတ်လန့်သွားမည်ဟုထင်မိလေသည်။ သို့သော် .... ထိုလုလင်သည် ထိတ်လန့်ခြင်းမရှိသည့်ပြင် မျက်တောင်ပင်မခတ်ချေ။

ဝါဝါဘုန်းသည် ထိုထူးဆန်းသောလုလင်အား အတန်ကြာစိုက်ကြည့်လိုက်ပြီး ....

"ခင်ဗျား ဘာဖြစ်လို့ ဒီသေတ္တာထဲရောက်နေတာလဲ၊ တစ်စုံတစ်ယောက်က ခင်ဗျားကိုအသေသတ်ကြဖို့ကြံတာလား"

ထိုလုလင်သည် ပါးစပ်ပိတ်ထား၏။

ဝါဝါဘုန်း၏အမေးကိုမဖြေဘဲ ထွန်းယို့ဘက်သို့ရွေ့လျားလိုက်သည်။

"အခုန ခင်ဗျားတွေ့တဲ့လူက ထွန်းယို့လို့ခေါ်တယ်၊ သိုင်းပညာသိပ်တော်တယ်၊ ခင်ဗျားကို ဘယ်သူလုပ်ကြံသလဲဆိုတာ ပြောပြလိုက်၊ သူက ခင်ဗျားအတွက်ကူညီပေးလိမ့်မယ်"

ထိုလုလင်သည် ဤတစ်ကြိမ် ပါးစပ်ပင်မကဘဲ မျက်လုံးပါမှိတ်ထားလိုက်လေသည်။ ဝါဝါဘုန်းသည် ထိုလူ၏ပြုမူပုံအား ကြည့်ပြီး ဒေါသထွက်လာလေတော့သည်။

"ဟေ့ .... ပြောနေတာမကြားဘူးလား၊ ခင်ဗျား အ,နေတာလား၊ နားပင်းနေတာလား"

ထိုလုလင်သည် တုတ်တုတ်မျှပင် မလှုပ်တော့ချေ။



ဝါဝါဘုန်းသည် သက်ပြင်းတစ်ချက်ချပြီး ထွန်းယို့အား ကြည့်ကာ မဲ့ပြုံးပြုံးလိုက်သည်။

"တို့ မှားနေပြီထင်တယ်"

ထွန်းယို့ကမျက်မှောင်ကုပ်လိုက်ပြီး ....

"ဘို့မှားတယ်ဟုတ်လား၊ ဘယ်လိုမှားတာလဲ"

ဝါဝါဘုန်းက ထိုလုလင်အားတစ်ချက်ဝေ့ကြည့်လိုက်ပြီး ....

"ကြည့်ရတာတော့ .... ဒီလူဟာ လူများက သူ့ကိုသေတ္တာထဲထည့်စေချင်တဲ့သဘောပဲ"

"တို့ သူ့ကိုကယ်ခဲ့တာကို မကျေမနပ်ဖြစ်နေတာနဲ့တူတယ်"

ထွန်းယို့ကရယ်မောလိုက်ပြီး ....

"ဒီလိုပေါ့လေ၊ တို့ကို တစ်ယောက်ယောက်က သေတ္တာထဲထည့်လိုက်ရင် တို့လဲ စကားပြောချင်မှာမဟုတ်ဘူးပေါ့"

"ထားပါတော့လေ၊ သူက ပြောမပြရင် သူ့ကိုဘယ်လိုလုပ်ကလဲ့စားချေပေးရမှာလဲလို့"

"ဒါကတော့ ဒီလိုရှိတယ်၊ တချို့က ကလဲ့စားချေစရာရှိရင် သူများကို အားမကိုးဘူး၊ ကိုယ်တိုင် ကလဲ့စားချေရမှကျေနပ်တာဗျ"

ဝါဝါဘုန်းက အေးစက်စက်ဖြင့်မဲ့လိုက်ပြီး ....

"ခင်ဗျားတို့ယောကျ်ားတွေ တော်တော်ပြောရခက်တဲ့လူစားတွေဘဲ"

ထိုလုလင်သည် မျက်လုံးဖွင့်လိုက်သည်။

သူသည် ထွန်းယို့အားတစ်ချက်ကြည့်လိုက်ပြီး ....

"ကျေးဇူးတင်ပါတယ်"

ဟုပြောလိုက်လေသည်။ ထွန်းယို့သည် ထိုလူ၏ကျေးဇူးတင်စကားမှာ သူ့အားကယ်တင်၍ကျေးဇူးတင်ခြင်းမဟုတ်ဘဲ သူ့ရင်ထဲရှိစကားလုံးကို ကိုယ်စားပြု ပြောပေးခြင်းကြောင့် ကျေးဇူးတင်ခြင်းဖြစ်သည်ကို နားလည်လိုက်လေသည်။

လုလင်သည် ကျေးဇူးတင်စကားပြောပြီးနောက် ....

သေတ္တာထဲမှထလာလေတော့သည်။

ဝါဝါဘုန်း မျက်မှောင်ကုပ်လိုက်သည်။

"ဟေ့လူ .... ခင်ဗျားသွားတော့မလို့လား"

ဟုမေးလိုက်သည်။ လုလင်သည် ခေါင်းညိတ်ပြီး အခန်းဝဆီသို့လျှောက်သွားသည်။

သို့သော် .... သူသည် ခြေလှမ်းသုံးလေးလှမ်းမျှ လှမ်းလိုက်ရသည်နှင့် ခြေလှမ်းတုံ့ခနဲရပ်သွားသည်။

သူ၏မျက်နှာတွင် ပြင်းထန်သောဝေဒနာခံစားလိုက်ရသည့်အလားရှုံ့မဲ့လာလေသည်။ ထို့နောက် သူ၏ခန္ဓာကိုယ်တစ်ချက်တွန့်လိမ်ကာ ကြမ်းပြင်ပေါ်သို့လဲကျသွားလေတော့သည်။

လုလင် မှောက်လျက်လဲကျသွားတော့မှ သူ၏ကျောဘက်



တွင် သွေးများထွက်နေသည်ကိုသတိပြုမိလေသည်။

ဝါဝါဘုန်းသည် မျက်လုံးဝိုင်းစက်သွားပြန်သည်။

"ဟင် .... သူ့မှာဒဏ်ရာရနေတယ်"

ဟု အော်မိလေသည်။

လုလင်သည် ကြမ်းပေါ်မှလူးလိမ့်ထလိုက်သည်။ သို့သော် သူသည် ကိုယ့်ကိုယ်ကိုမထိန်းနိုင်ဘဲ ပြန်၍လဲကျသွားလေသည်။

ဤတစ်ကြိမ်တွင် သူသည် ပြန်၍ထလာနိုင်စွမ်းမရှိတော့ဘဲ သတိလစ်သွားပြန်လေတော့သည်။

သူတို့သည် ဒဏ်ရာကိုစစ်ဆေးကြည့်ကြသည်။ ဒဏ်ရာသည် ဝဲဘက်ပခုံးအောက်တွင်ရှိ၏။ ဒဏ်ရာ၏အပေါက်မှာ အပ်ပေါက်ထက်အနည်းငယ်မျှကျယ်ရုံပင်ရှိသည်။

ပခုံးတစ်ခုလုံးသည် ညိုမည်း၍ယောင်ကိုင်းလျက်ရှိသည်။ ယင်းဒဏ်ရာကြည့်ခြင်းအားဖြင့် ထိုလုလင်အား တစ်စုံတစ်ယောက်က ပေ့ါပါးပြီးအဆိပ်ပါသည့် စူးရှသောလက်နက်ဖြင့် လုပ်ကြံလိုက်ခြင်းဖြစ်သည်ဟုသိသာနိုင်ပေသည်။

ဝါဝါဘုန်း မျက်မှောင်ကုပ်လိုက်ပြီး ....

"အင်း .... သူ့ထိတဲ့လက်နက်ကအဆိပ်ရှိတယ်"

ထွန်းယို့က သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ဟုတ်တယ်၊ အဆိပ်တော်တော်ပြင်းတယ်"

"ဒီလိုဆို ဒီလူ့ကိုကယ်လို့ရနိုင်ပါဦးမလား"

ထွန်းယို့ကရယ်မောလိုက်ပြီး ....

"ကျုပ်က လူသတ်တာတော့မကျွမ်းဘူး၊ လူကိုကယ်ဖို့တော့ နည်းနည်းပါးပါးနားလည်တယ်"

သူသည် ပြောရင်း အင်္ကျီလက်မောင်းပင့်လိပ်လိုက်သည်။

"ကဲ .... ကျုပ်ကိုအရက်တစ်ဘူးပေးစမ်း"

ဝါဝါဘုန်းသည် သူ့အားမျက်စောင်းတစ်ချက်ထိုးပြီး ....

"ဟုတ်မှလဲလုပ်ပါဆရာကြီးရယ် .... ကျုပ်အရက်ကိုများ ညာသောက်မလို့လားမှန်းမသိဘူး"

ဟု တစ်ယောက်တည်းရေရွတ်လိုက်လေတော့သည်။

အမှန်တော့ ....

ထွန်းယို့သည် အရက်ကိုညာမသောက်ပါ။ ကြွား၍ပြောခြင်းလည်းမဟုတ်ပါ။ သူသည် အရက်ကိုတစ်ငုံငုံလိုက်သည်။

ထို့နောက် ထိုလူ၏ဒဏ်ရာပေါ်သို့ မှုတ်ချလိုက်သည်။

ပြီးနောက် သူ၏ကျောက်စိမ်းဓားဖြင့် ဒဏ်ရာပတ်ဝန်းကျင်ရှိ ပုပ်လုနေသောအသားများကိုခွဲထုတ်လိုက်သည်။

သူသည် ဒဏ်ရာမှသွေးမည်းများ အကုန်အစင်ကျဆင်းပြီး သွေးရောင်များနီရဲလာတော့မှ အရက်နှင့်ဆေးမှုန့်များဖျော်၍ဒဏ်ရာအဝကို သိပ်လိုက်လေသည်။



သူသည် စိတ်သက်သာရာရသွားသဖြင့် လေတစ်ချက်မှုတ်ထုတ်ပြီး ဝါဝါဘုန်းအားကြည့်လိုက်သည်။

"ကဲ .... ကျုပ် အရက်လိမ်သောက်တာမဟုတ်ဘူးဆိုတာ ယုံပြီမဟုတ်လား"

ဝါဝါဘုန်းက နှာခေါင်းကလေးတွန့်အောင်ရယ်မောပြီး ....

"ခင်ဗျား တော်တော်တတ်နိုင်သားပဲ"

ထွန်းယို့ကလည်း အရက်မော့လိုက်ပြီး ....

"ဒါတင် ဘယ်ကမလဲ၊ ကျုပ်တတ်နိုင်တာတွေအများကြီး"

ဝါဝါဘုန်းက သူ့အားကြည့်ပြီး ....

"တကယ် .... ဘာရောဂါမဆို ခင်ဗျားကုနိုင်တယ်ပေါ့"

ထွန်းယို့က ပခုံးတစ်ချက်တွန့်လိုက်ပြီး ....

"ရောဂါတစ်ခုတော့ ကျုပ်လဲမတတ်နိုင်ဘူး"

"ဘာရောဂါမို့လဲ"

"ဗိုက်ဆာတဲ့ရောဂါလေ"

ဝါဝါဘုန်း အားရပါးရရယ်မောလိုက်လေတော့သည်။

"ဒါတော့ ကျုပ်တတ်နိုင်ပါတယ်ဗျာ၊ ဒါပေမယ့် အိမ်ထဲမှာတော့ စားစရာဘာတစ်ခုမှမရှိဘူး"

"ဒါဖြင့် ခင်ဗျား ထမင်းတော့ချက်တတ်မှာပေါ့"

ဝါဝါဘုန်းကခေါင်းခါပြလိုက်သည်။

"ကျုပ်ထမင်းတော့ မချက်တတ်ဘူးဗျ"

ထွန်းယို့မျက်မှောင်ကုပ်သွားသည်။

"ဒီလိုဆို ခင်ဗျားကဘာတတ်သလဲ"

ဝါဝါဘုန်းကရယ်မောလိုက်ပြီး ....

"ကျုပ်ဝယ်တတ်တယ်၊ အခုဘဲ အပြင်မှာသွားဝယ်ပေးမယ်ကဲ .... ဘာစားချင်သလဲ၊ ပြော"

* * *

ဝါဝါဘုန်းက ကြွားဝါပြောဆိုခြင်းမဟုတ်ပါ။

သူမ တကယ်ပင်ဝယ်တတ်ပါသည်။ ကြည့်ပါ။

သူမသည် အပြင်မှစားစရာတွေ အထုပ်လိုက်များစွာ ဝယ်လာပြီမဟုတ်ပါလော။

အထုပ်များဖြေလိုက်သောအခါ ခေါက်ဆွဲကြော်၊ ပုဇွန်ကြော်၊ ဘဲကင်၊ ထမင်းဖြူ၊ ဟင်းသီးဟင်းရွက်ကြော်နှင့် အကောင်းဆုံး ဝါးရွက်စိမ်းအရက်နှစ်ပုလင်းပါလာသည်။

ဗိုက်အလွန်ဆာလောင်နေသဖြင့် ထွန်းယို့သည် အားရပါးရစားသောက်နေလေသည်။

ဝါဝါဘုန်းသည် စက္ကူလိပ်တစ်ခုထုတ်လိုက်ပြီး ထွန်းယို့အား



လှမ်းပေးလိုက်သည်။ သူမ၏မျက်နှာမှာလည်း အဓိပ္ပါယ်တစ်မျိုးဖြင့် သူ့အားစေ့စေ့ကြည့်နေလေ၏။

"ဒီစက္ကူပေါ်ကအရုပ်ကို သေချာကြည့်လိုက်စမ်း၊ ခင်ဗျား မှတ်မိသလားလို့"

ဟုမေးလိုက်လေသည်။

* * *

စက္ကူပေါ်၌ လူရုပ်တစ်ပိုင်းပုံဆွဲထားသည်။

ထိုရုပ်ပုံသည် အသက်ငယ်၍ပြုံးနေသောလုလင်တစ်ဦး၏ပုံဖြစ်ပါသည်။ ထိုပုံ၏အောက်တွင် 'ဆုငွေ၅၀၀၀' ဟုရေးသားထားသည်။ ထွန်းယို့သည် လူများများနှင့်မသိကျွမ်းခဲ့ပါ။

သို့သော် .... ထိုရုပ်ပုံအား သူကောင်းကောင်းမှတ်မိနေပါသည်။ အကြောင်းမှာ ထိုဆုငွေ၅၀၀၀ထုတ်ထားသောပုံသည် သူ၏ရုပ်ပုံဖြစ်နေသောကြောင့်ပင်။

သူသည် စက္ကူပေါ်မှရုပ်ပုံကိုကြည့်ပြီး မိမိ၏မျက်နှာအား ပွတ်လိုက်သည်။

"ပုံကတော့ ကျုပ်နဲ့သိပ်မတူဘူး၊ ပုံက ပိုပြီးချောနေတယ်ဗျ"

ဝါဝါဘုန်းက မျက်စောင်းကလေးတွန့်ကာပြုံးလိုက်သည်။

"ခင်ဗျားကိုယ်ခင်ဗျားတောင်မှ ၅၀၀၀ တန်မယ်လို့ထင်မှာ မဟုတ်ဘူး၊ ဟုတ်လား"

ထွန်းယို့ကသက်ပြင်းချလိုက်ပြီး ....

"ဘယ်သူကများ ငွေ ၅၀၀၀ အကုန်ခံပြီး ကျုပ်ကိုတွေ့ချင်ရတာလဲဗျာ"

ဝါဝါဘုန်းက သူ့အားစေ့စေ့ကြည့်လိုက်ပြီး ....

"ကျုပ်သိတယ်"

"ဘယ်သူပါလိမ့်"

"သံမဏိဘုန်းကြီး"

ထွန်းယို့ မျက်မှောင်ကုပ်သွားသည်။

"ဒီဘုန်းကြီးလူထွက်နဲ့ ကျုပ်နဲ့ ဘာရန်ငြိုးရှိလို့ ရေးကြီးခွင်ကျယ်လုပ်ပြီးဆုငွေထုတ်နေရတာလဲ"

"ဒါတော့မသိဘူး၊ ဒါပေမယ့် ဟန်ကျူးမြို့မှာရှိသမျှ ထမင်းဆိုင်နဲ့ တည်းခိုခန်းတွေအားလုံးမှာ ဒီဆုငွေထုတ်ထားတဲ့ပုံတွေ အများကြီးကပ်ထားတယ်"

သူမသည် ပြုံးပြီးစကားဆက်လိုက်ပြန်သည်။

"အခုချိန်မှာတော့ ဟန်ကျူးတစ်မြို့လုံး ခင်ဗျားကိုမသိတဲ့လူ မရှိသလောက်ဖြစ်နေပြီ"

"အဲလေ ဆုငွေ ၅၀၀၀ ဆိုတာ နည်းတာမှမဟုတ်ဘဲ"



"ဟုတ်တာပေါ့ .... တချို့လူတွေက ငွေ ၅၀၀၀ အတွက်နဲ့ လူတောင်သတ်တယ်မဟုတ်လား"

ထွန်းယို့သည် သက်ပြင်းတစ်ချက်ချလိုက်ပြန်၏။ သူသည် အရက်နှစ်ခွက် ဆက်တိုက်မော့ချလိုက်သည်။ သူ၏ဦးနှောက်တစ်ခုလုံးမှာရှုပ်ထွေး၍နေသည်။

သူသည် ဖြစ်ပျက်ခဲ့သော ကိစ္စအကြောင်းအရာများကို ပြန်လည်ဆန်းစစ်ကြည့်သည်။ သူဟန်ကျူးရောက်လာသည်။ ဟန်ကျူးရောက်လာသည်နှင့် ဤအနောက်ကန်သို့လာ၏။

ကောင်းသုံးကောင်းဆိုင်မှာ စားသောက်သည်။

တိုက်တိုက်ဆိုင်ဆိုင် ဝါဝါဘုန်းနှင့်တွေ့ဆုံခဲ့သည်။

ထို့ထက်တိုက်ဆိုင်ခြင်းတစ်ခုမှာ ခြေရာပျောက်နေသော ညမွှေးပန်းအား တွေ့မြင်လိုက်ရခြင်းဖြစ်သည်။

ထို့နောက် ညမွှေးပန်း၏အဆောင်တွင် တစ်ညတာအိပ်စက်ခဲ့သည်။

ညမွှေးပန်း၏ပန်းအိုးထဲမှ ....

လူရှောက်ယင်း၏ပုလဲနှင့်ကျောက်စိမ်းပြားကို ရလာသည်။

သို့သော် မိမိ၏ကျောက်စိမ်းခါးကိုမူ မေ့ကျန်ခဲ့၏။

နောက် ကျောက်စိမ်းခါးမှာ လူရှောက်ယင်း၏အလောင်းနှိုက်လျက်တွေ့ခဲ့သည်။

သူသည် တွေးရင်း တွေးရင်း ထောင်ချောက်တစ်ခုထဲသို့ ချင်းနင်းဝင်ရောက်နေသည်ကို သဘောပေါက်လာလေတော့သည်။

ဤထောင်ချောက်ထောင်ထားသူသည် မည်သူနည်း။

ဘာကြောင့် မိမိအပေါ် ယခုကဲ့သို့လုပ်ကြံရသနည်း။

သူသည် တွေး၍မရချေ။

ယခု သူသည်လူသတ်သမားဘဝသို့ သက်ဆင်းနေရပြီဖြစ်သည်။ ယင်းကိစ္စအားလုံးကိုပစ်ပယ်၍ ပုလဲကျေးရွာသို့သွားသူအား မည်သူကမှတားဆီးနိုင်မည်မဟုတ်ပါ။

သို့သော် ....

ပုလဲကျေးရွာမှကျူးခွမ်းသည် လူသတ်သမားအဖြစ်သံသယရှိနေသောမိမိအား သမီးနှင့်ပေးစားပါမည်လော။

မဖြစ်ဘူး။ မဖြစ်ဘူး။

မည်သို့ဖြစ်စေ ....

ဤလူသတ်မှုတရားခံအစစ်ဖော်ထုတ်ရန် မိမိမှာတာဝန်ရှိနေသည်။

သူသည် စတုတ္ထမြောက်အရက်ခွက်အား မော့ချလိုက်ပြန်လေသည်။

ထိုအချိန် မျက်နှာတစ်ခုလုံးဖြူဖွေးနေသောလုလင်သည် သတိရလာပြီဖြစ်၍ သူတို့ထံသို့ရောက်ရှိလာပြီး ....



စားပွဲပေါ်တွင် တင်ထားသောရုပ်ပုံအား စိုက်ကြည့်နေသည်ကို သတိမပြုမိပါပေ။

* * *

သေတ္တာထဲအလှောင်ခံရသောသူသည် အလွန်ရှားသည်။

သေတ္တာထဲသို့အလှောင်ခံခဲ့ရပါမူလည်း အသက်ရှင်သန်ရန် အလွန်အခွင့်အရေးနည်းသည်။

ဤလုလင်သည် ထွန်းယို့နှင့်မှ လာရောက်ဆုံမိသဖြင့် အလွန်ကံကောင်းသည်ဟုဆိုရပေမည်။ ယခု သူသည် ထွန်းယို့အနီးတွင် ထိုင်နေလေသည်။

သူ၏မျက်လုံးအစုံသည် စက္ကူပေါ်ရေးဆွဲထားသောရုပ်ပုံအား စိုက်ကြည့်နေ၏။ ထွန်းယို့သည် သူ့အားတစ်ချက်မော့ကြည့်ပြီး စက္ကူပေါ်မှရုပ်ပုံအားညွှန်ပြကာ ....

"ဒီလူဟာ လူသတ်သမားနဲ့တူသလားဗျ"

ထိုလုလင်သည် ခေါင်းခါပြလိုက်သည်။

"လုံးလုံးမတူဘူး"

ထိုလုလင်စကားပြောလာသည်ကိုတွေ့ရသဖြင့် ထွန်းယို့အားတက်လာသည်။

"ဟုတ်တယ်၊ ကျုပ်လဲ ဒီလိုပဲယူဆတယ်"

လုလင်သည် သူ့အားမော့ကြည့်လိုက်ပြီး ....

"သူက ဘယ်သူ့ကိုသတ်တယ်လို့ပြောကြသလဲ"

"သူတစ်ခါမှမမြင်ဘူးတဲ့လူတဲ့၊ နာမည်က လူရှောက်ယင်းလို့ခေါ်တယ်"

လုလင်သည် ခေါင်းတွင်တွင်ခါလိုက်ပြီး ....

"လူရှောက်ယင်းကို သူသတ်တာမဟုတ်ပါဘူးဗျ"

ထွန်းယို့ကပြုံးလိုက်ပြီး ....

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ လူဆယ့်လေးငါးဦးက ခင်ဗျားလူသတ်ပါတယ်လို့ပြောလာရင် ခင်ဗျားလဲ ဘုမသိဘမသိနဲ့ လူသတ်သမားဖြစ်သွားနိုင်တာပဲမဟုတ်လား"

လုလင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားပြောတာ ကျွန်တော်သဘောပေါက်ပါတယ်၊ ကျုပ်တောင်မှ သေတ္တာထဲအထည့်ခံလိုက်ရသေးတာဘဲ"

ဝါဝါဘုန်းသည် သူ့အားတစ်ချက်ကြည့်လိုက်ပြီး ....

"ဒါပေမဲ့ ခင်ဗျား အခုသေတ္တာထဲကလွတ်လာပြီ"

သူမသည် ဤသို့ပြောရင်း ထွန်းယို့ကိုညွှန်ပြ၍ ....

"သူက ခင်ဗျားကိုကယ်ခဲ့တာ"

လုလင် ခေါင်းညိတ်လိုက်ပြန်လေသည်။



ဝါဝါဘုန်းကဆက်ပြီး ....

"ခင်ဗျားကော သူ့ကိုအကူအညီမပေးနိုင်ဘူးလား"

လုလင် ခေါင်းခါယမ်းပြလိုက်သည်။

"ကျုပ်ဘယ်လိုမှကူညီနိုင်မှာမဟုတ်ပါဘူးဗျာ၊ ဗိုက်ထဲက လဲဆာလာပြီ၊ ကျုပ်ကို စားစရာကျွေးနိုင်မလားဗျ"

ထွန်းယို့ခေါင်းညိတ်လိုက်သည်။

"စားနိုင်ပါတယ်၊ အရက်လဲသောက်နိုင်တယ်"

လုလင်သည် စားပွဲတွင်ချထားသောအစားအစာများကိုယူစားလိုက်လေတော့သည်။ ဝါဝါဘုန်းသည် သူ့အားကြည့်၍ သက်ပြင်းတစ်ချက်ချပြီး ထွန်းယို့ဘက်လှည့်၍ ....

"ခင်ဗျား ဘာဆက်လုပ်ဖို့စိတ်ကူးထားသလဲ"

"ကျုပ်လုပ်စရာလမ်းတစ်ခုထဲရှိတယ်"

လုလင်က ထွန်းယို့အားကြည့်လိုက်သည်။

"ဘယ်လမ်းလဲ"

ထွန်းယို့ကအနည်းငယ်စဉ်းစားလိုက်ပြီး ....

"ပထမကျုပ်ညမွှေးပန်းကိုတွေ့အောင်ရှာရမယ်၊ ကျုပ်မနေ့ညက တစ်ညလုံး သူ့အိမ်မှာရှိတာ သူတစ်ယောက်ထဲပဲ သက်သေပြနိုင်တယ်၊ နောက်ပြီး လူရှောက်ယင်းသတ်တဲ့တရားခံ ဘယ်သူဆိုတာလဲ သူတစ်ယောက်ထဲပဲသိမယ်"

လုလင်က သူ့အားမော့ကြည့်လိုက်သည်။

"လူရောက်ယင်းသတ်တဲ့တရားခံ ညမွေးပန်းသိတယ်ဆို တာ ခင်ဗျားဘယ်လိုလုပ်သိသလဲ"

ထွန်းယို့ကအသံခပ်အုပ်အုပ်ဖြင့် ....

"လူရောက်ယင်းဟာ သူနှင့်အတူတကွနေခဲ့တယ်၊ ဘာဖြစ် လို့ပြောနိုင်သလဲဆိုတော့ ကျုပ်က သူ့အိမ်မှာရှိတဲ့ပန်းအိုးထဲက လူ ရောက်ယင်းရဲ့ပစ္စည်းတွေတွေ့ခဲ့လို့ပဲ"

"ခင်ဗျား သူ့ကိုရှာလို့တွေ့နိုင်ပါ့မလား"

"သူ့ကိုတွေ့အောင်ရှာဖို့နည်းလမ်းတစ်ခုထဲရှိတယ်"

"ဆိုစမ်းပါဦး"

"သူဟာ ငါးနှင့်အင်မတန်တူတယ်၊ ငါးကိုလိုချင်ရင် ငါးမျှား တံနဲ့မျှားရတယ်မဟုတ်လား"

"ဒါဖြင့် ခင်ဗျားဘာနဲ့ငါးစာလုပ်မလဲ"

"ကျုပ်ကိုယ်တိုင် ငါးစာအဖြစ်လုပ်မှာပေါ့"

လုလင်သည် အရက်တစ်ခွက်ထပ်မံမော့ချလိုက်ပြီး ....

"ခင်ဗျား ဒီလိုစကားမျိုးကျုပ်ကိုပြောဖို့မသင့်ဘူးထင်တယ်"

ထွန်းယို့ကပြုံးလိုက်ပြီး ....

"ကျုပ်ကလဲ ခင်ဗျားကိုယုံလို့ပြောတာပေါ့"

လုလင်သည် ထွန်းယို့အား စိုက်ကြည့်လိုက်သည်။



သူ၏မျက်ဝန်းတွင် ကျေးဇူးတင်သည့်အရိပ်အယောင်များ သန်းလျက်ရှိနေပေသည်။

ထွန်းယို့သည် စားပွဲအောက်၌ချထားသော ပန်းကန်တစ် လုံးယူလိုက်သည်။ ပန်းကန်ထဲ၌ အရောင်တောက်ပသောအရာတစ် ခုရှိနေလေသည်။

လုလင်သည် ပန်းကန်ထဲသို့ကြည့်လိုက်သောအခါ ငါးမျှား ချိတ်တစ်ခုတွေ့ရှိရလေသည်။ ငါးမျှားချိတ်၏အဖျားတွင် သွေးအနည်း ငယ်စွန်းနေသည်ကိုပါတွေ့လိုက်ရလေသည်။

ထွန်းယို့သည် ပန်းကန်အား လုလင်သို့ကမ်းပေးလိုက်သည်။

"ဒီပစ္စည်းဟာ ခင်ဗျားဒဏ်ရာကနေ ခွဲထုတ်လိုက်တဲ့ပစ္စည်း ပါ၊ ခင်ဗျား အမှတ်တရသိမ်းထားစေချင်ပါတယ်"

လုလင် မျက်နှာကွက်ခနဲပျက်သွားသည်။

"ဘာဖြစ်လို့ အမှတ်တရသိမ်းထားရမှာလဲ"

ထွန်းယို့ကပြုံးလိုက်ပြီး ....

"အခုလို သင်ခန်းစာမျိုး နောက်ထပ်မတွေ့ရအောင် အမှတ် တရရှိဖို့ပေါ့"

လုလင်သည် အရက်ကိုသာမဲ၍သောက်နေသည်။

ပန်းကန်ထဲမှငါးမျှားချိတ်အား လုံးဝလှည့်မကြည့်ချေ။

ထွန်းယို့သည် ပန်းကန်အား ရှေ့သို့ထိုးပေးရင်း ....

"ဟေ့မိတ်ဆွေ ဘာပစ္စည်းဆိုတာမကြည့်တော့ဘူးလား"

လုလင်သည် ထွန်းယို့၏စကားကြောင့် ပန်းကန်ထဲမှငါးမျှားချိတ်အားတစ်ချက်ကြည့်လိုက်ပြီး ....

"ငါးမျှားချိတ်နဲ့တော့ခပ်ဆင်ဆင်ပဲ"

ထွန်းယို့သည် အေးစက်လွန်းသော ထိုလုလင်အား အနည်းငယ်စိတ်တိုလာလေသည်။

"ငါးမျှားချိတ်ဆိုမှ ခပ်ဆင်ဆင်ဖြစ်ရသလားဗျ"

လုလင်သည် အားရပါးရရယ်မောလိုက်ပြီး ....

"ဒါနဲ့ ခင်ဗျား ငါးသွားမျှားမယ်ဆို၊ ဒီငါးမျှားချိတ်နဲ့သွားမျှားရောပေါ့"

ထွန်းယို့သည် လုလင်၏စကားအဓိပ္ပါယ်ကိုတွေးနေ၏။

"ဒီငါးမျှားချိတ်နဲ့ငါးမျှားလို့ရမလား"

လုလင်သည် ပြုံးရင်း ....

အဓိပ္ပါယ်ပါသောမျက်လုံးများဖြင့် သူ့အားကြည့်ကာ ....

"ဟုတ်တယ်၊ ကံကောင်းရင်တော့ ငါးတင်မဟုတ်ဘူး၊ နဂါးပါမိနိုင်တယ်"

ထွန်းယို့ရယ်မောလိုက်သည်။ ထိုလုလင်သည် အရက်အလွန်အကျွံသောက်၍ မူးနေပြီဟုသူထင်လိုက်သည်။ လုလင်သည် မျက်လုံးစင်းလာသည်။



သို့သော် အပြုံးမပျက်ဘဲ သူ့စကားကိုဆက်ပြန်သည်။

"ကန်ထဲမှာ ငါးချည်းရှိတယ်လို့မထင်လေနဲ့၊ နဂါးလဲရှိတယ်ဗျ၊ နဂါးမျိုးမှ စုံနေတာပဲ၊ နဂါးသေးသေး၊ နဂါးကြီးကြီး၊ နဂါးအစစ်၊ နဂါးအတု၊ နဂါးဖြူ၊ နဂါးနီ၊ နောက်ပြီး နဂါးစိမ်းလဲရှိသေးတယ်ဗျ"

ထွန်းယို့ မျက်လုံးပြူးသွားသည်။

"နဂါးစိမ်းဟုတ်လား"

လုလင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ နဂါးစိမ်း၊ နဂါးစိမ်းဆိုတာ မျှားရအခက်ဆုံးပဲ၊ မိတ်ဆွေ နဂါးစိမ်းမျှားချင်တဲ့ဆန္ဒရှိရင် အကောင်းဆုံးက ကနေ့သွားမျှားပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကနေ့ဟာ ဒုတိယလ လဆန်းနှစ်ရက် နဂါးခေါင်းမော့တဲ့နေ့ဗျ"

ထွန်းယို့ ရယ်မောလိုက်ပြန်သည်။ ထိုလုလင်သည် အရက်မူး၍ ဗရမ်းဗတာပြောနေသည်ဟု သူထင်မိလေသည်။

ကနေ့သည် လဆန်း(၁၂)ရက်ပင် ရှိပြီမဟုတ်ပါလော။

ကနေ့သည နဂါးခေါင်းမော့သည်ဟုသူပြောလိုက်ပေမယ့် သူ၏ဦးခေါင်းမှာမူ စားပွဲပေါ်သို့ငိုက်စိုက်ကျကာ တခေါခေါပင် အိပ်ပျော်နေပြီမဟုတ်ပါလော။

ဝါဝါဘုန်း ရယ်မောလိုက်သည်။

"ဟင်း ... ဟင်း .... ဒါလေးသောက်တောင် အရက်အလွန်အကျွံ

သောက်မှတော့ သူများက သူ့ကိုသေတ္တာထဲထည့်ဖို့လွယ်တာပေါ့"

ထွန်းယို့မှာမူ ပန်းကန်ထဲမှငါးမျှားချိတ်အား စိုက်ကြည့်ရင်း တွေဝေနေလေတော့သည်။

* * *

ရှိအိကျေးရွာမှ ဝက်သားပေါက်စီသည် အလွန်ကျော်ကြားသည်။ အခြားနေရာထက်လည်း ဈေးကြီးသည်။ အရသာက အခြားဒေသထက်ထူးခြားနေသဖြင့် ဈေးကြီးပေးဝယ်ရသော်လည်း ကျေနပ်မှုရှိကြသည်။

သို့သော် .... ယင်းပေါက်စီများကို ပူပူနွေးနွေးရှိနေသည့်အချိန်၌မစားဘဲ အေးသွားသောအခါမှစားလျှင် ....

အခြားဒေသမှပေါက်စီထက်ပင် အရသာပျက်တတ်သည်။

ထွန်းယို့သည် အေးစက်နေပြီဖြစ်သော နာမည်ကြီး ရှိအိကျေးရွာပေါက်စီကိုစားရင်း သဘောတရားတစ်ခုကို နားလည်လာလေတော့သည်။

ယင်းသဘောတရားကား မည်သည့်အရာမျှ တသမတ်တည်းမရှိ။ အချိန်အခါအလိုက်၊ ကာလဒေသအလိုက် အခြေအနေလုံးဝပြောင်းလဲတတ်ကြသည့်သဘောဖြစ်ပေသည်။

ထိုသဘောတရားအရ အကြောင်းကိစ္စရပ်တစ်ခု၏အတွင်း



သဘောကိုလေ့လာစူးစမ်းသောအခါ ပုံသေကားချပ်တွက်၍မဖြစ်ပါ။ ရှုထောင့်အမျိုးမျိုး အခြေအနေအရပ်ရပ်ကိုပါ ဆင်ခြင်သုံးသပ်နိုင်မှသာ အဖြေမှန်ရနိုင်ပေမည်။

ထွန်းယို့သည် ထိုသဘောတရားကိုတွေးရင်း ပေါက်စီဝါးရန်ပင် မေ့လျော့ကာငေး၍နေလေသည်။ သူထိုင်နေသော မျက်နှာချင်းဆိုင်တွင် အခန်းငယ်တစ်ခုရှိသည်။

အခန်းတံခါးပေါက်တွင် ပန်းမျိုးစုံပန်းချီများ ရေးသားထားသောဝါးယင်းဖြင့် ကာရံထားသည်။

ဝါဝါဘုန်းသည် ထိုအခန်းထဲသို့ဝင်သွားသည်။

သေတ္တာထဲမှထွက်လာသောလုလင်သည် အလွန်အကျွံမူးနေသဖြင့် အနောက်ဘက်အခန်းတစ်ခုတွင် အိပ်စေခဲ့လေသည်။

ထွန်းယို့သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

စားပွဲပေါ်မှ အရက်ကိုပန်းကန်တစ်ခုလုံးအပြည့် ငှဲ့လိုက်ပြန်သည်။ ဤတစ်ပန်းကန်ကုန်လျှင် ငါးသွားမျှားရန် သူဆုံးဖြတ်လိုက်လေသည်။

သူ၏စိတ်ထဲမှာလည်း နဂါးမျှားမိပါစေဟုဆုတောင်းနေမိလေ၏။

ထိုအချိန်တွင် ပန်းမျိုးစုံပန်းချီခြယ်သထားသော ဝါးယင်းသည်လှုပ်ခါသွားသည်။

သေးသွယ်၍ဖြူဖွေးသော လက်ကလေးတစ်ခုသည် သူ့အား လှမ်းခေါ်နေလေသည်။

ထွန်းယို့ ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွားသည်။

မိန်းကလေးနေသောအခန်းတွင်းသို့ သူစိမ်းယောကျ်ားသား ဝင်နိုင်ခွင့်မရှိပါချေ။ သူမ အဘယ်ကြောင့် သူ့အားခေါ်နေပါသနည်း။

ထွန်းယို့၏ရင်ထဲတွင် တဒိတ်ဒိတ်ဖြစ်လာလေသည်။

"ဘာကိစ္စလဲဟေ့"

သူသည် ဤသို့သာမေးလိုက်ရသည်။

အသံကား ထူးထူး ခြားခြားဖြစ်နေသည်ဟုသူထင်မိသည်။

ဖြေကြားသံကား ထွက်မလာပါပေ။ ထွန်းယို့၏စိတ်တွင် အနည်းငယ်သံသယဖြစ်လာသည်။ သူ၏ခြေထောက်နှစ်ချောင်းမှာလည်း အမှတ်မထင် မတ်တတ်ရပ်ပြီးလျှောက်သွားလေသည်။

တံခါးဖွင့်ထားပါသည်။ အခန်းတစ်ခုလုံး အမွှေးနံ့များသည် ပျံ့သင်း၍နေလေသည်။ ခုတင်ပေါ်၌ အမျိုးသမီးဝတ်စုံ လေးငါးစုံ ဖရိုဖရဲတင်ထားသည်။

ထိုအမျိုးသမီးဝတ်စုံများတွင် ဝါဝါဘုန်းကိုယ်ပေါ်တွင် ဝတ်ဆင်ထားသောဝတ်စုံလည်းပါရှိလေသည်။

ထွန်းယို့ မျက်လုံးပြူးသွား၏။ အခန်းတွင်းသို့ မျက်လုံးဝေ့ကာ ဝါဝါဘုန်းအားရှာကြည့်လိုက်၏။



ကြေးမုံပြင်တစ်ခုရှေ့တွင် ဝါဝါဘုန်း မတ်တတ်ရပ်နေသည်။

သူမသည် အနက်ရောင်ကိုယ်စည်းအပေါ်အင်္ကျီ၊ အနက်ရောင်ဘောင်းဘီပွ၊ အနက်ရောင်ခါးစည်း၊ အနက်ရောင်ခြေအိတ်၊ အနက်ရောင်အဝတ်ဖိနပ်နှင့် အနက်ရောင်ခေါင်းစည်းဖြင့် ဝတ်ဆင်ထားလေသည်။ ထွန်းယို့မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဘယ်လိုအဝတ်အစားတွေဝတ်ထားရတာလဲ"

ဝါဝါဘုန်းသည် ကိုယ်ခန္ဓာတစ်ပတ်လှည့်ပြလိုက်ပြီး ....

"ကျုပ် အခုဘာနဲ့တူသလဲ"

"သူခိုးမနဲ့တူတယ်"

ဟုခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

ဝါဝါဘုန်းက ရယ်မောလိုက်လေသည်။

"ဟုတ်တယ်၊ သူခိုးမနဲ့ လူသတ်တရားခံတွဲသွားရင် ဘယ်လောက်ကြည့်ကောင်းမလဲလို့"

ထွန်းယို့မျက်လုံးဝိုင်းသွားသည်။

"ဗျာ .... ခင်ဗျားက ကျုပ်နဲ့လိုက်မလို့ဟုတ်လား"

"ဟုတ်တယ်လေ"

"ကျုပ်ကငါးမျှားသွားမှာနော်"

"ကျုပ်လဲ ငါးမျှားလိုက်မှာပေါ့"

"ခင်ဗျားမသွားရဘူး"

"ဘာဖြစ်လို့လဲ"

"ငါးမှျားတဲ့လူကို ငါးက မတော်တဆ ပြန်မျိုသွားနိုင်တယ်"

ဝါဝါဘုန်းကရယ်မောလိုက်သည်။

"ဒီလိုဆိုလဲကောင်းသားဘဲ၊ ကျုပ်ကနေ့တိုင်းငါးစားခဲ့တယ်၊ တစ်ခါတလေ ငါးကပြန်စားတာဘာဆန်းတာလိုက်လို့"

ထွန်းယို့ကခေါင်းခါယမ်းလိုက်သည်။

"အခု သွားရမယ့်ကိစ္စက ရယ်စရာမဟုတ်ဘူးဗျ၊ အသက်အန္တရာယ်များနိုင်တယ်ဆိုတာ ခင်ဗျားသိထားဖို့လိုတယ်"

ဝါဝါဘုန်းကအေးစက်သောလေသံဖြင့် ....

"ကျုပ်လဲအန္တရာယ်ရှိတယ်ယူဆလို့ ခင်ဗျားနောက်လိုက်လာတာပေ့ါဗျ"

ဝါဝါဘုန်း၏စကားသည် ထွန်းယို့၏နှလုံးသားထဲသို့ စိမ့်ဝင်သွားလေတော့သည်။

ထွန်းယို့သည် ဝါဝါဘုန်းက မိမိအပေါ်ထားရှိသောမေတ္တာသည် အသက်နှင့်ထပ်တူထပ်မျှကြီးမားသည်ကို သဘောပေါက်နားလည်လိုက်ချေပြီ။

သူသည် ဝါဝါဘုန်း၏မျက်နှာအား မကြည့်ဝံ့တော့ချေ။

ခုတင်ပေါ်မှအဝတ်အစားများသာ စိုက်ကြည့်နေလေသည်။

သူသည် ရုတ်တရက် အဝတ်အစားတစ်စုံအားညွှန်ပြလိုက်ပြီး ....



"ခင်ဗျား ဒီအဝတ်အစားဝတ်ရင် သိပ်လှတာပဲဗျ"

ဟုပြောလိုက်သည်။ ဝါဝါဘုန်းသည် သူ့အားမျက်စောင်းတစ်ချက်ထိုးပြီးပြုံးလိုက်သည်။

"ကျုပ်က ဒီအဝတ်အစားဝတ်ပြီး ချိုးမွှမ်းမလားလို့ ခင်ဗျားရှေ့မှာတောင် လျှောက်ပြလိုက်သေးတယ်၊ ခင်ဗျားက ဘာမှမပြောဘူး၊ အခုမှ ဘာစိတ်ကူးပေါက်ပြီးပြောတာလဲ"

ထွန်းယို့က ရယ်မောလိုက်လေသည်။

"ကျုပ်ပြောတာနောက်ကျသွားပေမဲ့ မပြောတာနဲ့စာရင် တော်သေးတယ်မဟုတ်လား"

ဝါဝါဘုန်း ရယ်မောလိုက်လေသည်။ ရုတ်တရက် သူမသည် အခန်းတံခါးအားပိတ်လိုက်သည်။ တံခါးမင်းတုန်းကိုလည်း သေချာချလိုက်လေသည်။ သူမက အခန်းတံခါးကို ဘာကြောင့်ပိတ်လိုက်ရပါသနည်း။

ထွန်းယို့၏နှလုံးသည် ရုတ်တရက် တဒိတ်ဒိတ်ခုန်လာလေသည်။ ခုန်နှုန်းမှာလည်း အလွန်မြန်လာသည်။ တစ်ကိုယ်လုံးလည်း ပူထူသွားလေတော့သည်။

သူသည် ကြောင်အမ်းအမ်းဖြစ်ကာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်လာသည်။ ဝါဝါဘုန်းက သူ့အားလှည့်၍ပြုံးလိုက်၏။

"အခုအချိန် ဟိုဘက်အခန်းကလူနိုးလာရင် တို့ ဘာတွေ

သွားလုပ်မယ်ဆိုတာ သိမှာမဟုတ်ဘူးဗျ"

သူမ၏အပြုံးသည် ပျားရည်တမျှချိုလှသည်ဟု သူထင်မိ၏။ ထွန်းယို့၏မျက်နှာတစ်ခုလုံးမှာ နီမြန်း၍နေလေသည်။

"တို့ .... ဘာ .... ဘာ လုပ်မလို့လဲ"

သူ၏အသံသည် တုန်တုန်ရီရီဖြစ်လာလေသည်။

ဝါဝါဘုန်းက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားပဲ ငါးမျှားသွားမယ်ဆို"

ထွန်းယို့သည် အခန်းတစ်ခုလုံးအား မျက်လုံးဖြင့်ဝေ့ကြည့်လိုက်ပြီး ....

"ဒီအခန်းထဲမှာ ငါးမျှားမလို့ဟုတ်လား"

ဝါဝါဘုန်းသည် ခိခနဲအသံထွက်အောင်ရယ်လိုက်၏။

ရုတ်တရက် .... သူမ၏မျက်နှာတစ်ခုလုံးနီမြန်းလာသည်။ သူမသည် ထွန်းယို့၏အထင်လွဲမှုကိုသဘောပေါက်လာလေသည်။

"ခင်ဗျားတို့ယောက်ျားတွေဟာ အတော့်ကို အဓွေးခေါင်တတ်ကြပါလား"

ပြောပြီး ထွန်းယို့အား မျက်စောင်းခဲလိုက်သည်။

ထို့နောက် သူမသည် အခန်း၏အနောက်ဘက်သို့လျှောက်သွားကာ ပြတင်းပေါက်တစ်ခုအားဖွင့်လိုက်သည်။

ပြတင်းပေါက်အပြင်သည် အနောက်ကန်ပင်ဖြစ်လေသည်။



ဤအဆောက်အအုံသည် အနောက်ကန်စပ်တွင် ကပ်၍ဆောက်လုပ်ထားခြင်းဖြစ်သည်။

အေးမြကြည်လင်သောလရောင်သည် အနောက်ကန်တစ်ခုလုံးအား ထိန်ထိန်လင်းစေနေလေသည်။

ပြတင်းပေါက်၏အောက်ဝယ် ပေ့ါပါးသောလှေကလေးတစ်စင်းချည်နှောင်ထားသည်။ ထွန်းယို့သည် ယခုမှ ဝါဝါဘုန်း၏အကြံကိုရိပ်စားမိလေတော့သည်။

သူသည် မိမိအတွေးခေါင်ပုံကိုတွေးမိကာ အားရပါးရရယ်ချလိုက်မိလေသည်။

"ခင်ဗျားက ဒီပြတင်းပေါက်ကထွက်ဖို့ ကြံစည်ထားတာကိုး၊ ကျုပ်ကတော့ ...."

ဝါဝါဘုန်းက အသံကျယ်လောင်စွာဖြင့် ....

"ဘာတွေလျှောက်တွေးနေတာလဲဗျ၊ ခင်ဗျားတို့ယောက်ျားတွေ ကောင်းကိုမကောင်းဘူး"

* * *

ည ....

လသာသောည။

လရောင်အောက်ဝယ် ....

ရေပြင်သည် ....

ကြေးမုံပြင်သဖွယ် အရောင်တဖိတ်ဖိတ်တောက်နေ၏။

လေနုအေးများသည် ဝါပန်းများ၏ရနံ့များကိုသယ်ဆောင်ကာ ရေကန်ပေါ်မှဖြတ်သန်းသွားသည်။

ပေ့ါပါးသော လှေကလေးတစ်စင်းသည် ရေပြင်၌တငြိမ့်ငြိမ့် လှုပ်ရှားနေသည်။

ထိုလှေကလေးပေါ်၌ လူနှစ်ယောက်ရှိသည်။

သူတို့ကား ထွန်းယို့နှင့်ဝါဝါဘုန်းတို့ပင်ဖြစ်ပါသည်။

ဝါဝါဘုန်းသည် လော်တက်တစ်ချောင်းလှမ်းပေးလိုက်၏။ ထွန်းယို့သည် စကားတစ်လုံးမှျမပြောဘဲလော်တက်လှမ်းယူလိုက်ပြီး သူမ၏နံဘေး၌ထိုင်ချလိုက်သည်။

လော်တက်နှစ်ချောင်းသည် ရေထဲသို့ လျှောဆင်းသွားပြီး ပြိုင်တူလော်ခတ်လိုက်ကြသည်။ လှုပ်ရှားသွားသော ရေလှိုင်းကလေးများသည် လရောင်အောက်ဝယ် ငွေတုံးငွေးကလေးများပမာ ဖွေးခနဲဖြစ်သွားလေသည်။

ရုတ်တရက် ....



အဝေးဆီမှ ပလွေသံများထွက်ပေါ်လာသည်။

ပလွေသံနှင့် လှေကိုလော်ခတ်နေသောအသံများသည် စည်းချက်ကိုက်လျက် ....

သာယာငြိမ့်ညောင်းသောဂီတသံများပမာ နားပျော်ဖွယ်ရာကောင်းလှပေသည်။ သူတို့နှစ်ယောက်စလုံးသည် ပလွေသံနှင့်လော်ခတ်သံများကို ငြိမ်သက်စွာနားထောင်နေကြလေသည်။

လော်ခတ်သံများသည် ပလွေသံများထက်ပို၍သာယာ၏။ ပို၍စည်းချက်ကျသည်ဟု သူတို့ထင်မိကြလေသည်။ လော်ခတ်နေသော လက်ကလေးများတို့သည် တစ်ယောက်တည်း၏လက်များဖြစ်နေရော့သလားဟုထင်မှားမိနေသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ပါ။

သူတို့သည် ဘဝတစ်သက်တာတွင် မည်သူနှင့်မှျ ဤကဲ့သို့ နီးနီးကပ်ကပ်နေခြင်းမရှိခဲ့ဘူးပါပေ။ ထို့ကြောင့် အသည်းနှလုံးများက အတူတကွရှိနေပါလျှင် စကားပြောရန်လိုအပ်မည်မထင်တော့ပါ။

မည်မျှအချိန်ကုန်လွန်သွားသည်မသိ။

ထွန်းယို့က စတင်သက်ပြင်းချလိုက်ပြီး ....

"တကယ်လို့ ဒီအနှောင့်အယှက်တွေမရှိခဲ့ရင် ဒီလှေကလေးပေါ်မှာ ခင်ဗျားနဲ့ကျုပ် ရှိချင်မှရှိမယ်ဗျ"

ထွန်းယို့က သူမအားလှည့်ကြည့်လိုက်သည်။

သူမကလည်း သူ့အား ပြန်၍ကြည့်နေသည်။

သူတို့သည် လက်တစ်ဖက်စီ ဆန့်တန်းလိုက်ကြသည်။

လက်ကလေးနှစ်ခုသည် **အသာအယာ**ဆုပ်ကိုင်မိပြီးနောက် ပြန်ရုပ်သွားသည်။

**လက်ကလေးချင်းထိတွေ့လိုက်ရသည်နှင့် စကားလုံးပေါင်း ထောင်သောင်းမက အဓိပ္ပါယ်ဖွဲ့နိုင်ခဲ့ပေသည်မဟုတ်ပါလော။**

* * *



လှေကလေးကန်စပ်သို့ ထိုးစိုက်လိုက်သည်။

ကန်ဘောင်ပေါ်မှ နွယ်ပင်များသည် ထွန်းယို့နှင့် ကူးတို့ကူးသောလှေသမား တွေ့ဆုံသည့်အနေရာပင်ဖြစ်ပါသည်။

ဝါဝါဘုန်းကလှော်တက်ကိုချလိုက်ပြီး ....

"ကဲ .... တို့ဘာဆက်လုပ်ရမလဲ"

"ညမွှေးပန်းအိမ်ကိုသွားရှာမယ်"

"ခင်ဗျား တစ်ကြိမ်မှားခဲ့ပြီမဟုတ်လား"

"ကျုပ်မှားတယ်ဆိုတာလက်မခံဘူးဗျ"

"ဒါဖြင့် သေသေချာချာရှာပေတော့"

ဤတစ်ကြိမ်သည် ထွန်းယို့က တစ်အိမ်ချင်း သေသေချာချာ လိုက်လံရှာဖွေလေသည်။ ညသန်းခေါင်ယံအချိန်ဖြစ်သည်မို့ လူသူကင်းရှင်းနေသည်။

သူတို့သည် အိမ်ပေါင်းဆယ့်လေးငါးလုံးမျှ သေသေချာချာ မှတ်ယူပြီးနောက် ထွန်းယို့သည် သူမှားခြင်းမဟုတ်ဟုရဲရဲဝံ့ဝံ့ဆုံးဖြတ်လိုက်လေသည်။

ကနေ့ .... သူနှင့်လူကောက်တို့လူစု ဝင်ရောက်သောအိမ်သည် တစ်နေ့ညက သူနှင့်ညမွှေးပန်းအတူတကွနေသွားသော အိမ်ဖြစ်ကြောင်း သူမှတ်မိနေသည်။

သို့သော် ....

ညမွှေးပန်းနေသောအိမ်တွင် သံမဏိဘုန်းကြီးက အဘယ်ကြောင့် ရောက်နေရပါသနည်း။

ဤအချက်ကို သူခေတ္တဘေးဖယ်လိုက်သည်။

သူလောလောဆယ်စိတ်ဝင်စားသည်မှာ ဤအိမ်ထဲသို့ တိတ်တဆိတ်ဝင်ရောက်ရန်ပင်ဖြစ်ပါသည်။ ဝါဝါဘုန်းက သူ့အား မေးခွန်းထုတ်လိုက်သည်။

"ခင်ဗျား နေ့ခင်းတုန်းက ညမွှေးပန်းနေခဲ့တဲ့ အိမ်ဟာလဲ ဒီအိမ်ဘဲလား"

သူခေါင်းညိတ်ပြန်လေသည်။

"သံမဏိဘုန်းကြီးကလဲ ဒီအိမ်မှာနေထိုင်တာ အတော်ကြာနေပြီလို့ပြောနေပါလား"

ဤတစ်ကြိမ် ထွန်းယို့သည် သူ့အယူအဆကိုပြောပြသည်။

"ဒါကိုသိချင်လို့ ကျုပ်အခုလိုတစ်ခေါက်ပြန်လာရတာပေါ့"

အိမ်တစ်ခုလုံးတွင် မီးရောင်လုံးဝမရှိပါ။ လူသံသူသံလည်း လုံးဝမကြားရပါ။ ဝါဝါဘုန်းက သူ့အားကြည့်လိုက်ပြီး ....

"ခင်ဗျားတို့ အိမ်ထဲဝင်ချင်သလား"

ထွန်းယို့ကခေါင်းညိတ်လိုက်သည်။

"အိမ်ထဲမဝင်ရင် အကြောင်းမှန်ကိုဘယ်သိနိုင်မလဲ"

ဝါဝါဘုန်းကသက်ပြင်းတစ်ချက်ချလိုက်ပြီး ....



"အင်း .... ဒီတစ်ခါ သံမဏိဘုန်းကြီးက မင်းကိုမိသွားရင် မလွယ်တော့ဘူးဗျ"

ထွန်းယို့ကရယ်မောလိုက်ပြီး ....

"ဒါကြောင့် ကျုပ်အစကပြောသားပဲ၊ ကျုပ်နဲ့မလိုက်ခဲ့နဲ့လို့"

ဝါဝါဘုန်းသည် ဘာတစ်ခွန်းမျှထပ်မပြောတော့ဘဲ လက်နှစ်ဖက်ကို အပေါ်သို့ဆန့်တန်းလိုက်သည်။ တစ်ချိန်ထဲ ခြေထောက်တစ်ချက် စုံကန်လိုက်သည်။

သူမ၏ခန္ဓာကိုယ်သည် လေထဲသို့ထိုးတက်သွားသည်။ လေထဲ၌ တစ်ပတ်ဂျွမ်းပစ်ကာ နံရံပေါ်မှကျော်၍ အိမ်ထဲသို့ဝင်သွားလေတော့သည်။

သူမ၏ကိုယ်ဖော့ပညာအဆင့်သည် မိမိထက် မသာစေကာမူ နိမ့်ကျမည်မဟုတ်ဟု သူတွေးလိုက်မိလေသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

အိမ်၏ဝဲဘက်အခန်းတစ်ခုတွင် မီးရောင်တွေ့လိုက်ရသည်။

ဝါကျင့်ကျင့်မီးရောင်သည် ပြတင်းပေါက်တစ်ခုမှထွက်ပေါ်လာသည်။

ပြတင်းပေါက်၏ဘောင်ပေါ်၌ ပန်းအိုးတစ်လုံး၏အရိပ်ထင်ဟပ်နေသည်။ ထွန်းယို့က အသံအုပ်အုပ်ဖြင့် ....

"တစ်နေ့ညက ကျုပ်ဒီမှာ အိပ်ခဲ့တယ်"

"ညမွှေးပန်းလဲ ဒီမှာအိပ်သလား"

"ဟုတ်တယ်လေ"

ထွန်းယို့သည် ယင်းသို့ပြောလိုက်ပြီးမှ မိမိပြောလိုသည့်စကားအဓိပ္ပါယ်မှားယွင်းသွားသည်ကို သတိရမိလေသည်။ ဝါဝါဘုန်း၏မျက်နှာထားသည် အကြွေးရှင်တစ်ယောက်ပမာ ရုတ်ခြည်းပြောင်းလဲသွားသည်။

သူမသည် မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး ....

"ဟင် .... ခင်ဗျားတော့ အတော့်ကိုစွံတဲ့လူဘဲဗျ"

ထွန်းယို့၏မျက်နှာတစ်ခုလုံးနီမြန်းလာပြီး ....

"ကျုပ် .... ကျုပ်ကိုအထင် ...."

ဝါဝါဘုန်းက အသံကျယ်ကျယ်ဖြင့်ကြားဖြတ်လိုက်သည်။

"ခင်ဗျားက သုခစံပြီးမှ ဒုက္ခလဲ ခံရဲရမှာပေါ့"

သူမ၏အသံသည် တစ်အိမ်လုံးဟိန်းထွက်သွားလေသည်။

"ဟ တိုးတိုး .... အိမ်ထဲကလူတွေ နိုးကုန်ဦးမယ်"

ထွန်းယို့က အသံအုပ်အုပ်ဖြင့် သတိပေးလိုက်သည်။

ဝါဝါဘုန်းက သူ့အား မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး....

"နိုးသွားရင် ပိုကောင်းတာပေါ့၊ ဒါမှ ညမွှေးပန်းက ခင်ဗျားကို တံခါးဖွင့်ပြီး ကြိုဆိုမှာပေါ့"

ထွန်းယို့က မျက်မှောင်ကုပ်သွားသည်။



"ဒီမှာ ကျုပ်ကို အထင်မလွဲပါနဲ့ဗျ၊ ကျုပ်ရိုးရိုးတန်းတန်းအိပ်နေတာပါ"

ဝါဝါဘုန်းသည် သူ့အားလှည့်၍စကားမပြောတော့ဘဲ တံခါးဆီသို့ခုန်သွားပြီး ခြေထောက်ဖြင့်ကန်ဖွင့်လိုက်လေသည်။

ဝုန်းဟူသောအသံသည် တိတ်ဆိတ်သောဝန်းကျင်တစ်ခုလုံးပဲ့တင်ထပ်သွားလေသည်။ တံခါးလည်း ပွင့်သွားလေသည်။ သို့သော်မည်သို့မျှမထူးခြားပါချေ။ တစ်အိမ်လုံး တိတ်ဆိတ်မြဲတိတ်ဆိတ်နေလေသည်။

* * *

အိမ်ထဲ၌ လူတစ်ယောက်မှမရှိပါ။ အိမ်ထောင်ပရိဘောဂများပင် ပြောင်းရွှေ့သွားချေပြီ။ အိမ်ခန်းတစ်ခုလုံး၌ ပြတင်းပေါက်မှ ပန်းအိုးတစ်လုံးမှအပ ဟာလာဟင်းလင်းဖြစ်နေ၏။

ထွန်းယို့ငိုင်သွားသည်။ ဝါဝါဘုန်းလည်း ငိုင်သွားလေသည်။

သူတို့သည် လူသူမရှိသော အိမ်ခန်းထဲ၌ အတန်ကြာငိုင်နေပြီးမှ ဝါဝါဘုန်းက စတင်မေးခွန်းထုတ်လိုက်သည်။

"ခင်ဗျား အိမ်များမှားနေသလား"

ထွန်းယို့ကခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်တယ်"

ဝါဝါဘုန်းကမျက်မှောင်ကုပ်လိုက်ပြီး ....

"ဒါဖြင့် ခင်ဗျားရောက်ခဲ့တဲ့သံမဏိဘုန်းကြီးအိမ်ကကောဘယ်မှာလဲ"

ထွန်းယို့ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ် သရဲနဲ့များတွေ့ခဲ့သလား မပြောတတ်တော့ဘူးဗျ"

ဝါဝါဘုန်းက မဲ့ပြုံးပြုံးလိုက်ပြီး ....

"ဖြစ်နိုင်တယ်၊ ခင်ဗျားတွေ့ခဲ့တာ သရဲမဖြစ်ရမယ်"

ထွန်းယို့ငြိမ်သွားသည်။ ရုတ်တရက် အပြင်ဘက်မှထူးဆန်းသောလေချွန်သံများထွက်ပေါ်လာသည်။

ဤကဲ့သို့ လေချွန်သံမျိုးသည် ....



အများအားဖြင့် ညလူများ၏လျှို့ဝှက်အချက်ပြသင်္ကေတမျိုးဖြစ်သည်။ လေချွန်သံများတိတ်ဆိတ်သွားသောအခါ လူနှစ်ယောက်၏စကားသံများ ထွက်ပေါ်လာလေတော့သည်။

"ဒီအိမ်ဟုတ်ရဲ့လားကွ"

"ဟုတ်ပါတယ်၊ လွန်ခဲ့တဲ့လတုန်းက ကျုပ်တစ်ခေါက်လာဘူးတယ်ကွ"

"ဒါဖြင့် အိမ်ထဲမှာ ဘာမှတုံ့ပြန်တာမတွေ့ရပါလား"

"အိပ်မောကျနေတာနဲ့ တူတယ်ကွ"

"အို .... ဒါလောက်ပဲ အိပ်ရသလား"

"အေးလေ .... တို့အိမ်ထဲဝင်ကြည့်ကြတာပေါ့"

"ခွင့်မရဘဲ အရမ်းဝင်လို့ဖြစ်ပါ့မလား"

"အချင်းချင်းတွေဘဲ၊ ကိစ္စမရှိပါဘူး"

သူတို့ အမေးအဖြေပြောဆိုနေကြသော အသံများသည် တိုးတိုးမျှဖြစ်သော်လည်း တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေသော ညသန်းခေါင်ယံဝယ် ပီပီပြင်ပြင်ကြားနိုင်ပေ၏။ ထွန်းယို့သည် ဝါဝါဘုန်းအားကြည့်လိုက်ပြီးအသံအုပ်အုပ်ဖြင့် ....

"ဟေ့ .... အပြင်ကရောက်နေတဲ့လူဟာ ဒီအိမ်ရှင်နဲ့ အသိဖြစ်နေတာနဲ့တူတယ်"

ဝါဝါဘုန်းခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... ဒီလူတွေကိုမေးလိုက်ရင် ဒီအိမ်ရဲ့အိမ်ရှင် ဘယ်သူလဲဆိုတာသိနိုင်လိမ့်မယ်"

သူမသည် ဤသို့ပြောပြီး ပြတင်းပေါက်ဖွင့်ကာ ခုန်၍ထွက်သွားလေတော့သည်။ အပြင်မှ လူရိပ်နှစ်ခုသည် အုတ်နံရံပေါ်မှကျော်၍ ဝင်လာသည်။

လရောင်အောက်ဝယ် ထိုလူနှစ်ယောက်အား ပီပီပြင်ပြင် တွေ့မြင်နိုင်လေသည်။ နှစ်ယောက်စလုံးသည် ညလူများဝတ်ဆင်ထားသော အနက်ရောင်ကိုယ်စည်းအင်္ကျီ၊ အနက်ရောင်ဘောင်းဘီ၊ အနက်ရောင်ခေါင်းစည်းများဖြင့် ဝတ်ဆင်ထားလေသည်။

သူတို့၏နောက်ကျောဥ္ဓ ဓားပြားတစ်လက် ကိုယ်စီပိုးထားကြသည်။

သူတို့သည် ဝါဝါဘုန်းအားတွေ့လိုက်ရသောအခါ ချက်ချင်းလက်တစ်ဖက်ကိုအပေါ်မြှောက်ကာ ကျန်လက်တစ်ဖက်သည် မြေပေါ်သို့လက်ညှိုးဖြင့်ထိုးကာ ရပ်တန့်လိုက်သည်။

သူတို့၏ပြုလုပ်ထားသောပုံပန်းမှာ အင်မတန်ထူးခြားနေ၏။ ဝါဝါဘုန်းသည် သူတို့ပြုမူပုံကိုတွေ့ရသဖြင့် မျက်တောင်တစ်ချက်ခတ်၍စဉ်းစားလိုက်သည်။

သူမသည် ချက်ချင်းပင် ထိုလူများပြုလုပ်သည့်ပုံဟန်မျိုးအတိုင်းလုပ်ပြီး ခြေလှမ်းရပ်တန့်လိုက်လေသည်။



ထိုလူနှစ်ယောက်က ထူးဆန်းသောမေးခွန်းတစ်ခုမေးလိုက်ပြန်လေသည်။

"ကနေ့ ဘာနေ့လဲဗျ"

ဝါဝါဘုန်း၏ဝိုင်းစက်သောမျက်လုံးကလေးသည် အနည်းငယ်စဉ်းစားလိုက်ပြီး ....

"ဒုတိယလ လဆန်းနှစ်ရက်"

ထိုလူနှစ်ယောက်သည် ဝါဝါဘုန်း၏အဖြေကြားရတော့မှ သက်ပြင်းကိုယ်စီချပြီး မျက်နှာပြုံးလာသည်။ တစ်ဆက်တည်း လက်နှစ်ဖက်ဆုပ်၍အလေးပြုလိုက်သည်။

"ကျုပ်နာမည်ကျူးဆင်းပါ၊ တတိယလ လဆန်းသုံးရက်ကပါ၊ ခရီးသွားရင်း လမ်းကြုံလို့ ဒီကိုခဏဝင်လာတာပါ"

ဝါဝါဘုန်းကလည်း လက်နှစ်ဖက်ဆုပ်၍ ပြန်လည်အလေးပြုလိုက်ပြီး ....

"အချင်းချင်းတွေပဲ၊ ကျုပ်တို့နေရာရောက်မှတော့ ဝင်ရမှာပေါ့ဗျာ"

ကျူးဆင်းဆိုသူကအနည်းငယ်စဉ်းစားပြီး ....

"နဂါးအိပ်ပျော်နေပြီထင်တယ်"

ဝါဝါဘုန်း၏ကိုယ်ခန္ဓာသည် မသိမသာတုန်လှုပ်သွားသည်။ သို့သော် ချက်ချင်းပင် ဣန္ဒြေဆည်လိုက်နိုင်ခဲ့သည်။

"သူ အပြင်ကိစ္စရှိလို့ထွက်သွားပါတယ်၊ ကိစ္စရှိရင် ကျုပ်ကို ပြောလဲဖြစ်ပါတယ်"

ကျူးဆင်းသည် မျက်နှာထားချိုသာစွာဖြင့် ....

"ဟဲ .... ဟဲ .... ကျုပ်တို့မှာ လမ်းစရိတ်ကုန်သွားလို့ အစ်ကိုကြီးနဂါးဆီကလှည့်ဖို့လာတာပါ"

ဝါဝါဘုန်းကရယ်မောလိုက်သည်။

"အချင်းချင်းတွေပဲ၊ အခက်အခဲရှိရင်ကူညီရမှာပေါ့"

သူမသည် ဤသို့ပြောပြီး အိမ်ထဲလက်ယပ်ခေါ်လိုက်သည်။

"ဟော့ .... ငွေ ၅၀၀ လောက်ယူခဲ့ပါ"

ထွန်းယို့သည် ဝါဝါဘုန်းအကွက်ဆင်နေပုံကိုချောင်းကြည့်နေရင်း ခေါ်သံကြားလိုက်သည်နှင့် အိမ်ခန်းမှထွက်လာပြီးလျှင် သူပါလာသောငွေလွှဲစက္ကူများယူ၍ ငါးရွက်ပေးရန်ရေတွက်နေ၏။

ဝါဝါဘုန်းက ထွန်းယို့ထံမှငွေစက္ကူအားလုံးလုယူလိုက်ပြီး ....

"ရော့ အားလုံးယူလိုက်ပါ၊ မလောက်ရင်ထပ်လာယူပါ"

ဟုပြောပြီး ကျူးဆင်းအား ပေးလိုက်လေသည်။ ကျူးဆင်းသည် ရယ်မောလိုက်ပြီး ....

"ကျေးဇူးတင်လိုက်တာဗျာ၊ ညမွေးပန်းက အစ်ကိုကြီးနဂါးထက်တောင် ရက်ရောပါကလားဗျ"

ဝါဝါဘုန်းကရယ်မောလိုက်သည်။



"အချင်းချင်းတွေဘဲ၊ ဒီလောက်တော့ ကူညီသင့်တယ်ထင်လို့ပါ"

ကျူးဆင်းသည် လက်နှစ်ဖက်ဆုပ်၍အရိုအသေပြုရင်း ....

"အစ်ကိုကြီးနဂါးကိုပြောလိုက်ပါဗျာ၊ နှုတ်ဆက်ခဲ့တယ်လို့"

ဝါဝါဘုန်းကလည်း လက်နှစ်ဖက်ဆုပ်၍ ပြန်လည်အလေးပြုလိုက်ပြီး ....

"ကောင်းပါပြီဗျာ၊ ပြောလိုက်ပါ့မယ်"

ကျူးဆင်းနှင့်အဖော်သည် ချာခနဲလှည့်ကာ အုတ်နံရံပေါ်မှ ကျော်လွှားကွယ်ပျောက်သွားလေတော့သည်။

ထိုလူနှစ်ယောက် ထွက်ခွာကွယ်ပျောက်သွားမှ ....

ထွန်းယို့က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျားရက်ရောတာကအရေးမကြီးဘူး၊ ကျုပ်ရှိသမျှတွေ တော့ကုန်ပြီဗျ"

ဝါဝါဘုန်းကလေသံအေးစက်စက်ဖြင့် ....

"ဒီလောက်ငွေများ ဘာအရေးလဲ၊ ခင်ဗျား မူစန်းလင်ဆီမှာ ရွှေငွေတွေတစ်အိုးကြီးကျန်သေးတာဘဲ"

ထွန်းယို့သည် သူမအားမော့ကြည့်လိုက်ပြီး ....

"ကျုပ်မှာ ငွေပါတယ်ဆိုတာ ခင်ဗျားဘယ်လိုသိသလဲ"

ဝါဝါဘုန်းသည်ရယ်မောလိုက်သည်။

"ခင်ဗျားက ညမွှေးပန်းလှေကြီးပေါ်မှာ ထမင်းဖိုးနှိုက်ပေးရင်း ထွက်ကျတာကို ကျုပ်တွေ့တာပေါ့၊ ဒါတောင် ခင်ဗျားဆီမှာရှိသေးတဲ့ရွှေစွက်ကလေးတွေ မပေးလိုက်တာဘဲ ကျုပ်ကိုကျေးဇူးတင်ပါဦးဗျ"

ထွန်းယို့သည် မဲ့ပြုံးပြုံးလိုက်ပြီး ....

"ထားပါတော့လေ၊ ဒါပေမဲ့ ခင်ဗျားဘာတွေလုပ်နေတယ်ဆိုတာ ကျုပ်သဘောမပေါက်ဘူး၊ ဒီလူနှစ်ယောက် ဘယ်သူလဲ၊ နဂါးဆိုတာ ဘယ်သူလဲ၊ သူတို့ကို ဘာဖြစ်လို့ငွေပေးလိုက်ရတာလဲ"

ထွန်းယို့၏စကားကြောင့် ဝါဝါဘုန်းမျက်နှာ ခပ်တည်တည်ဖြစ်သွားသည်။

သူမသည် အတန်ကြာစဉ်းစားတွေဝေပြီးမှ ....

"ခင်ဗျား နဂါးဂိုဏ်းဆိုတာကြားဖူးသလား"

ထွန်းယို့က ခေါင်းညိတ်လိုက်သည်။ သူ၏မျက်နှာတစ်ခုလုံးမှာလည်း တည်ငြိမ်သွားသည်။

"နဂါးစိမ်းဂိုဏ်း"

နဂါးစိမ်းဂိုဏ်းသည် လွန်ခဲ့သောငါးနှစ်တုန်းက စတင်ကျော်ကြားလာသော လျှို့ဝှက်ဂိုဏ်းတစ်ခုဖြစ်သည်။ ဂိုဏ်းတည်နေရာ မည်သည့်နေရာ၌ရှိသနည်း။ ဂိုဏ်းခေါင်းဆောင်မည်သူဖြစ်သနည်း။ ဂိုဏ်းအဖွဲ့ဝင်မည်မျှရှိသနည်း။ ဘယ်သူကမှ မသိပါချေ။



ယင်းမေးခွန်းမှာ ....

လူတိုင်းကသိလိုသောမေးခွန်းပင်ဖြစ်ပါသည်။

သို့သော် .... နဂါးစိမ်းဂိုဏ်း၏ သြဇာအာဏာသည် တဖြေးဖြေးဖြင့် တစ်ပြည်လုံးသို့ လွှမ်းခြုံစပြုလာလေသည်။

နဂါးစိမ်းဂိုဏ်းက သတ်လိုသောလူတစ်ယောက်သည် အချိန်မရွေး၊ နေရာမရွေးသတ်နိုင်သည်။ လူသတ်တရားခံကား မည်သည့်အခါမျှရှာ၍ မတွေ့နိုင်ပါချေ။

ထို့ကြောင့် သိုင်းလောကတစ်ခုလုံးသည် နဂါးစိမ်းဂိုဏ်းအား ကြောက်ရွံ့တုန်လှုပ်လေသည်။ မည်သူကမှ နဂါးစိမ်းဂိုဏ်းအား အံမတုဝံ့ပါချေ။ ဝါဝါဘုန်းသည် သူမ၏စကားပြန်လိုက်သည်။

"ကျုပ်သိရသလောက် ပြောရမယ်ဆိုရင် နဂါးစိမ်းဂိုဏ်းဟာ ဂိုဏ်းခွဲနေရာပေါင်း သုံးရာခြောက်ဆယ့်ငါးခုရှိတယ်၊ တစ်နှစ်မှာလဲ သုံးရာခြောက်ဆယ့်ငါးရက်ရှိတယ် မဟုတ်လား၊ သူတို့ရဲ့ ဂိုဏ်းခွဲပိုင်နက်တစ်ခုကိုလဲ လနှင့်ရက်ကို အမှတ်အသားပြုလုပ်ထားကြတယ်၊ ဒါကြောင့် သူတို့က ကျုပ်ကို ကနေ့ဘယ်နှစ်ရက်လဲလို့ မေးလိုက်တော့ ကျုပ်ကလဲ သေတ္တာထဲကထွက်လာတဲ့ လူပြောတဲ့စကားကို သတိရတယ်လေ"

ထွန်းယို့သည် ဝါဝါဘုန်း၏ စကားကြားရသောအခါ မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားသည်။

"ဟုတ်တယ် .... သူက ရေကန်မှာနဂါးရှိတယ်လို့ပြောတယ်၊ နောက်ပြီး ... ကနေ့ဟာ ဒုတိယလ၊ လဆန်း(၂)ရက်လို့လဲ ပြောသွားတယ်"

ဝါဝါဘုန်းကပြုံးလိုက်သည်။

"အမှန်တော့ ကျုပ်ကလဲရမ်းသန်းပြီး ဟိုလူ့ဆီကကြားလိုက်တဲ့စကားနှင့်ပြန်ဖြီးလိုက်တော့ အံဝင်သွားတာဘဲ"

"ဒါဖြင့် ဒီလူနှစ်ယောက်ဟာနဂါးစိမ်းဂိုဏ်းကပေ့ါ"

"ဟုတ်ပါတယ်"

"ဒါဆိုရင် ဒီနေရာဟာလဲ နဂါးစိမ်းဂိုဏ်းရဲ့ လျှို့ဝှက်တဲ့ဌာနခွဲတစ်ခုဖြစ်မှာပေ့ါ"

"ကျုပ်အထင်မမှားဘူးဆိုရင် ဒီနယ်ဟာ နဂါးစိမ်းဂိုဏ်းရဲ့ ဌာနခွဲတစ်ခုဖြစ်တယ်ဆိုတာသေချာတယ်၊ သူတို့က ဒီနယ်ကိုဒုတိယ လဆန်း(၂)ရက်ဆိုပြီး အမှတ်အသားထားတာဖြစ်ရမယ်"

ထွန်းယို့၏မျက်လုံးများ ပြူးကျယ်လာလေသည်။

"ဒီလိုဆိုရင် သံမဏိဘုန်းကြီးဟာ ဒီနယ်ကနဂါးစိမ်းဂိုဏ်းရဲ့ခေါင်းဆောင်ဖြစ်ရမယ်"

ဝါဝါဘုန်းက နှုတ်ခမ်းကိုက်လိုက်ပြီး ....

"သိပ်ဖြစ်နိုင်တာပေ့ါ"

ထွန်းယို့သည် ဝါဝါဘုန်းအားတစ်ချက်ပြုံးပြလိုက်ပြီး ....



"နေပါဦး၊ သူတို့က ခင်ဗျားကိုတစ်ခါမှမမြင်ဘူးဘဲ ခင်ဗျားကိုအတော်ယုံကြည်နေပါလား"

ဝါဝါဘုန်းသည် မျက်တောင်တစ်ချက်ခတ်လိုက်ပြီး ....

"ခင်ဗျားပြောခဲ့တယ်မဟုတ်လား၊ ကျုပ်အခု ဘာနဲ့တူတယ်ဆိုတာလေ"

ထွန်းယို့ကအနည်းငယ်စဥ်းစားလိုက်ပြီး ....

"သူခိုးမနဲ့တူတယ်လို့ပြောခဲ့တယ်လေ"

ဝါဝါဘုန်းကရယ်မောလိုက်ပြီး ....

"ဒါကြောင့် သူတို့က ကျုပ်ကိုညမွှေးပန်းနဲ့ လူမှားသွားတာပေ့ါဗျာ"

ထွန်းယို့သည် ယခုမှ သဘောပေါက်နားလည်လေတော့၏။

"ဩော် .... သူတို့က ခင်ဗျားကို ညမွှေးပန်းနှင့် လူမှားသွားတာကိုး"

ဝါဝါဘုန်းကခေါင်းညိတ်လိုက်လေသည်။

"ဒါကြောင့် ခင်ဗျားအိမ်မမှားဘူး၊ သံမဏိဘုန်းကြီးက ဒီအိမ်မှာနေသွားတယ်၊ ညမွှေးပန်းလဲ ဒီအိမ်မှာပဲနေသွားတယ်၊ ရှင်းရှင်းပြောရရင် သံမဏိဘုန်းကြီးနဲ့ ညမွှေးပန်းတို့ဟာ လင်မယားတွေတောင်ဖြစ်နိုင်တယ်"

ထွန်းယို့ မျက်လုံးပြူးသွားသည်။

"သံမဏိဘုန်းကြီးက မိန်းမနဲ့ဟုတ်လား၊ ဖြစ်နိုင်ပါ့မလား"

ဝါဝါဘုန်းကရယ်မောလိုက်သည်။

"သံမဏိဘုန်းကြီးဟာ ဘုန်းကြီးမဟုတ်တော့ဘူး၊ လူထွက်လိုက်ပြီပဲ၊ ဒါပေမယ့် အားလုံးက နှုတ်ကျိုးနေကြလို့သာ သူ့ကိုသံမဏိဘုန်းကြီးလို့ခေါ်ကြတာပါ"

ထွန်းယို့သည် အတော်လေးသဘောပေါက်နားလည်လာလေပြီ။ သူသည် ဝါဝါဘုန်းမှာ မိမိထင်မြင်ထားသည်ထက် ပါးနပ်ရုံမက ဗဟုသုတလည်း ကြွယ်ဝသည်။ ရဲရင့်မှုလည်းရှိသည်ဟုတွေးမိလေတော့သည်။

* * *



ဝက်ပါ။

သင်သည် ဝက်ပါသို့ အဝင်မှားမိလိုက်သည်နှင့် ထွက်ပေါက်ရှာမတွေ့ဘဲ ဝက်ပါထဲ၌ တဝဲလည်လည်ဖြစ်နေတတ်သည် မဟုတ်ပါလော။

ထွန်းယို့သည် ဤအဖြစ်နှင့် ကြုံတွေ့နေရခြင်းနှင့် တူလှပေသည်။ သူသည် ရုတ်တရက် ကြမ်းပေါ်သို့ထိုင်ချလိုက်လေသည်။

ဝါဝါဘုန်းက သူ့အားမျက်မှောင်ကုပ်၍ကြည့်ပြီး ....

"ခင်ဗျား မောနေပြီလား"

ထွန်းယို့က ခေါင်းခါလိုက်သည်။

"ကျုပ်မမောပါဘူး၊ ကျုပ်ကိုယ်ကျုပ် မေးစရာတွေအများကြီးရှိနေလို့ အေးအေးဆေးဆေး စဉ်းစားမလို့ပါ"

ဝါဝါဘုန်းကလည်း သူ့အနီးသို့ ထိုင်ချလိုက်သည်။

"ကျုပ်ကို ဘာဖြစ်လို့ မတိုင်ပင်ချင်တာလဲ၊ တစ်ယောက်စဉ်းစားတာထက် နှစ်ယောက်စဉ်းစားပြီး အဖြေရှာရင် ပိုပြီးမကောင်းဘူးလား"

သူမ၏အသံသည် သာယာပျော့ပျောင်း၍ ကရုဏာအပြည့်ပါနေလေသည်။ ထွန်းယို့သည် သူ့အားကြည့်လိုက်သည်။ သူ၏မျက်ဝန်းတစ်ခုလုံးတွင် ကျေးဇူးတင်သည့်အသွင်ဆောင်လျက်ရှိ၏။

သူ့လက်ကလေးသည် အမှတ်မထင်ဆန့်တန်းလိုက်ပြန်၏။

သူမကလည်း လက်ကလေးဆန့်တန်းလိုက်သည်။

သူတို့၏လက်ကလေးများသည် သိမ်မွေ့စွာထိမိလိုက်သည်နှင့် ပြန်လည်ရုပ်သိမ်းလိုက်ပြန်လေသည်။

ထွန်းယို့သည် ခေါင်းကိုအောက်သို့ ငိုက်စိုက်ချလိုက်သည်။

အတန်ကြာသွားမှ ....

"အကယ်၍ တို့ထင်ထားသလို သံမဏိဘုန်းကြီးကနဂါးစိမ်းဂိုဏ်းခွဲရဲ့ခေါင်းဆောင်ဖြစ်တာမှန်ခဲ့ရင် အခု ကျုပ်ကြုံတွေ့ရတဲ့ကိစ္စမှာ နဂါးစိမ်းဂိုဏ်းရဲ့ အကြံဖြစ်ရမယ်"

ဝါဝါဘုန်းကခေါင်းညိတ်လိုက်ပြီး ....

"မှန်တယ်"

ထွန်းယို့ကမျက်မှောင်ကုပ်လိုက်ပြီး ....

"သူတို့က ဘာရည်ရွယ်ချက်နဲ့ကျုပ်ကိုရန်ရှာရတာလဲ"

ဝါဝါဘုန်းကအနည်းငယ်စဉ်းစားပြီး ....

"ခင်ဗျားကို ရန်ရှာတာဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် ခင်ဗျားမှာပါတဲ့အဖိုးတန်ပစ္စည်းတစ်ခုခုအတွက် ဖြစ်ချင်ဖြစ်မယ်"



ထွန်းယို့ခေါင်းညိတ်လိုက်သည်။ မှန်ပါသည်။

သူ့ထံတွင် ကျောက်စိမ်းဓားတစ်လက်ရှိနေသည်မဟုတ်ပါလော။ ဤကျောက်စိမ်းဓားသည် ....

အလွန်အဖိုးထိုက်တန်သည့်အပြင် ကျောက်စိမ်းဓားတွင်း၌ လျှို့ဝှက်ချက်တစ်ခုရှိသည်။

ယင်းလျှို့ဝှက်ချက်အားဖော်ထုတ်နိုင်ပါက ....

သိုင်းလောက၌ ပြိုင်စံရှားသည့်သိုင်းပညာရပ်များ ရရှိနိုင်သည်ဟုအဆိုရှိကြသည်။

ဤကျောက်စိမ်းဓားနှင့်ပတ်သက်၍ မိမိမှာ ဂဃနဏမသိလိုက်ရသော်လည်း ....

သူ၏ဖခင်က အကြိမ်ကြိမ်ပြောဖူးခဲ့သည်ကိုကြားယောင်မိလေသည်။

"ငါ့သား ... ဒီကျောက်စိမ်းဓားဟာနှယ်နှယ်ရရမဟုတ်ဘူး၊ ဓားအိမ်နဲ့ဓားရိုးမှာစီထားတဲ့ကျောက်သံပတ္တမြားဟာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာထားလိုက်ဦး၊ ဒီဓားထဲမှာ လျှို့ဝှက်ချက်တစ်ခုရှိသေးတယ်၊ ဒီလျှို့ဝှက်ချက်ကို ဖေဖေ မင်းဖိုးဖိုးဆီက အမွေရလိုက်တုန်းကသာကြားခဲ့တယ်၊ ဒါပေမယ့် ယခုချိန်ထိ ဖော်ထုတ်နိုင်စွမ်းမရှိခဲ့ဘူး။ အခု ငါ့လက်ထဲကနေပြီး ငါ့သားကိုပေးလိုက်ပြီ၊ မင်း ဂရုစိုက်သာသိမ်းပေတော့၊ တစ်နေ့နေ့တစ်ချိန်ချိန်မှာ သူနဲ့ထိုက်တန်တဲ့လူနဲ့

တွေ့ရင် ဒီလျှို့ဝှက်ချက်ကပေါ်လာမှာပဲ၊ အကယ်၍ မင်းလက်ထက်မှာ ဒီလျှို့ဝှက်ချက်မဖော်ထုတ်နိုင်ခဲ့ရင် မင်း သားသမီးလက်ကို တစ်ဆင့်ပေးသွားရလိမ့်မယ်"

ထွန်းယို့သည် ဤသို့ သူ့ဖခင်၏စကားကိုပြန်လည်တွေးမိပြီး သက်ပြင်းတစ်ချက်ချလိုက်လေသည်။

ဝါဝါဘုန်းက ဆက်၍တွေးတောနေလေသည်။

"ခင်ဗျားဆီကပစ္စည်းလိုချင်တာနဲ့ ခုလိုထောင်ချောက်ဆင်ပြီး ခင်ဗျားချောင်ပိတ်မိအောင်လုပ်ကြံနေတာဖြစ်မယ်"

ထွန်းယို့ သက်ပြင်းတစ်ချက်ချလိုက်ပြန်လေသည်။

"ဒီလိုဆို လူရှောက်ယင်းကိုဘယ်သူကသတ်တာလဲ"

"သူတို့ပဲဖြစ်မှာပေါ့"

"လူရှောက်ယင်းရဲ့အဖေ လူကောက်ဟာ သံမဏိဘုန်းကြီးနဲ့ အလွန်ရင်းနှီးတဲ့မိတ်ဆွေမဟုတ်လား"

"နဂါးစိမ်းဂိုဏ်းဟာ သူလုပ်စရာရှိတာကို မိတ်ဆွေမကလို့ ဆွေမျိုးရင်းချာဖြစ်နေပါစေ၊ အလွတ်မပေးဘူးဆိုတာ ခင်ဗျားသိတယ် မဟုတ်လား"

"ခင်ဗျားပြောတာလဲဟုတ်ပါတယ်၊ နဂါးစိမ်းဂိုဏ်းရဲ့ ဩဇာအာဏာနဲ့ သံမဏိဘုန်းကြီးရဲ့သိုင်းပညာဟာ ကျုပ်ကိုအလွယ်တကူ သတ်နိုင်ရက်နဲ့ ဘာဖြစ်လို့ ကျုပ်ကိုပြောင်မသတ်တာလဲ"



"ခင်ဗျားတို့အဖေဟာ သိုင်းလောကမှာနာမည်ကြီးတယ်၊ နောက်ပြီး ... တပည့်ကလဲ နယ်အနှံ့ရှိတယ်၊ ခင်ဗျားကို ပြောင်သတ်လိုက်ရင် နဂါးစိမ်းဂိုဏ်းနဲ့ ခင်ဗျားတို့အဖွဲ့နဲ့ အပြန်အလှန်ရန်ပွဲတွေဆက်နေမှာပေါ့။ နောက်ပြီး နဂါးစိမ်းဂိုဏ်းရဲ့လုပ်ရပ်ဟာ သူတို့လုပ်တဲ့အလုပ် အခြားလူကိုအပြစ်ဖို့တတ်ကြတယ်"

"ခင်ဗျားပြောတာ ကျုပ်နားမရှင်းဘူး"

ဝါဝါဘုန်းက မျက်မှောင်ကုပ်၍အတန်ကြာစဉ်းစားလိုက်လေသည်။ ပြီးမှ ....

"နဂါးစိမ်းဂိုဏ်းက ခင်ဗျားကိုဖြစ်စေ၊ ခင်ဗျားဆီက ပစ္စည်းကိုဖြစ်စေ လုပ်ကြံမယ်ဆိုရင် ခင်ဗျားရဲ့အကြောင်းကို သေသေချာချာ စုံစမ်းလိမ့်မယ်၊ အဲဒီတော့ ခင်ဗျားဟာ ပုလဲကျေးရွာသွားမယ်ဆိုတာ သူတို့သိသွားမယ်၊ နောက်ပြီး လူကောက်ရဲ့သား လူရှောက်ယင်းဟာလဲ ပုလဲကျေးရွာသွားမယ်ဆိုတာ သူတို့သိတယ်၊ ဒါကြောင့် သူတို့က ညမွှေးပန်းကိုလွှတ်ပြီး လူရှောက်ယင်းကိုမျှားခေါ်ပြီး သတ်လိုက်တာပဲဖြစ်မယ်"

သူမသည် ဤသို့ပြောပြီး ထွန်းယို့အားပြုံးစိစိဖြင့်ကြည့်လိုက်၏။ ပြီးနောက် ....

"အဲ .... ခင်ဗျားကိုလဲ ညမွှေးပန်းနဲ့မျှားခေါ်ပြီး ကျောက်စိမ်းဓားကိုခိုးယူခဲ့တယ်၊ ပြီးတော့ လူရှောက်ယင်းရဲ့ခန္ဓာကိုယ်ပေါ်မှာ စိုက်

ထားလိုက်တယ်၊ အဲဒီတော့ လူကောက်က ခင်ဗျားကို သူ့သားသတ်တဲ့ ရန်သူဆိုပြီးကလှဲ့စားချေမယ်၊ ဒါပေမဲ့ .... လူကောက်က သူတို့ဆင်တဲ့ အကွက်ထဲမဝင်ဘူး၊ သူက ခင်ဗျား သူ့သားကိုသတ်တယ်ဆိုတာ မယုံကြည်ဘူး၊ အဲဒီတစ်ချက်ကို ကျုပ်အံ့ဩနေမိတယ်"

ထွန်းယို့က မဲ့ပြုံးပြုံးလိုက်သည်။

"သူနဲ့ကျုပ် ဖဲအတူရိုက်ခဲ့တယ်၊ ဒါကြောင့် သူကကျုပ်လိမ်မပြောတတ်ဘူးဆိုတာယုံသွားတယ်"

ဝါဝါဘုန်းကရယ်မောလိုက်သည်။

"ဖဲရိုက်တာလဲ အဆိုးချည်းလို့မဆိုနိုင်တော့ဘူးပေါ့"

ထွန်းယို့ကခေါင်းညိတ်လိုက်သည်။

"လောကမှာ အားလုံးဟာ အကောင်းချည်းပဲမဖြစ်နိုင်သလို အဆိုးချည်းလဲမရှိပါဘူး"

ဝါဝါဘုန်းကခေါင်းညိတ်သဘောတူလိုက်သည်။

"ကဲ .... အခု တို့ဘာဆက်လုပ်ကြမလဲ"

ထွန်းယို့ကအံတစ်ချက်ကြိတ်လိုက်သည်။

"ကျုပ် သံမဏိဘုန်းကြီးကိုသွားရှာမယ်လို့စိတ်ကူးတယ်"

ဝါဝါဘုန်းကရယ်မော၍ ....

"ခင်ဗျားဘယ်မှာ သွားရှာမှာလဲ၊ သူဘယ်မှာရှိတယ်ဆိုတာကော ခင်ဗျားသိသလား"



ထွန်းယို့ကခေါင်းခါလိုက်သည်။

"ကျုပ်တော့ မသိဘူး၊ ဒါပေမယ့် ကျုပ်သွားစရာရှိသေးလို့ အချိန်အကုန်မခံနိုင်တော့ဘူး၊ တစ်နည်းမဟုတ်တစ်နည်းနဲ့တော့ သူ့ကိုတွေ့အောင်ရှာရမှာပဲ"

ဝါဝါဘုန်းသည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး ....

"ခင်ဗျား ဘယ်သွားစရာရှိလို့ ဒါလောက်တောင် အရေးကြီးနေရတာလဲ"

"ပုလဲကျေးရွာကို နောက်လလပြည့်နေ့မတိုင်မီကျုပ်ရောက်အောင်သွားရလိမ့်မယ်"

"ဘာကိစ္စများရှိလို့လဲ"

"ကျုပ်အဖေရဲ့ သူငယ်ချင်းကျူခွမ်းအတွက် မွေးနေ့အမီသွားမလို့ပါ"

ဝါဝါဘုန်း ရုတ်တရက်ခေါင်းမော့လိုက်သည်။

သူမ၏ဝိုင်းစက်သောမျက်လုံးကလေးများသည် ဝင်းလက်တောက်ပသွားလေသည်။

"ခင်ဗျားက မွေးနေ့သက်သက်ပဲလား၊ တခြားကိစ္စကော မရှိဘူးလား"

"မွေးနေ့သက်သက်ဆိုပါတော့"

ဝါဝါဘုန်းက သူ၏မျက်နှာအားစေ့စေ့ကြည့်လိုက်၏။

အတန်ကြာငြိမ်သက်နေပြီးမှ ဝါဝါဘုန်းက ....

"ပုလဲကျေးရွာကကျူခွမ်းမှာ သမီးတစ်ယောက်ရှိတယ်လို့ ကြားတယ်၊ သူ့သမီးကချောရဲ့လားဟင်"

ဟုကောက်ကာငင်ကာမေးလိုက်သည်။

ထွန်းယို့ကခေါင်းငုံ့လိုက်သည်။

"ကျုပ်တစ်ခါမှမတွေ့ဘူးဘဲ ဘယ်သိပါ့မလဲ"

ဝါဝါဘုန်းကဆက်လက်၍ ....

"အခုပြုလုပ်တဲ့မွေးနေ့မှာ သူ့သမီးအတွက် သမက်လောင်း ရွေးမယ်လို့ကြားရတယ်၊ အဲဒါဟုတ်ရဲ့လား"

သူမသည် ဤသို့ပြောပြီးနောက် ထွန်းယို့အားသေချာကြည့် လိုက်သည်။

"ခင်ဗျားကိုတော့ ကျူခွမ်းက သမက်လောင်းအဖြစ်သေချာ ပေါက်ရွေးမယ်ဆိုတာ ကျုပ်ပြောရဲတယ်"

ထွန်းယို့သည် မည်သို့မှစကားမပြောသာတော့ပါ။ သူသည် ဝါဝါဘုန်းအား မော့ကြည့်လိုက်သည်။

တစ်စုံတရာပြောရန်လည်း ဟန်ပြင်လိုက်သည်။

သို့သော် .... သူမပြောဖြစ်ပါချေ။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ခင်ဗျား ပြန်ဖို့ကောင်းပြီထင်တယ်"



ဟု ပြောလိုက်လေသည်။

ဝါဝါဘုန်းက သူ့အားပြန်ကြည့်လိုက်ပြီး ....

"ခင်ဗျားကော ...."

"ကျုပ်ကတော့ သံမဏိဘုန်းကြီးကိုလိုက်ရှာရလိမ့်မယ်"

ဝါဝါဘုန်းကမဲ့၍ပြုံးလိုက်သည်။

"ကျုပ်လဲ သွားမှာပေါ့"

ထွန်းယို့ကခေါင်းခါယမ်းလိုက်သည်။

"ဒီကိစ္စမှာ ခင်ဗျားနဲ့မဆိုင်ပါဘူးဗျ"

ဝါဝါဘုန်းကနှုတ်ခမ်းမဲ့ကာ ....

"အစကတော့မဆိုင်ပါဘူး၊ ဒါပေမယ့် အခုတော့ မဆိုင်လို့ မရတော့ဘူး"

ထွန်းယို့သည် သူမအား ငေးစိုက်ကြည့်လိုက်သည်။

ဝါဝါဘုန်းကလည်း ခပ်တည်တည်ပင် သူ့အားပြန်ကြည့်နေ ၏။ ကြယ်ရောင်ကလေးများသည် သူမ၏မျက်ဝန်းသို့ အရောင်ဟပ် နေသည့်အလား တောက်ပနေလေသည်။

သူမ ဘာမျှမပြောပါချေ။

သို့သော် ....

သူသည် သူမပြောလိုသည့်စကားကို ကောင်းစွာနားလည် သဘောပေါက်လေသည်။

ထို့ကြောင့် သူသည် လက်ကိုဆန့်တန်းလိုက်ပြန်သည်။

သူတို့၏လက်ကလေးများသည် ဤတစ်ကြိမ်တွင် အပြန်အလှန်ခိုင်မြဲစွာဆုပ်ကိုင်ထားလေတော့၏။

သူမ၏လက်ကလေးသည် နူးညံ့၍ပျော့ပျောင်းသည်ဟု ထိတွေ့မိလိုက်လေသည်။

ညဥ့်နက်လာပြီဖြစ်၍ ဝန်းကျင်တစ်ခုလုံး ပို၍တိတ်ဆိတ်နေ၏။ ကြယ်ကလေးများသည် မှုန်ဝါးဝါးသောအလင်းရောင်ဖြင့် ကမ္ဘာမြေအားလွှမ်းခြုံထားလျက်ရှိနေပေသည်။

မည်မျှ အချိန်ကုန်လွန်သွားသည်မသိ။

ထွန်းယို့က စတင်စကားပြောလိုက်လေသည်။

"ကျုပ်အခု သံမဏိဘုန်းကြီးကိုလိုက်ရှာမယ်ဆိုတာ တခြားနည်းလမ်းမရှိတော့လို့ပါ၊ ကျုပ်အဖေက ကျုပ်ကိုချစ်ပေမယ့် သူ့သားဟာ ယုတ်မာတဲ့လူသတ်တရားခံဖြစ်မှာကိုတော့ ဘယ်နည်းနဲ့မှ သည်းခံနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ...."

သူမကကြားဖြတ်လိုက်ပြီး ....

"ကျုပ်နားလည်ပါတယ်"

"ဒါကြောင့် အန္တရာယ်ရှိတယ်ဆိုတာသိရက်နဲ့ ကျုပ်အနေနဲ့ မသွားလို့မဖြစ်ဘူး"

"ကျုပ်သိပါတယ်"



"နောက်ပြီး ... သံမဏိဘုန်းကြီးဟာ ကျုပ်ထက် သိုင်းပညာအများကြီးသာနေတယ်"

"ကျုပ်သိပါတယ်"

"သိရက်သားနဲ့ ဘာဖြစ်လို့ကျုပ်နဲ့လိုက်ချင်ရတာလဲ"

သူမသည် နှုတ်ခမ်းကိုကိုက်လိုက်ပြီး ....

"အစက ကျုပ်မလိုက်လို့ရတယ်၊ အခုတော့ မလိုက်လို့မဖြစ်တော့ဘူး၊ ခင်ဗျားကိုစိတ်မချတော့ဘူး၊ ဘာဖြစ်လို့စိတ်မချနိုင်တာလဲဆိုတာ ခင်ဗျားသဘောမပေါက်ဘူးလား"

ထွန်းယို့သည် သူမအား အတန်ကြာစိုက်ကြည့်လိုက်၏။

ပြီးမှ သက်ပြင်းရှည်တစ်ချက်ချကာ ....

"ကျုပ် သဘောပေါက်ပါပြီဗျာ"

ဟုပြောလိုက်လေသည်။

သူတို့၏လက်ကလေးများသည် ....

တစ်ယောက်ကိုတစ်ယောက် ထပ်မံ၍မြဲမြံစွာဆုပ်ကိုင်ထားမိလိုက်ကြလေတော့၏။

အတန်ကြာမှ ....

သူမသည် သာယာပျော့ပျောင်းသောအသံဖြင့် ....

"သွားစရာရှိရင်လဲ မနက်မိုးလင်းမှသွားလို့ဖြစ်မှာပေါ့၊ အဲဒီတော့ ခဏလောက်အနားယူလိုက်ရင်မကောင်းဘူးလား"

ဟုအကြံပြုလိုက်လေသည်။

ထွန်းယို့ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် ....

နှစ်ယောက်သား ကြမ်းပြင်ပေါ်လဲလျောင်းကာ အနားယူလိုက်ကြလေတော့သည်။

* * *

နွေဦး၏နေရောင်ခြည်သည် နွေးနွေးထွေးထွေးရှိလှသည်။

ထွန်းယို့သည် အိပ်မောကျနေရာမှနိုးလာသည်။

သူအိပ်ရသောအချိန်ကတိုတောင်းလှသော်လည်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားခဲ့သည်။

သူအိပ်ရာနိုးလာသောအခါ သူသည် သူမ၏ပေါင်ပေါ်သို့ခေါင်းအုံးလျက်ရှိသည်ကိုတွေ့ရလေသည်။

သူမသည် အိပ်ခဲ့ဟန်မတူပါ။

သူ့အားပြုံး၍သာစိုက်ကြည့်နေ၏။

ထို တခဏ်အချိန်တွင် ထွန်းယို့သည် သူမအပေါ် မိမိ၏အနှစ်သက်ဆုံးချစ်သူတစ်ယောက်အဖြစ်မြင်လာလေတော့သည်။

အကယ်၍ ....



ပုလဲကျေးရွာက မိမိနှင့်လက်ဆက်မည့်မိန်းကလေးသည် သူမသာဖြစ်ပါက မည်မျှကောင်းလိုက်မည်နည်းဟုတွေးမိလေသည်။

သူသည် ဤသို့တွေးတောရင်း သူမအားပြုံး၍ကြည့်လိုက်သည်။ သူမကလည်း ပြန်လည်ပြုံးပြလေသည်။

သူတို့၏စိတ်နှလုံးဝယ် ပြတင်းပေါက်အပြင်မှရာသီဥတုပမာကြည်လင်သန့်ရှင်းလတ်ဆတ်၍ မျှော်လင့်ချက်အပြည့် အလင်းရောင်အပြည့်ဖြစ်နေလေတော့သည်။

* * *

နွေဦး၏နေရောင်ခြည်သည် ကမ္ဘာမြေပေါ်သို့ နေရာလပ်မကျန်အောင်ပက်ဖျန်းထားလေသည်။

သူတို့သည် နေရောင်ခြည်အောက်၌ လမ်းလျှောက်နေကြသည်။ လမ်းသွားလမ်းလာများသည် သူတို့အား ကြည့်ကြည့်သွားကြကုန်၏။။။

သို့သော် .... အများဆုံးအကြည့်ခံရသူမှာ ဝါဝါဘုန်းသာဖြစ်ပါသည်။ ထွန်းယို့ကမနေနိုင်တော့ဘဲ ....

"ဟေ့ .... အားလုံးက ခင်ဗျားကိုပဲကြည့်နေကြပါလား"

ဝါဝါဘုန်းကပြုံး၍ ....

"ဟုတ်ရဲ့လား"

ဟုပြန်မေးလိုက်သည်။

ထွန်းယို့က ဘေးဘီသို့တစ်ချက်လှည့်ကြည့်လိုက်ရင်း ....

"ဟုတ်တယ်၊ ဒါပေမယ့် သူတို့ကကျူပ်ကိုဘာဖြစ်လို့မကြည့်ကြတာလဲ"

ဝါဝါဘုန်းကရယ်မောလိုက်သည်။

"ဒါတော့ ခင်ဗျားကကျူပ်လောက်မလှလို့ဖြစ်မှာပေါ့"

ထွန်းယို့ကခေါင်းခါယမ်းလိုက်သည်။

"ဒါပေမယ့် ကျူပ်ကို ဆုငွေ ၅၀၀၀–ထုတ်ထားတယ်လေ"

ထွန်းယို့၏စကားကြောင့် ဝါဝါဘုန်းကသတိရလာသည်။



ဟုတ်ပါ၏။ ဆုငွေ ၅၀၀၀–အဖြစ်ထုတ်ထားခြင်းခံရသောလူတစ်ယောက်အား အဘယ်ကြောင့် မည်သူကမျှ ဂရုမစိုက်ဘဲနေကြရပါသနည်း။

သူမသည် အနည်းငယ်စဉ်းစားလိုက်ပြီး ....

"ဒီခရီးသွားတဲ့လူတွေက သံမဏိဘုန်းကြီးကပ်ထားတဲ့ ဆုငွေပုံကိုမမြင်ကြဘူးနဲ့တူတယ်"

ထွန်းယို့ခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်တယ်၊ ဒါနဲ့ ခင်ဗျား ကျူပ်ပုံကိုဘယ်နေရာကတွေ့ခဲ့တာလဲ"

ဝါဝါဘုန်းကရှေ့သို့ညွှန်ပြလိုက်ပြီး ....

"ဟိုရှေ့ကလက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့တာဗျ"

လက်ဖက်ရည်ဆိုင် ....

မည်သည့်နေရာကလက်ဖက်ရည်ဆိုင်ဖြစ်စေ ....

လက်ဖက်ရည်ဆိုင်သည် လူအများဆုံး လူအစုံဆုံးနေရာဖြစ်ပါသည်။ အချိန်သည် စောလွန်းသေးသည်ဖြစ်သော်လည်း လက်ဖက်ရည်ဆိုင်တွင် လူများပြည့်ကြပ်နေပြီဖြစ်သည်။

ထွန်းယို့သည် လက်ဖက်ရည်ဆိုင်ဟွင်းသို့ရောက်ရှိသည်နှင့် သူ၏ပုံများသည် လက်ဖက်ရည်ဆိုင်၏နံရံပေါ်အနှံ့ကပ်ထားသည်ကို တွေ့လိုက်ရလေသည်။

သူတို့သည် လွတ်နေသောစားပွဲတစ်ခုသို့ဝင်ရောက်ထိုင်ချလိုက်သည်။ သို့သော် .... ထူးခြားသည်မှာ သူ့အား မည်သူကမျှပင် လှည့်မကြည့်ကြပေ။

သူသည် လူအများ သူ့အားဂရုစိုက်လာအောင် အသံကျယ်လောင်စွာဖြင့် ....

"ဟေ့ .... လက်ဖက်ရည်နှစ်ခွက်ယူခဲ့၊ အချိုကျကျ"

ဟု အော်ဟစ်လိုက်သည်။

ထို့နောက် သူ့မျက်နှာပေါ်လွင်စေရန် ဘေးဘီရှိလက်ဖက်ရည်သောက်နေကြသောလူများဘက်သို့ လှည့်၍ပြုံးပြလိုက်သည်။

သို့သော် .... အခြားသူများသည် သူ၏အော်ဟစ်သံကြောင့် တစ်ချက်လှည့်ကြည့်ပြီး ပြန်လည်ခေါင်းငုံ့ကာ လက်ဖက်ရည်သောက်မြဲသောက်နေကြလေ၏။

မည်သူကမှ သူ့အားဂရုမစိုက်ကြချေ။

ထွန်းယို့သည် ဆုငွေငါးထောင်ထုတ်ထားသောမိမိအား ယခုကဲ့သို့ မည်သူမှဂရုစိုက်ခြင်းမရှိသည်ကို စိတ်မရှည်နိုင်တော့ချေ။

သူသည် ထိုင်နေရာမှထလိုက်သည်။ ဆုငွေချပ်ပုံကပ်ထားသောနံရံရှေ့သို့လျှောက်သွားသည်။

ထိုနံရံနှင့်ကပ်လျက်ရှိစားပွဲပေါ်၌ လူနှစ်ယောက်သည် လက်ဖက်ရည်များသောက်နေကြသည်။



သူသည် ထိုစားပွဲအနီး၌ရပ်ကာ နံရံမှရုပ်ပုံအားကြည့်လိုက်သည်။ သူသည် ချောင်းနှစ်ချက်ဟန့်ပြီး ရုပ်ပုံလွှာ၏အောက်တွင် ရေးသားထားသောစာများကို ကျယ်လောင်စွာဖတ်လိုက်လေသည်။

"သတိ ....

မည်သူမဆို ရုပ်ပုံပါလူအားတွေ့ရှိလျှင် အောက်ပါနေရပ်လိပ်စာအတိုင်းလာရောက်သတင်းပို့ပါက ဆုငွေ ၅၀၀၀ ပေးမည်။

ပုံ .... သံမဏိဘုန်းကြီး"

သူသည် ဤသို့ကျယ်လောင်စွာဖတ်ပြီးနောက် ဘေးဘီသို့ လှည့်ကြည့်လိုက်သည်။

သို့သော် .... လက်ဖက်ရည်သောက်နေကြသောလူများမှာ နားများပင်းနေသည့်အလား မည်သို့မျှလှုပ်ရှားလာခြင်းမရှိဘဲခေါင်းငုံ့၍သာ လက်ဖက်ရည်သောက်နေကြလေသည်။

ထွန်းယို့သည် နံရံနှင့်ကပ်လျက်ရှိစားပွဲမှ လက်ဖက်ရည်သောက်နေသောလူနှစ်ယောက်အား ပြုံးပြလိုက်ပြီး ....

"မိတ်ဆွေ ဒီဆုငွေထုတ်ထားတဲ့ပုံ ကျုပ်နဲ့တူသလားဗျာ"

ဟုမေးလိုက်လေသည်။ ထိုလူနှစ်ယောက်သည် ခေါင်းကို သွက်လက်စွာခါလိုက်ပြီး ....

"မတူပါဘူးခင်ဗျာ"

ဟု ပြန်ပြောလိုက်လေသည်။

ထွန်းယို့က ပြုံးဖြဖြလုပ်လိုက်ပြီး ....

"သေချာကြည့်စမ်းပါဗျာ၊ ကျုပ်နဲ့တူတယ်လို့ထင်တယ်"

ထိုလူနှစ်ယောက်သည် သူ့အားတစ်ချက်မော့ကြည့်လိုက်ပြီး ပြုံးပြလိုက်သည်။

"နည်းနည်းမှ မတူပါဘူးခင်ဗျာ"

ဟုပြောပြီး ခေါင်းငုံ့သွားကြပြန်လေသည်။

ခက်ချေပြီ။ ဆုငွေထုတ်ထားသောရုပ်ပုံလွှာသည် မိမိ၏ပုံဖြစ်သည်မှန်သော်လည်း မည်သည့်အကြောင်းကြောင့် အားလုံးက သူ့အားဂရုမစိုက်ဘဲ နေကြပါသနည်း။

ငွေ ၅၀၀၀ သည် နည်းလှသည့်အရေအတွက်မဟုတ်ပါ။

သူသည် တွေးရင်းခေါင်းရှုပ်လာလေတော့သည်။

ထိုအချိန်တွင် စားပွဲထိုးလုလင်တစ်ယောက်သည် သူ့ထံသို့ လျှောက်လာသည်ကိုတွေ့လိုက်ရသဖြင့် သူသည် ထိုစားပွဲထိုးလုလင်၏လက်မောင်းကိုဆွဲထားလိုက်ပြီး ....

"ဟေ့ .... ကြည့်စမ်း၊ နံရံမှာကပ်ထားတဲ့ပုံနဲ့ ငါနဲ့တူသလား"

ဟုမေးလိုက်လေသည်။ စားပွဲထိုးလုလင်၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်လာသည်။

သူသည် ခေါင်းကိုတွင်တွင်ခါလိုက်ပြီးနောက် ....

"ဟင့်အင်း .... မတူ .... ပါ .... ပါဘူးခင်ဗျာ"



ဟုထစ်ထစ်ငေါ့ငေါ့ဖြေလိုက်ရာ ထွန်းယို့ ငိုင်သွားလေတော့သည်။ ထိုအချိန် ဝါဝါဘုန်းကလည်း သူ့ထံသို့လျှောက်လာပြီး ....

"ကဲပါ ... ခဏထိုင်လိုက်ပါဦး၊ တစ်ယောက်ယောက် သွားပြီး သတင်းပို့နေမလားမှမသိဘဲ"

ဟု ခပ်အုပ်အုပ်ဖြင့်ပြောလိုက်လေသည်။

ထွန်းယို့သည် စိတ်မကျေမနပ်ဖြင့် စားပွဲဆီသို့ ပြန်လျှောက်သွားပြီးထိုင်ချလိုက်လေ၏။

လက်ဖက်ရည်နှင့် မုန့်များလာရောက်ချထားပြီးဖြစ်သဖြင့် သူတို့သည် လက်ဖက်ရည်သောက်ကြလေတော့သည်။

သို့သော် .... သူတို့တစ်နာရီခန့်ကြာသည့်တိုင်အောင်ထိုင်နေသော်လည်း မည်သို့မျှထူးခြားမှုရှိမလာချေ။

ထွန်းယို့သည် နံရံပေါ်မှရုပ်ပုံလွှာအားကြည့်ရင်း ....

"ဒီပုံဟာ ငါ့ရုပ်နဲ့များမတူလို့လား"

ဝါဝါဘုန်းကလည်း ရုပ်ပုံလွှာသို့တစ်ချက်ကြည့်လိုက်သည်။

"သိပ်တူတာပေါ့ဗျ၊ ဘယ်လိုများဖြစ်သလဲမသိဘူး"

ထွန်းယို့ကခေါင်းခါယမ်းလိုက်ပြီး ....

"ဆုငွေငါးထောင်တောင်မှ ဘာဖြစ်လို့ မလိုချင်ကြတာလဲ မသိဘူး၊ ဘယ်လိုမှစဉ်းစားလို့ကိုမရဘူး"

ဝါဝါဘုန်းသည်သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ကျုပ်လဲ မစဉ်းစားတတ်လောက်အောင် ခေါင်းရှုပ်သွားပြီ"

သူမ၏စကားမဆုံးမီပင် လူတစ်ယောက်သည် ဆိုင်ထဲသို့ခြေလှမ်းကျဲကျဲဖြင့်ဝင်လာသည်ကို တွေ့လိုက်ရလေသည်။ ထိုလူသည် နံရံပေါ်မှကပ်ထားသောရုပ်ပုံလွှာအား ခွာယူလေသည်။

ထိုလူအားတွေ့မြင်လိုက်သည်နှင့် ....

မူစန်းလင်၏မိတ်ဆွေ ကူးတို့ကူးသောလူရွယ် ရှာချောင်ဖြစ်ကြောင်းသိလိုက်ရလေသည်။

သူ့နောက်တွင် လက်တစ်ဖက်ပြတ်နေသောမူစန်းလင်လည်းလိုက်လာသည်။ သူတို့သည် နံရံမှရုပ်ပုံလွှာအားလုံးခွာယူပြီးနောက် ထွန်းယို့တို့စားပွဲသို့ လာရောက်ထိုင်ချလေတော့သည်။

မူစန်းလင်သည် ထွန်းယို့အားပြုံး၍ ....

"စောစောစီးစီး ခင်ဗျားတို့ လက်ဖက်ရည်သောက်ကြတယ်ဟုတ်လား"

ထွန်းယို့က ဘာမှမပြောဘဲ ခေါင်းညိတ်၍ပြုံးပြလိုက်လေသည်။ ရှာချောင်သည် လက်ထဲမှကြော်ငြာစာရွက်များကို စားပွဲပေါ်သို့ချလိုက်ပြီး ....

"ဒီဆိုင်နဲ့ဆိုရင် ကုန်သလောက်တော့ရှိပြီ၊ အားလုံး အရွက်သုံးရာလောက်ရှိလိမ့်မယ်"

ထွန်းယို့သည် နားမလည်သောမျက်နှာထားဖြင့် ....



"ခင်ဗျားတို့ ဘာဖြစ်လို့ ပြန်သိမ်းနေရတာလဲ"

ရှာချောင်သည် မုန့်တစ်ခုယူစားလိုက်ရင်း ....

"ကျုပ်က မတော်တာမြင်ရင် အဲဒီလိုလုပ်တတ်တယ်"

ဝါဝါဘုန်းက မျက်နှာထားတင်းတင်းထားလိုက်ပြီး ....

"ခင်ဗျား မတော်တာတွေ ထင်ရာလုပ်တတ်ရင် ဒီရုပ်ပုံလွှာတွေအားလုံးပြန်ကပ်ပေးပါ"

ရှာချောင် မျက်မှောင်ကုပ်သွားသည်။

"ဒီစက္ကူစုတ်တွေ ဘာဖြစ်လို့ပြန်ကပ်ချင်ရတာလဲ"

ဝါဝါဘုန်းက သူ့အားမျက်လုံးပြူးကြည့်ကာ ....

"စက္ကူစုတ်ဟုတ်လား၊ ဘယ်သူက ပြောသလဲ၊ ငွေ ၅၀၀၀ တန်တယ်ဆိုတာ ခင်ဗျားမသိဘူးလား"

ရှာချောင်ကရယ်မောလိုက်ပြီး ....

"ဒါပေမယ့် အခုတော့ ငွေ ၅၀၀၀ မပြောနဲ့၊ ငါးပြားတောင်မတန်တော့ဘူးဗျ"

ထွန်းယို့ကအံ့သြစွာဖြင့် ....

"ဘာဖြစ်လို့လဲ၊ သံမဏိဘုန်းကြီးက ကျုပ်ကိုမလိုတော့ဘူးလား"

ရှာချောင်က သူ့အား အံ့အားသင့်စွာကြည့်ပြီး ....

"သံမဏိအကြောင်း ခင်ဗျားတို့မသိသေးဘူးလား"

ဝါဝါဘုန်းကမဲ့လိုက်သည်။

"သူ့အကြောင်းသိလို့ အခုကျုပ်တို့သူ့ကိုလိုက်ရှာနေတာပေါ့"

ဝါဝါဘုန်း၏စကားကြောင့် ....

ရှာချောင်နှင့်မူစန်းလင်တို့မှာ ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။ သူတို့သည် ထွန်းယို့အားတစ်လှည့် ဝါဝါဘုန်းအားတစ်လှည့် အတန်ကြာအကဲခတ်ပြီးနောက် တဟားဟားရယ်မောလိုက်လေသည်။

"ခင်ဗျားတို့ သူ့ကိုတွေ့နိုင်ပါတယ်ဗျာ၊ ဟား .... ဟား ...."

ထွန်းယို့သည် စိတ်အားတက်ကြွလာသည်။

"ဟာ .... ဒီလိုဆို ကျုပ်တို့ကိုလိုက်ပို့ပါ။ ကျုပ်သူ့ကိုသိပ်တွေ့ချင်နေတယ်"

မူစန်းလင်က ရယ်မောလိုက်သည်။

သူ၏ရယ်မောပုံမှာ ထူးခြားနေလေသည်။

ဝါဝါဘုန်းက မူစန်းလင်အားမျက်မှောင်ကုပ်၍ကြည့်ရင်း ....

"ခင်ဗျား ဘာဖြစ်လို့ ဒီလောက်ရယ်ချင်နေတာလဲ၊ ဘာများရယ်စရာတွေ့ထားလို့လဲ"

မူစန်းလင်သည် ရယ်မောရာမှ ရပ်လိုက်သည်။ သူ၏မျက်နှာသည် တစ်မုဟုတ်ချင်းတည်ငြိမ်သွားပြန်လေသည်။ သူသည် ထွန်းယို့နှင့်ဝါဝါဘုန်းအား စေ့စေ့ကြည့်လိုက်ပြီး ....



"သံမဏိဘုန်းကြီးကို ခင်ဗျားတို့တွေ့ရမှာပါ၊ ဒါပေမဲ့ သူက စကားမပြောနိုင်တော့ဘူးဗျ"

"ဗျာ ...."

ဝါဝါဘုန်းနှင့်ထွန်းယို့တို့ထံမှ ပြိုင်တူထွက်ပေါ်လာကြသော အာမေဍိတ်သံဖြစ်လေသည်။ သူတို့သည် မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် အတန်ကြာမင်တက်မိသွားလေသည်။

ထို့နောက် ရှာချောင်ကထပ်မံရှင်းပြလိုက်သည်။

"သံမဏိဘုန်းကြီးအသတ်ခံလိုက်ရတယ်"

ထွန်းယို့သည် မိမိ၏သဲလွန်စတစ်ခုပျောက်ဆုံးသွားသဖြင့် စိတ်ပျက်သွားလေသည်။

"သူ့ဘယ်တုန်းကအသတ်ခံလိုက်ရတာလဲဗျ"

သူ၏အသံသည် အားပျော့လျက်ရှိသည်။

ရှာချောင်ကပင် အဖြေပေးလိုက်သည်။

"မနေ့ညက ...."

* * *

ည ....

လသာသောညဖြစ်ပါသည်။ ဟန်ကျူးမြို့၏ အနောက်ဘက်သို့ထွက်ရာလမ်းမပေါ်တွင် ထွားကျိုင်းတုတ်ခိုင်သောကိုယ်လုံးရှိသည့် လူတစ်ယောက်သည် ခြေလှမ်းယိမ်းယိုင်ကာ လျှောက်လာနေလေသည်။

ညဉ့်နက်လှသဖြင့် လမ်းမပေါ်တစ်ခုလုံးမှာ လူသူကင်းရှင်း၍နေသည်။ ထိုလူသည် အရက်မူးနေသောသံမဏိဘုန်းကြီးပင်ဖြစ်ပါသည်။ သူသည် လက်တစ်ဖက်ဖြင့် အရက်ဗူးပိုက်ကာ တောင်မှမြောက်သို့ ဦးတည်၍လျှောက်သွားနေသည်။

လရောင်အောက်ဝယ် သူ၏အရိပ်သည် အုတ်များခင်းထားသောလမ်းမပေါ်တွင် ကျရောက်နေလေသည်။

ရုတ်တရက် .... အုတ်လမ်းမပေါ်ရှိအရိပ်သည် နှစ်ခုဖြစ်လာလေသည်။ သံမဏိဘုန်းကြီးသည် အရက်အလွန်အကျွံမူးရစ်နေပြီဖြစ်သော်လည်း မသိစိတ်က ချက်ချင်း သူ့အား ရန်သူလာနေပြီဟုသတိပေးလိုက်လေသည်။

သူသည် ချာခနဲနောက်သို့လှည့်လိုက်သည်။

သူနှင့်လက်တစ်ကမ်းအကွာတွင် လူတစ်ယောက်ရပ်လျက်ရှိနေ၏။ ထိုလူသည် မျက်လုံးနှစ်လုံးမှအပ တစ်ကိုယ်လုံးအနက်ရောင်များဝတ်ဆင်ထားသည်။



"ဟော့ .... ဘယ်သူလဲ"

သူသည် ဤသို့မေးရင်း ခါး၌ချိတ်ထားသောဓားကိုဆွဲထုတ်လိုက်လေသည်။ ထိုလူသည် မလှုပ်မယှက်ရပ်လျက်နေ၏။

သူ့လက်ထဲတွင် ဝါးတံတစ်ချောင်းရှိနေသည်။

သံမဏိဘုန်းကြီးသည် ဤသို့မေးရင်းထိုလူ၏အင်္ကျီရင်ဘတ်ပေါ်တွင် နဂါးစိမ်းရုပ်တစ်ခုတွေ့လိုက်ရသဖြင့် စိတ်ထဲထိတ်ခနဲဖြစ်သွားလေသည်။ သူသောက်ထားသောအရက်များလည်း တစ်မုဟုတ်ချင်းပြေသွားလေတော့သည်။

"မင်းဘယ်သူလဲ၊ ဘာကိစ္စလဲ"

သူသည် လာသူမှာ နဂါးစိမ်းဂိုဏ်းကမှန်းသိနေသော်လည်း ဟန်ကိုယ့်ဖို့ဟူသောသဘောဖြင့် မေးလိုက်ခြင်းဖြစ်သည်။

ထိုလူသည် စကားတစ်လုံးမျှမပြောပါ။

သူ့ထံသို့သာ တစ်လှမ်းချင်းချဉ်းကပ်လာနေလေသည်။

"ကဲကွာ ...."

သံမဏိဘုန်းကြီး စိတ်မရှည်နိုင်တော့ပါ။ သူသည် ဤသို့ပြောရင်း ဓားရှည်ကိုဝှေ့ယမ်းကာ ထိုလူ၏ရင်ဝဆီသို့ထိုးသွင်းလိုက်လေတော့သည်။

ထိုလူသည် ရုတ်တရက် နောက်သို့ တစ်ပတ်ကျွမ်းပစ်ကာ သံမဏိဘုန်းကြီး၏ဓားချက်အား ရှောင်တိမ်းလိုက်လေသည်။

ထိုအခါ ထိုလူနှင့်သံမဏိဘုန်းကြီးတို့သည် ဝါးတစ်ရိုက်ခန့် အကွာအဝေးတွင်ရှိနေလေသည်။ ထိုလူသည် ဝါးတံအား တစ်ချက်ဝှေ့ယမ်းလိုက်သည်။ လရောင်အောက်ဝယ် ရွှေရောင်ကလေးတစ်ချက် လက်ခနဲထွက်ပေါ်လာသည်။

"အား ...."

ဟူသောအသံတစ်ချက်သည် တိတ်ဆိတ်သောဝန်းကျင်တစ်ခွင်သို့ ပဲ့တင်ထပ်သွားလေတော့သည်။

သံမဏိဘုန်းကြီးသည် ဓားလွှတ်ချလိုက်ပြီး လက်နှစ်ဖက်ဖြင့် ရင်ဝကိုအုပ်ကာ ရှေ့သို့တဖြေးဖြေးခွေ၍လဲကျသွားလေတော့သည်။

* * *



သံမဏိဘုန်းကြီးသည် လူထွက်ထားသည်ဖြစ်သော်လည်း ဟုန်လင်ဘုန်းကြီးကျောင်းက သူ့အလောင်းအား သင်္ဂြိုဟ်ရန်လက်ခံထားလေသည်။

အသုဘကိစ္စများကို လူကောက်က တာဝန်ယူထားသည်။

ရက်အနည်းငယ်အတွင်း လူကောက်အဖို့ သားလည်းဆုံး၊ မိတ်ဆွေလည်းဆုံးသည့်အဖြစ်မျိုးကြုံလိုက်ရသဖြင့် သူ၏ချောင်းဆိုးရောဂါသည် ပို၍ပြင်းထန်လာလေတော့သည်။

သံမဏိဘုန်းကြီးအလောင်းကို ဟုန်လင်ဘုန်းကြီးကျောင်း အနောက်ဘက်ရှိမြေကွက်လပ်တွင် မီးသင်္ဂြိုဟ်နေ၏။

နေရောင်ခြည်များသည် ဖောမိပင်၏ထူထပ်သောအရွက်များကြားမှထိုးဖောက်လာသောကြောင့် အနည်းငယ်မှောင်နေ၏။

ထွန်းယို့တို့သည် မီးတောက်မီးလျှံများကိုကြည့်၍ငေးနေမိလေသည်။ အတန်ကြာတိတ်ဆိတ်နေရာမှ ဝါဝါဘုန်းက မနေနိုင်ဘဲ စတင်မေးခွန်းထုတ်လိုက်မိသည်။

"သံမဏိဘုန်းကြီးကိုသတ်တဲ့တရားခံ ဘယ်သူလဲ"

မူစန်းလင် ခေါင်းခါပြလိုက်သည်။

လူကောက်သည် ရွှေရောင်လက်နေသော အရာတစ်ခုကမ်းပေးလိုက်သည်။ ထွန်းယို့ လှမ်းယူပြီးကြည့်လိုက်သောအခါ သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် တောင့်တင်းသွားလေတော့သည်။

အကြောင်းမှာ .... လူကောက်လှမ်းပေးလိုက်သောအရာမှာ ငါးမျှားချိတ်ငယ်တစ်ခုဖြစ်နေသည်ကိုတွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

"ဒီငါးမျှားချိတ် ဘယ်ကရလာတာလဲ"

ထွန်းယို့ကမေးလိုက်သည်။

"သံမဏိဘုန်းကြီးရဲ့ရင်ဝမှာ တွေ့ခဲ့လို့ ကျုပ်ထုတ်ယူထားလိုက်တာပါ"

လူကောက်၏စကားကြောင့် ထွန်းယို့က ဆိတ်ငြိမ်သွားပြန်လေသည်။ သူကယ်တင်ခဲ့သောလုလင်သည် ဤငါးမျှားချိတ်မျိုးဖြင့် ဒဏ်ရာရခဲ့သည်။

ယခု .... သံမဏိဘုန်းကြီးမှာလည်း ဤငါးမျှားချိတ်မျိုးဖြင့် အသက်သေဆုံးခဲ့သည်။ ဤသို့ဆိုလျှင် ထိုအမည်မသိသောလုလင်နှင့် သံမဏိဘုန်းကြီးအားတိုက်ခိုက်လုပ်ကြံသောလူသည် တစ်ယောက်တည်းသာဖြစ်ရပေမည်။

သူကား မည်သူဖြစ်နိုင်သနည်း။

အခြေအနေအရ ယခုရှိနေသောလူများထဲမှာပင် သံသယဖြစ်ဖွယ်ရာရှိလာလေသည်။ မူစန်းလင်လော။ ရှာချောင်လော။

လူကောက်လော။

သူသည်တွေးလေ ခေါင်းရှုပ်လေဖြစ်လာသဖြင့် အတွေးရပ်



လိုက်ရလေသည်။ သို့သော် မူစန်းလင်က သူတို့အား စတင်စစ်ဆေးမေးမြန်းလေတော့သည်။

"ခင်ဗျားတို့ မနေ့ညကဘယ်မှာရှိသလဲ"

ဝါဝါဘုန်းကကြားဖြတ်လိုက်ပြီး ....

"ကျုပ်နဲ့သူ အတူရှိတယ်"

"ဘယ်မှာနေကြသလဲ"

ထွန်းယို့ကဖြေလိုက်သည်။

"သံမဏိဘုန်းကြီးနေတဲ့အိမ်မှာ"

"ဟိုမှာဘယ်သူရှိသေးသလဲ"

"ဘယ်သူမှမရှိတော့ဘူး၊ သူတို့ပစ္စည်းတွေအားလုံး ပြောင်းရွှေ့သွားပြီ"

မူစန်းလင်က ဝါဝါဘုန်းနှင့်ထွန်းယို့အား တစ်လှည့်စီကြည့်လိုက်ပြီး ....

"ခင်ဗျားတို့နှစ်ယောက်ထဲပဲလား"

ဝါဝါဘုန်း မျက်နှာနီမြန်းသွားသည်။

"မဟုတ်ပါဘူး၊ လူစိမ်းတစ်ယောက်ရှိသေးတယ်"

မူစန်းလင် မျက်မှောင်ကုပ်သွားသည်။

"သူစိမ်းဟုတ်လား၊ သူဘယ်ကလဲ"

ထွန်းယို့က ပခုံးတစ်ချက်တွန့်ပြလိုက်ပြီး ....

"မသိဘူးဗျ၊ ဒါပေမယ့် သူကတော့ သံမဏိဘုန်းကြီးကိုသတ်နိုင်တဲ့အရည်အချင်းမရှိဘူးဆိုတာ ကျုပ်ပြောရဲတယ်"

မူစန်းလင်က လူကောက်အား မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီး ....

"ကဲ .... ဒါဖြင့် ခင်ဗျားတို့သွားလိုရာသွားနိုင်ပါပြီ"

ထွန်းယို့ကခေါင်းခါလိုက်သည်။

"ကျုပ်မသွားနိုင်သေးဘူးဗျ"

မူစန်းလင်၏မျက်လုံးကျယ်သွား၏။

"ဘာဖြစ်လို့လဲ"

"ဒီလူသတ်တရားခံမပေါ်မချင်း ကျုပ်မှာတာဝန်ရှိနေသေးတယ်ဗျ"

လူကောက် ချောင်းတစ်ချက်ဟန့်လိုက်သည်။

သူသည် ပိုးပဝါဖြင့်ပါးစပ်သုတ်ကာ ....

"မိတ်ဆွေ ကျုပ်တို့အားလုံးက ခင်ဗျားကိုယုံကြည်ပါတယ်၊ ခင်ဗျားသွားစရာရှိတာသာ သွားပေတော့"

ထွန်းယို့ကခေါင်းခါလိုက်သည်။

"ကျုပ် တရားခံမပေါ်မချင်း ဘယ်တော့မှမသွားဘူး"

သူ၏အသံသည် ပြတ်သားလှပေသည်။

မူစန်းလင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ....



"ခင်ဗျား တရားခံကိုဖော်ထုတ်ဖို့ကြိုးစားမယ်ဆိုပါတော့"

ထွန်းယို့က ခေါင်းညိတ်ပြလိုက်၏။

လူကောက်က ချောင်းတစ်ချက်ဟန့်လိုက်ပြန်သည်။

"ခင်ဗျားတွေးထင်တဲ့လူသတ်ကောင်များ ရှိနေသလား"

ထွန်းယို့ကခေါင်းညိတ်ပြလိုက်ပြီး ....

"ဟုတ်တယ်၊ တစ်ကောင်ရှိတယ်"

မူစန်းလင် မျက်မှောင်ကုပ်သွားပြန်သည်။

"ခင်ဗျားက ဘာကောင်ကိုပြောတာလဲ"

ထွန်းယို့ကပြုံးလိုက်ပြီး အသံခပ်အုပ်အုပ်ဖြင့် ....

"ကျုပ်ပြောတဲ့အကောင်ကနဂါးဗျ၊ နဂါးမှနဂါးစိမ်းဗျ"

မူစန်းလင် မျက်နှာကွက်ခနဲပျက်သွားသည်။

"နဂါးစိမ်း .... နဂါးစိမ်းဂိုဏ်းပဲဟုတ်လား"

ထွန်းယို့ကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ နဂါးစိမ်းဂိုဏ်း"

နဂါးစိမ်းဂိုဏ်းဟုကြားလိုက်ရုံဖြင့် လူကောက်နှင့်မူစန်းလင်တို့ပင် မျက်စိမျက်နှာပျက်သွားကြလေသည်။

ကြောက်ရွံ့ထိတ်လန့်သွားကြလေသည်။

ယခင့်ယခင်က ဤမျှကြောက်မက်ဖွယ်ရာလျှို့ဝှက်သောအဖွဲ့အစည်းမျိုး တစ်ကြိမ်တစ်ခါမျှမပေါ်ပေါက်ခဲ့ဖူးပေ။

နဂါးစိမ်းဂိုဏ်းသည် အမည်နှင့်လိုက်အောင်နဂါးနှင့် တူလှ၏။ နဂါးဟူသည် ပုံပြင်မှလည်းကောင်း၊ ဒဏ္ဍာရီမှလည်းကောင်း ကြားဖူးကြလေသည်။ မြင်တွေ့ဖူးသူကား လုံးဝမရှိပါပေ။

နဂါးသည် မည်သို့ပုံသဏ္ဌာန်ရှိပြီး မည်မျှအရွယ်ရှိပါသနည်း။

မည်သူမျှမသိပါချေ။

သို့သော် .... နဂါးဟူသောသတ္တဝါမှာ အမှန်ရှိနေသည်ဟု အများကယုံကြည်ကြလေသည်။

ထိုနည်းတူစွာ နဂါးစိမ်းဂိုဏ်းအား မည်သူမှမတွေ့ဘူးမမြင်ဘူးခဲ့ပေ။ သို့သော် .... နဂါးစိမ်းဂိုဏ်းအဖွဲ့အစည်းတစ်ခုရှိနေသည် ဟုကား အားလုံးကလက်ခံကြသည်။

နဂါးစိမ်းဂိုဏ်းသည် အင်မတန်လျှို့ဝှက်ပြီး သြဇာအာဏာ အလွန်ကြီးထွားသည်ဟုလည်းယုံကြည်ကြသည်။

အထူးသဖြင့် ဤဘက်နှစ်အနည်းငယ်အတွင်းမှာ နဂါးစိမ်းဂိုဏ်းပြုလုပ်ခဲ့သောမှုခင်းကိစ္စရပ်များသည် မရေမတွက်နိုင်လောက်အောင်များပြားခဲ့သည်။ နဂါးစိမ်းဂိုဏ်းနှင့် ဘက်ပြန်အံတု၍ အသက်စည်းစိမ်ဆုံးရှုံးခဲ့သူများမှာ များစွာရှိခဲ့ဖူးသည်မဟုတ်ပါလော။

*ပထမပိုင်းပြီး၏။*

*ဒုတိယပိုင်း(စာတ်သိမ်း)ဆက်လက်ဖတ်ရှုပါရန်။*